# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက် ၂၀၂၁ ခုနှစ်၊ ဧပြီ ၇ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၀)၊ အမှတ် (၁၈၉)


# ပညာရေး၊ ကျန်းမာရေးနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍမြှင့်တင်ပေးနိုင်ရန် ဆရာ ဆရာမများကို အရည်အချင်းနှင့်အညီ ခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးရမည် ဆရာဝန်များလည်းအလားတူဖြစ်ပြီး ဝန်ထမ်းများကိုလည်း သင့်လျော်သည့် ခံစားခွင့်ရအောင် ဆောင်ရွက်ပေးရမည်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

သတင်းစဉ်

နေပြည်တော် ဧပြီ ၆

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး သဘင်ဆောင်၌ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများအား တွေ့ဆုံအမှာစကား ပြောကြားသည်။


စာမျက်နှာ ၃ ကော်လံ ၁


**"ပြည်သူလူထုအနေဖြင့် NLD ပါတီအပေါ် မျှော်လင့်ခဲ့သော်လည်း ဘာသာရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အလွဲအမှားများကြောင့် ဗုဒ္ဓဘာသာနှင့်ပတ်သက်ပြီး မိမိတို့ နိုင်ငံတွင် ၈၀ ရာခိုင်နှုန်းကျော်ရှိသည့် ဗုဒ္ဓဘာသာဝင်များ စိတ်နှလုံးမအေးချမ်းမှုများဖြစ်ခဲ့ရ၊ သို့သော်လည်း မိမိတို့ တပ်မတော်အနေဖြင့် ရွေးကောက်ပွဲရလဒ်ဖြင့် ဖြစ်ပေါ်လာသည့် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခဲ့၊ ရွေးကောက်ပွဲအပြီးတွင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ပါတီခေါင်းဆောင်များက အာဏာလွှဲပြောင်းရေးကိစ္စနှင့်ပတ်သက်၍ မိမိနှင့်တွေ့ဆုံဆွေးနွေးခဲ့၊ ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် မိမိအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီသာ ဆောင်ရွက်ရန် ပြောကြားခဲ့"**


အမှန်တရားအချို့ဟာ ခါးနေနိုင်ပါတယ် — ဆောင်းပါး စာ ၆

တရုတ်နိုင်ငံမှ ရောက်ရှိလာသော ကာကွယ်ဆေးများဖြင့် နီပေါနိုင်ငံတွင် ကာကွယ်ဆေးထိုးမှု ပြန်လည်စတင်တော့မည် — နိုင်ငံတကာသတင်း စာ ၁၃

ဒီမိုကရေစီအရေခြုံ မျက်လှည့်ပွဲ — ဆောင်းပါး စာ ၂၀

မြန်မာ့အလင်း

# ဒီမိုကရေစီ အဖျက်သမား ရွေးချယ်တင်မြှောက်မိလေသလား

"စစ်ဘက်မှ အာဏာသိမ်းမှု သို့မဟုတ် တော်လှန်ပုန်ကန်မှု တစ်ခုခုကြောင့်မဟုတ်ဘဲ မိမိတို့ကိုယ်တိုင် ရွေးကောက်တင်မြှောက်ခဲ့သည့် အစိုးရလက်ထဲမှာပင် ဒီမိုကရေစီကို ဆုံးရှုံး၍ နိဂုံးချုပ်သွားစေနိုင်သည်။"

အမေရိကန်ပြည်ထောင်စု ဟားဗတ်တက္ကသိုလ်မှ ပါမောက္ခများဖြစ်ကြသည့် စတီဗင်လီဗစ်စကီနှင့် ဒန်နီယယ်ဇစ်ဘလက်တို့နှစ်ဦးက ဥရောပနှင့် လက်တင်အမေရိကရှိ နိုင်ငံများတွင် ဒီမိုကရေစီစနစ်များ ကျဆုံးခဲ့ရခြင်းနှင့်စပ်လျဉ်း၍ နှစ်ပေါင်း ၂၀ ကျော်ကြာအောင် လေ့လာသုတေသနပြုခဲ့ကြသည်။ ဆယ်စုနှစ်များနှင့်ချီ၍ လေ့လာသမှုပြုခဲ့ကြရာတွင် ၁၉၃၀ ပြည့်လွန်နှစ်များအတွင်းက ဥရောပနိုင်ငံများမှသည် မျက်မှောက်ခေတ် ဟန်ဂေရီ၊ တူရကီ၊ ဗင်နီဇွဲလားတို့အထိ သမိုင်းကြောင်းအရရော၊ နိုင်ငံတကာ စံနမူနာများအရပါ ကျယ်ကျယ်ပြန့်ပြန့် သုတေသနပြုခဲ့ကြခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံတွင် သမ္မတဒေါ်နယ်ထရမ့်လက်ထက် ပြည်သူလူထုအတွင်း သူတို့ဘယ်တုန်းကမှ အတွေးမပေါ်ခဲ့ဖူးသည့် မေးခွန်းတစ်ခု ထွက်ပေါ်လာခဲ့သည်။ ယင်းမေးခွန်းမှာ ငါတို့၏ ဒီမိုကရေစီ အန္တရာယ်ကျရောက်နေပြီလား ဟူ၍။ ဒီမိုကရေစီစနစ် ကျဆုံးပုံများကို နှစ်ပေါင်း ၂၀ ကျော်ကြာ လေ့လာခဲ့ကြသည့် ဟားဗတ်တက္ကသိုလ် ပါမောက္ခနှစ်ဦးက "အင်း "ဟူ၍သာ ဖြေခဲ့ကြသည်။ သမ္မတ ထရမ့်၏ လက်ထက် အမေရိကန်ပြည်ထောင်စုတွင် ဒီမိုကရေစီစနစ်သည် အန္တရာယ်နှင့် ရင်ဆိုင်နေရပြီဟူ၍ သူတို့ နှစ်ဦးက ယုံကြည်ထားကြသည်။

ကမ္ဘာပေါ်တွင် ဒီမိုကရေစီစနစ်များ ကျဆုံးရခြင်းသည် စစ်ဘက်မှ အာဏာသိမ်းမှု၊ လက်နက်ကိုင်အကြမ်းဖက်မှုကြောင့် ဖြစ်သည်ဟု ရှုမြင်လေ့ရှိကြသည်။ အာရှ၊ အာဖရိက၊ တောင်အမေရိကနိုင်ငံများတွင် ဖြစ်ပေါ်ခဲ့သည့် ဒီမိုကရက်တစ် ကပ်ဆိုက်မှုများတွင် ယင်းနမူနာများကို ထင်ထင်ရှားရှား မြင်တွေ့နိုင်သည်။ သို့ရာတွင် အကြမ်းဖက်မှု၊ အကျပ်ကိုင်မှုနှင့် လက်နက်တစ်စုံတစ်ရာမပါဘဲ ဖြည်းဖြည်းညင်သာသိမ်မွေ့စွာ ဒီမိုကရေစီစနစ်ဆုံးရှုံးသွားခြင်းများလည်း ရှိနေသည်။ တဖြည်းဖြည်းချင်း ညင်ညင်သာသာဖြစ်သောကြောင့် ဒီမိုကရေစီတစ်စတစ်စ ပျက်စီးနေသည်ကို မသိမမြင်နိုင်ကြ။ ဒီမိုကရေစီကို ပျက်စီးအောင် မသိမသာဖျက်ဆီးနေသူမှာ စစ်ဘက်မှ စစ်ခေါင်းဆောင်များနှင့် တပ်ဖွဲ့ဝင်များမဟုတ်ဘဲ ပြည်သူလူထုကိုယ်တိုင်က ရွေးချယ်တင်မြှောက်လိုက်သည့် နိုင်ငံရေးသမားများ၏ အစိုးရကိုယ်တိုင်ပင်ဖြစ်သည်။ သူတို့သည် ဖက်ဆစ်ဝါဒီ၊ ကွန်မြူနစ်ဝါဒီ၊ စစ်ဝါဒီများမဟုတ်ဘဲ ရွေးကောက်ပွဲများမှတက်လာသည့် ပြည်သူ့အစိုးရများဖြစ်ပြီး ၎င်းတို့အာဏာရရှိလာချိန်တွင် ဖုံးကွယ်သောနည်းလမ်း၊ လှည့်ဖြားသောနည်းလမ်းတို့ဖြင့် ဒီမိုကရေစီစနစ်ကို ဖျက်ဆီးကြခြင်းဖြစ်သည်။ အကြမ်းပတမ်းသတ်ဖြတ်သည့် နည်းလမ်းဖြစ်စေ၊ ညင်ညင်သာသာ သတ်ဖြတ်သည့် နည်းလမ်းဖြစ်စေ နောက်ဆုံးရလဒ်မှာ အသက်သေဆုံးရသကဲ့သို့ပင် စစ်အာဏာသိမ်းခြင်း၊ တော်လှန်ပုန်ကန်ခြင်းမဟုတ်ဘဲ တရားဥပဒေရေးရာများ၊ သတင်းမီဒီယာများကဲ့သို့သော အရေးပါသည့် အင်စတီကျူးရှင်းများ တစ်စတစ်စ အားနည်းယုတ်လျော့လာခြင်း၊ ကာလရှည်ကြာတည်ရှိခဲ့သည့် နိုင်ငံရေးဆိုင်ရာစံနှုန်းများ တဖြည်းဖြည်းတိုက်စားခံရခြင်းတို့က ပြည်သူ့အစိုးရကိုယ်တိုင်က ဒီမိုကရေစီကို ဖျက်ဆီးသည့် နည်းလမ်းများဖြစ်သည်။ "အမေရိကန်လွှန်ကမ္ဘာ" စာအုပ်ကို ရေးသားခဲ့သူ ဖာရိဒ်ဇာကရီးယားကမူ ၎င်းနည်းလမ်းကို "တရားဥပဒေနှင့်အညီ ဒီမိုကရေစီကို အောက်ခြေမှ လိုက်စားဖျက်ဆီးသည့် နည်းလမ်း" ဟူ၍ သမုတ်ခဲ့သည်။

အမေရိကန်ကဲ့သို့သော ရာစုနှစ်များနှင့်ချီသည့် ကမ္ဘာ့ထိပ်တန်းဒီမိုကရေစီနိုင်ငံကြီးသည်ပင်လျှင် ရွေးကောက်တင်မြှောက်လိုက်သည့် နိုင်ငံရေးခေါင်းဆောင်တစ်ဦး၊ အစိုးရတစ်ရပ်တို့ကြောင့် ဒီမိုကရေစီအန္တရာယ်ကျရောက်ခဲ့ရသည့် အဖြစ်မှာ မိမိတို့ကဲ့သို့သော ဆယ်နှစ်သားအရွယ် ဒီမိုကရေစီနိုင်ငံငယ်အဖို့ သင်ခန်းစာယူဖွယ် သတိမူဖွယ်အဖြစ် မျှဝေအပ်ပါကြောင်း။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် မေ ၆

မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်ပါသည်။

မေ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည် ဖြစ်ပါသည်။

မေ ၁၆၊ ၁၇၊ ၁၈၊ ၁၉ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ခေတ္တရပ်နားသွားမည် ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ဗုဒ္ဓဟူးနေ့)တိုင်း ရခိုင်ဘာသာဖြင့် ထုတ်ဝေသည့် ရွှေပြည်ရခိုင်ပုံရိပ်အချပ်ပိုကို မေ ၁၄ ရက်နေ့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက် (တောင်ကြီး) မှ (ကြာသပတေးနေ့)တိုင်း ထုတ်ဝေသည့် ရှမ်းဘာသာတိုင်းရင်းသားကဏ္ဍအချပ်ပိုကို မေ ၁၅ ရက်နေ့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက် (မော်လမြိုင်) မှ (တနင်္ဂနွေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်းတိုင်းရင်းသားဘာသာအချပ်ပိုကို မေ ၁၈ ရက်နေ့တွင်လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး မေ ၂၀ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

# ကျောက်တံခါးမြို့နယ်အတွင်းရှိ ကွန်ကရစ်နှင့် ကျောက်ရောမြေခင်းခြင်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ပဲခူး မေ ၆

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် တာဝန်ရှိသူများ ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်းရှိ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်း ကွန်ကရစ်နှင့် ကျောက်ရောမြေခင်းခြင်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးကြသည်။

ရှေးဦးစွာ ခေတ္တ မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့သည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ငွေကျပ်သိန်း ၁၀၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် နိုလို ကျေးရွာသို့ သွားရောက်ပြီး ကျေးရွာတွင်း လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နေမှုကို လည်းကောင်း၊ မိချောင်းအိုင် ကျေးရွာတွင် ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် အညီ ဆောင်ရွက်ရန်၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း ကော်မတီဝင်များကိုလည်း အချင်းချင်း စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရန် ပြောကြားကြောင်း သိရသည်။ တင်စိုး(ပဲခူး)

# "နိုင်ငံရေးတွင် စစ်မှန်ရိုးသားသည့် နိုင်ငံရေး၊ တရားမျှတမှုရှိသည့် နိုင်ငံရေးကိုသာ ဆောင်ရွက်ရန် ၂၀၁၈ ခုနှစ် တတိယအကြိမ် NCA နှစ်ပတ်လည် အထူးအစည်းအဝေးတွင် စတင်ပြောကြားခဲ့၊ နောင်ကျင်းပသည့် အစည်းအဝေးများ၊ တွေ့ဆုံပွဲများ၌လည်း လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ရိုးသားသည့် နိုင်ငံရေး ဖြစ်စေရေး၊ နိုင်ငံရေး လက်စားချေမှုမျိုး မဆောင်ရွက်စေရေး ပြောကြားခဲ့၊ ၂၀၂၀ ခုနှစ်တွင် COVID -19 ရောဂါဖြစ်ပွားခဲ့"

❒ ရှေ့ဖုံးမှ

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးရွှေကြိမ်၊ အတွင်းရေးမှူးဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသန်းကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## နိုင်ငံတော်တာဝန်ကို ရယူခဲ့

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံအား အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်၏တာဝန်ကို ရယူခဲ့ရမှု၊ လက်ရှိဆောင်ရွက်နေမှုအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့်အခြေအနေတို့နှင့် စပ်လျဉ်း၍ ပြောကြားလိုကြောင်း၊ နိုင်ငံတော်၏ တာဝန်ကိုရယူခဲ့ရမှုနှင့်စပ်လျဉ်း၍ ပြောကြားရာတွင် ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ ဖြစ်ပေါ်ခဲ့သော မဲမသမာမှုဖြစ်စဉ် ဖြစ်ပွားခဲ့မှုကြောင့် အခြေခံ၍ နိုင်ငံတော်တာဝန်ကို ရယူခဲ့ရခြင်းဖြစ်ကြောင်း။

## တာဝန်ကို ပေးအပ် နေရာပေးခဲ့

မိမိတို့နိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် အထွေထွေရွေးကောက်ပွဲများ ကျင်းပခဲ့ကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ပြည်ခိုင်ဖြိုးပါတီက အနိုင်ရရှိခဲ့ကြောင်း၊ အဆိုပါရွေးကောက်ပွဲသည် မိမိတို့နိုင်ငံအတွက် ပထမဆုံး အတွေ့အကြုံဖြစ်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအနေဖြင့် အဓိကအတိုက်အခံပါတီကြီးများ မရှိသည့်အတွက် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအချိန်တွင် NLD ပါတီအနေဖြင့် အတိုက်အခံပါတီအနေဖြင့် ရပ်တည်ခဲ့သော်လည်း သပိတ်မှောက်၍ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိခဲ့ကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် အနိုင်ရခဲ့သည့် ပါတီအနေဖြင့် အစိုးရဖွဲ့ပြီးနောက်ပိုင်း ဒီမိုကရေစီစနစ်တွင် ပါတီစုံပါဝင်နိုင်ရေးအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၆(ဂ)ကို ပြင်ဆင်ပေးခဲ့ပြီး ပုဒ်မ ၁၀ (င)ကို ပယ်ဖျက်ပေးခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် NLD ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အနိုင်ရခဲ့သည့်အတွက် ပါတီဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်အား လွှတ်တော်က ကော်မတီတစ်ခု၏ ဥက္ကဋ္ဌအဖြစ် တာဝန်ကိုပေးအပ်နေရာပေးခဲ့ကြောင်း။

## စိတ်နှလုံးမအေးချမ်းမှု များဖြစ်ခဲ့ရ

ထိုစဉ်က နိုင်ငံတော်သမ္မတဖြစ်သည့် ဦးသိန်းစိန်အနေဖြင့်လည်း တတ်နိုင်သမျှ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် နိုင်ငံတကာဆက်ဆံရေးကဏ္ဍများကို ကြိုးစားလုပ်ဆောင်ခဲ့ကြောင်း၊ သို့သော်လည်း ရင်ဆိုင်ရသည့်ပြဿနာများ ကြီးမားပါကြောင်း၊ လုံခြုံရေးအပိုင်းတွင် ရခိုင်ပြည်နယ်အရေးကိစ္စ၊ ရှမ်းပြည်(မြောက်ပိုင်း) လောက်ကိုင်အရေးကိစ္စ၊ ကချင်ပြည်နယ်တွင် လိုင်ဇာအရေးကိစ္စများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရွေးကောက်ပွဲရလဒ်ဖြင့် ပေါ်ပေါက်လာသည့် အစိုးရအပေါ် ပြည်သူလူထုအနေဖြင့် အားမလိုအားမရဖြစ်ခဲ့သည်ကို တွေ့ရကြောင်း၊ သို့ဖြစ်၍ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် NLD ပါတီသည် ပြောင်းလဲချိန်တန်ပြီဆိုသည့် ကြွေးကြော်သံဖြင့် စည်းရုံးဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ကြောင်း၊ ပြည်သူလူထုအနေဖြင့် NLD ပါတီအပေါ် မျှော်လင့်ခဲ့သော်လည်း ဘာသာရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အလွဲအမှားများကြောင့် ဗုဒ္ဓဘာသာနှင့်ပတ်သက်ပြီး မိမိတို့နိုင်ငံတွင် ၈၀ ရာခိုင်နှုန်းကျော်ရှိသည့် ဗုဒ္ဓဘာသာဝင်များ စိတ်နှလုံးမအေးချမ်းမှုများဖြစ်ခဲ့ရ ကြောင်း၊ သို့သော်လည်း မိမိတို့တပ်မတော်အနေဖြင့် ရွေးကောက်ပွဲရလဒ်ဖြင့် ဖြစ်ပေါ်လာသည့် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ရွေးကောက်ပွဲအပြီးတွင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ပါတီခေါင်းဆောင်များက အာဏာလွှဲပြောင်းရေးကိစ္စနှင့်ပတ်သက်၍ မိမိနှင့်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် မိမိအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီသာ ဆောင်ရွက်ရန် ပြောကြားခဲ့ကြောင်း။

## ငြိမ်းချမ်းရေးရရှိရန် အရေးကြီး

သို့သော်လည်း လွှတ်တော်ကျင်းပသည့်အခါ နိုင်ငံတော်အတိုင်ပင်ခံဥပဒေကို ပြဋ္ဌာန်းခဲ့ကြောင်း၊ ယင်းဥပဒေကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၇ ၏ ပေးထားချက်အပေါ် အခြေခံပြီး နိုင်ငံတော်အတိုင်ပင်ခံဥပဒေကို ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ ယင်းဥပဒေကို ပြဋ္ဌာန်းခြင်းမပြုရန် အကြံပြုပြောကြားခဲ့ကြောင်း၊ သို့သော်လည်း မိမိတို့ အနေဖြင့် ဒီမိုကရေစီစနစ်အရ အများဆန္ဒကို လိုက်လျောခဲ့ကြောင်း၊ နိုင်ငံတော်အတိုင်ပင်ခံဥပဒေပြဋ္ဌာန်းပြီးနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကို ခန့်အပ်၍ နိုင်ငံတော်အဆင့် ဝါစဉ်ထုတ်ပြန်သည့်အခါ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့ အကြားတွင် အဆင့်ထားရှိ ထုတ်ပြန်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သမ္မတနှင့် ဒုတိယသမ္မတများ၏ အရည်အချင်းသတ်မှတ်ချက်များ ရှိပြီးဖြစ်ကြောင်း၊ ယင်းမှာ ဥပဒေကို ကျော်လွန်၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ NLD ပါတီ အစိုးရတာဝန်ယူပြီး ၂ နှစ်၊ ၃ နှစ်ကြာသည့်အခါ ပြည်သူလူထုက အားမလိုအားမရဖြစ်လာသည်ကို တွေ့ရကြောင်း၊ ဒီမိုကရေစီစနစ်တွင် ငြိမ်းချမ်းရေးရရှိရန် အရေးကြီးကြောင်း၊ သမ္မတ ဦးသိန်းစိန်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းများကို ၂၀၁၁ ခုနှစ် ဩဂုတ်တွင် စတင်ဖိတ်ခေါ် ဆောင်ရွက်ခဲ့ရာ လေးနှစ်အကြာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် NCA ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း။

## စိတ်ရှည်သည်းခံပြီး ဆောင်ရွက်ရန်လို

NLD အစိုးရသည် ငြိမ်းချမ်းရေးဆောင်ရွက်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၌ လက်နက်ကိုင်တိုင်းရင်းသားတစ်ဖွဲ့ချင်းစီ၏ ဆောင်ရွက်မှု၊ သမိုင်းကြောင်း၊ အယူအဆများ မတူညီသည်ကို တွေ့ရကြောင်း၊ ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် စိတ်ရှည်သည်းခံပြီး ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ NLDပါတီ အစိုးရတာဝန်ယူခဲ့သည့်ကာလတွင် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်းအချို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့သော်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်မှုနှင့်ပတ်သက်၍ စိတ်ပျက်မှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ငြိမ်းချမ်းရေးတွင် ထင်သလောက် အောင်မြင်မှုမရှိခဲ့ကြောင်း။

## ရွေးကောက်ပွဲသည် အရေးကြီး

မိမိအနေဖြင့် ငြိမ်းချမ်းရေးသည် အရေးကြီးသော်လည်း စီးပွားရေးကဏ္ဍ တိုးတက်ကောင်းမွန်ပါက ငြိမ်းချမ်းရေးဖော်ဆောင်မှုတွင် ပိုမိုလျင်မြန်မှုရှိလာနိုင်မည်ဖြစ်သဖြင့် စီးပွားရေးကို ဦးစားပေးဆောင်ရွက်ရန် တိုက်တွန်းပြောကြားခဲ့ကြောင်း၊ NLD အစိုးရလက်ထက်တွင် နိုင်ငံတကာ အကူအညီအထောက်အပံ့များစွာ ရရှိခဲ့ကြောင်း၊ သို့သော်လည်း ဘဏ္ဍာနှစ်အလိုက် ပြည်ထောင်စုဘဏ္ဍာငွေနှင့် ကုန်သွယ်မှုလိုငွေများ နှစ်စဉ်ဖြစ်ပေါ်ခဲ့ကြောင်း၊ သို့ဖြစ်၍ ၂၀၁၈ ခုနှစ်တွင် ပြည်သူလူထုအနေဖြင့် No Vote လှုပ်ရှားမှုများကို ဆောင်ရွက်လာသည်ကို တွေ့ရကြောင်း၊ ဥပမာအနေဖြင့် ၂၀၁၉ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ၏ ၁၄ ရာခိုင်နှုန်းသာ မဲပေးခဲ့သည်ကို တွေ့ရကြောင်း၊ အချို့မြို့နယ်များတွင် ၄ ရာခိုင်နှုန်းခန့်သာ မဲပေးခဲ့သည်များရှိကြောင်း၊ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် တပ်မိသားစုများနှင့် တွေ့ဆုံသည့်အခါတိုင်း မဲပေးရန် တိုက်တွန်းပြောကြားခဲ့ကြောင်း၊ သတင်းထုတ်ပြန်၍ No Vote မလုပ်ရန် ပြည်သူလူထုအားလည်း အသိပေးခဲ့ကြောင်း။

## ကန့်သတ်မှုများ ဆောင်ရွက်ခဲ့

နိုင်ငံရေးတွင် စစ်မှန်ရိုးသားသည့် နိုင်ငံရေး၊ တရားမျှတမှုရှိသည့် နိုင်ငံရေးကိုသာ ဆောင်ရွက်ရန် ၂၀၁၈ ခုနှစ် တတိယအကြိမ် NCA နှစ်ပတ်လည် အထူးအစည်းအဝေးတွင် စတင်ပြောကြားခဲ့ကြောင်း၊ နောင်ကျင်းပသည့် အစည်းအဝေးများ၊ တွေ့ဆုံပွဲများ၌လည်း လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ရိုးသားသည့် နိုင်ငံရေးဖြစ်စေရေး၊ နိုင်ငံရေးလက်စားချေမှုမျိုး မဆောင်ရွက်စေရေး ပြောကြားခဲ့ကြောင်း၊ ၂၀၂၀ ခုနှစ်တွင် COVID -19 ရောဂါဖြစ်ပွားခဲ့ ကြောင်း၊ COVID -19 ရောဂါ ကြောင့် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ရန် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ခဲ့မှုပေါ် မိမိတို့အနေဖြင့် နားလည်ကြောင်း၊ သို့သော်လည်း အာဏာရပါတီ၏ စည်းမျဉ်းစည်းကမ်းချိုးဖောက်ပြီး မဲဆွယ်စည်းရုံးရေးဆောင်ရွက်မှုကို သက်ဆိုင်ရာ အဖွဲ့အစည်းများက မျက်နှာသာပေး ဆောင်ရွက်ခဲ့ပြီး အခြားနိုင်ငံရေးပါတီများကို ကန့်သတ်မှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းအချိန်တွင် အဓိကယှဉ်ပြိုင်ကြမည့် NLD ပါတီ၊ USDP ပါတီနှင့် UDP ပါတီတို့အနက် ကိုယ်စားလှယ် ၁၁၂၉ ဦး ဝင်ရောက်ယှဉ်ပြိုင်မည့် UDP ပါတီကို စစ်ဆေးမှုများဆောင်ရွက်ခဲ့ပြီး ဥပဒေနှင့်မညီသည့်အတွက် ဖျက်သိမ်းခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ရွေးကောက်ပွဲတွင် ပြည်သူများ လုံခြုံစိတ်ချစွာ မဲပေးနိုင်ရေးအတွက် လုံခြုံရေးကိစ္စများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ NLD ပါတီသည် ရွေးကောက်ပွဲအနိုင်ရရှိရေးအတွက် မဲမသမာမှုများ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မြို့နယ် ၃၁၅ မြို့နယ်တွင် မဲမသမာမှုဟုယူဆရသည့် အရေအတွက် ၁၀ သန်းကျော်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ မဲစာရင်းဖောင်းပွအောင် လုပ်မှုသည် ဆိုးရွားသည့် လုပ်ရပ်ဖြစ်ပြီး ရိုးရိုးသားသားဖြင့် လုပ်ဆောင်လျှင် မဲနိုင်မည်ဖြစ်သော်လည်း ရိုးရိုးဖြေပါက အောင်မြင်မည့်စာမေးပွဲကို မတန်တဆအမှတ်လိုချင်သဖြင့် မသမာသည့်နည်းဖြင့် လုပ်ဆောင်သည်နှင့်တူနေ ပါကြောင်း။

စာမျက်နှာ ၄ သို့

# “တစ်နိုင်ငံလုံး လူမှုစီးပွားဘဝ မြင့်တက်လာစေရေးအတွက် ဆင်းရဲချမ်းသာကွာဟမှု လျှော့ချရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်မှု ညီမျှအောင် ဆောင်ရွက်ရန်၊ မြို့ပြနှင့်ကျေးလက်ကွာဟမှု လျှော့ချရန်လို”

*စာမျက်နှာ ၃ မှ*

**ဆောင်ရွက်၍မရဟု အကြောင်းပြ**

ယင်းကိစ္စကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရှင်းလင်းပေးရန် ပြောကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးမှု မရှိခဲ့ကြောင်း၊ တပ်တွင်းမဲရုံများ ပြင်ပ၌ ထားရှိရန်ကိစ္စကိုလည်း မိမိအနေဖြင့် ချက်ချင်းသဘောတူခဲ့ကြောင်း၊ သို့သော်လည်း တပ်မဲရုံများပါဝင်သည့် မြို့နယ်၏ မဲစာရင်း အားကြည့်ရှုရန် တောင်းခံသည့်အခါ မပေးခဲ့ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အသစ်ဖွဲ့စည်းပြီးနောက် ယနေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုမှ မြို့နယ် ၉၈ မြို့နယ်တွင် မဲစာရင်းများ စစ်ဆေးဆောင်ရွက်ခဲ့ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်မဲစာရင်းနှင့် လဝကမဲစာရင်း ၄ သန်းလောက် ကွာခြားနေသည်ကို တွေ့ရကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲပေးထားသူ ၁ သန်းကျော်ရှိပြီး ၉၈ မြို့နယ်အတွင်း မဲလက်မှတ်များ ရေတွက်ကြည့်ချိန်တွင် ထုတ်ယူမှု ၁၄ သန်းကျော်ရှိသော်လည်း အသုံးပြုမှု ၉ သန်းကျော်ရှိကြောင်း၊ မဲလက်မှတ် ၅ သန်းကျော် ပျောက်ဆုံးနေသည်ကို တွေ့ရကြောင်း၊ တပ်မတော်မှ တွေ့ရှိခဲ့သည့် မဲမသမာမှုနှင့် စပ်လျဉ်း၍ ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အစည်းအဝေးကိုခေါ်ယူ၍ ဖြေရှင်းပေးရန် စာပို့ခဲ့သော်လည်း ဥပဒေအရ ဆောင်ရွက်၍မရဟု အကြောင်းပြခဲ့ကြောင်း၊ အဓိကမှာ လွှတ်တော်ကျင်းပမှုကို ရက်ရွှေ့ပေးရန် တတိယအဖွဲ့အစည်း တစ်ခုအပါအဝင် စစ်ဆေးရေးအဖွဲ့ဖြင့် မဲစာရင်း စစ်ဆေးရန် တောင်းဆိုခဲ့သော်လည်း လက်မခံခဲ့ပါကြောင်း၊ သို့ဖြစ်၍ ယာယီသမ္မတ၏ တာဝန်ပေးချက်အရ အရေးပေါ်အခြေအနေ ကြေညာပြီး နိုင်ငံတော်တာဝန်ကို ယူခဲ့ခြင်းသာဖြစ်ကြောင်း၊ အာဏာသိမ်းခြင်းမဟုတ်ကြောင်း၊ ခေတ္တတာဝန်ယူထိန်းသိမ်းခြင်းဖြစ်သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် အစိုးရအဖွဲ့တွင်လည်း အရပ်သားများဖြင့်သာ အများဆုံးဖွဲ့စည်းထားကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း အလားတူဖြစ်ကြောင်း၊ ခရိုင်အုပ်ချုပ်ရေး၊ မြို့နယ်အုပ်ချုပ်ရေးများတွင်လည်း အလားတူ တာဝန်ခွဲဝေပေးထားခြင်းဖြစ်ကြောင်း၊ **အစိုးရတစ်ရပ်ဆိုသည်မှာ နိုင်ငံတော်ကို ကောင်းမွန်အောင်နှင့် အာမခံချက်ပေးနိုင်အောင် လုပ်ဆောင်ရန်တာဝန်ရှိကြောင်း။**

**ဒီမိုကရေစီနည်းလမ်းအရသာ ဖြေရှင်း**

ဖေဖော်ဝါရီ ၃ ရက်ကစပြီး ဆန္ဒပြဖော်ထုတ်မှုများ ရှိခဲ့ကြောင်း၊ နောက်ပိုင်းတွင် ဆူပူမှု၊ အကြမ်းဖက်မှု၊ တိုက်ခိုက်မှု၊ လူသတ်မှု၊ လုယက်ဖျက်ဆီးမှု၊ မီးရှို့မှုများ လုပ်ဆောင်လာကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် ဒီမိုကရေစီနည်းလမ်းအရသာ ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း၊ ကျည်အစစ်ဖြင့် ပစ်ခတ်မှုမျိုးဆောင်ရွက်ခြင်းမပြုဘဲ ရော်ဘာကျည်ဖြင့်သာ ခြောက်လှန့်ပစ်ခတ်ခဲ့ကြောင်း၊ ဆူပူမှုအကြမ်းဖက်မှုဖြစ်စဉ်တွင် လုံခြုံရေးတာဝန်ထမ်းဆောင်သည့် ရဲတပ်ဖွဲ့ဝင် ၁၆ ဦး သေဆုံးပြီး ၂၆၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်းတို့သည် တိုင်းပြည်တရားဥပဒေစိုးမိုးရေးအတွက် တာဝန်ထမ်းဆောင်ရင်း သေဆုံး၊ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ဆူပူဆန္ဒပြသူ ၂၄၈ ဦး သေဆုံးခဲ့သည့်အတွက် သေမှုသေခင်းဖွင့်လှစ်ထားကြောင်း။

**တိုင်းပြည်ပျက်စီးအောင် ဆောင်ရွက်ခြင်းသာဖြစ်**

ဆန္ဒပြသူများထံမှ ပစ္စတိုသေနတ်၊ ဗုံးတူးတူး၊ လေသေနတ်၊ လက်ပစ်ဗုံး၊ လက်လုပ်ဗုံး၊ အခြားလက်နက်ပစ္စည်းတွေကို သုံးလာကြောင်း၊ ယင်းကို မီဒီယာများက အဖြစ်မှန်ကို မဖော်ပြဘဲ ရိုးရိုးသားသား ဆန္ဒပြမှုအဖြစ် ပုံဖော်နေကြောင်း၊ ပြည်တွင်းမီဒီယာများကို ထိန်းသိမ်းနိုင်သော်လည်း အွန်လိုင်းနှင့် နိုင်ငံတကာသတင်းများကို မထိန်းသိမ်းနိုင်ကြောင်း၊ CDM လှုပ်ရှားမှုသည် နိုင်ငံဖျက်သည့် လှုပ်ရှားမှုဖြစ်ကြောင်း၊ CDM လှုပ်ရှားမှုကို Country Destroyer Movement ဟု ပြောလို ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာတွင်လည်း ဆန္ဒပြမှုများရှိသော်လည်း စီးပွားရေးလုပ်ငန်းများ ပျက်စီးအောင် မလုပ်ဆောင်ကြကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံ၌ ဆေးရုံ၊ ကျောင်း၊ လမ်း၊ ရုံးဌာနများ စက်ရုံအလုပ်ရုံများ လည်ပတ်၍မရအောင် CDM ဆောင်ရွက်မှုသည် တိုင်းပြည်ပျက်စီးအောင် ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထုအား အရေးပေါ် ဆေးကုသပေးလျက်ရှိကြောင်း၊ တပ်မတော်ဆေးရုံများတွင် လာရောက်ကုသသူ ၁၁၀၀၀၀ ကျော်ရှိပြီး အတွင်းလူနာ ၃၅၀၀၀ ကျော်ရှိကြောင်း၊ လက်ရှိတွင် ၄၀၀၀ ကျော် ကုသပေးလျက်ရှိပြီး မွေးလူနာ ၆၉၀၀ ကျော်ကိုလည်း အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း။

**ကူညီဆောင်ရွက်ပေးလျက်ရှိ**

ပညာရေးဝန်ကြီးဌာနအနေဖြင့် စာသင်ကျောင်းများ အမြန်ပြန်လည် ဖွင့်လှစ်နိုင်ရေးကိုလည်း ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းများပြန်လည်မဖွင့်လှစ်နိုင်ပါက တိုင်းပြည်အတွက် များစွာနစ်နာပါကြောင်း၊ ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ဆက်တွင် ဝန်ထမ်းများကြား NGO၊ INGO များက စည်းကမ်းမဲ့ ဒီမိုကရေစီပုံစံများဖြစ်အောင် ရိုက်သွင်းခဲ့ကြောင်း၊ ဆူပူအကြမ်းဖက်သူများအနေဖြင့် ထဘီများတွင် ဘုန်းတော်ကြီးပုံများချိတ်ဆွဲဆောင်ရွက်မှုများသည် သာသနာတော်အပေါ် စော်ကားခြင်းဖြစ်ကြောင်း၊ ဆေးရုံများ ပိတ်ထားသည့်အတွက် ပြည်သူများ ဒုက္ခရောက်ရကြောင်း၊ ယင်းကို တပ်မတော်အနေဖြင့် တတ်နိုင်သလောက်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၁၅ ခုနှစ်နာဂဒေသသို့ သမ္မတဦးသိန်းစိန်နှင့် ရောက်ရှိခဲ့စဉ်က နာဂဒေသ၌ ဆရာဝန်များ လိုအပ်ချက်များရှိကြောင်း သိရသဖြင့် တပ်မတော်အနေဖြင့် ဆရာဝန်အရာရှိ ၄၄ ယောက် စေလွှတ်ပေးခဲ့ကြောင်း၊ ပညာရေးနှင့် ပတ်သက်ပြီး တန်းစဉ်ကူးပြောင်းမှုများကို ကြည့်သည့်အခါ ၁၉၉၇ ခုနှစ်တွင် ၁၅၉၂၁၀၉ ဦး ကျောင်းနေခဲ့သော်လည်း ၅ တန်းတက်သည့်အချိန်တွင် ၃၄ ဒသမ ၇၁ ရာခိုင်နှုန်းသာ တက်ရောက်နိုင်ခဲ့ကြောင်း၊ ၆၅ ရာခိုင်နှုန်းမှာ ၅ တန်းတွင်သာ ရပ်သွားပြီး ဆယ်တန်းရောက်အချိန်တွင် ၁၇ ရာခိုင်နှုန်းကျော်သာ ကျန်ရှိတော့ပါကြောင်း။

**ခံစားခွင့်ရအောင် ဆောင်ရွက်**

ပညာရေးစနစ်၌ တန်းစဉ်ကူးပြောင်းမှု၊ အတန်းပညာတတ်မြောက်မှုများစွာနည်းပါးသည်ကို တွေ့ရကြောင်း၊ အခြေခံပညာအထက်တန်း စာမေးပွဲအောင်မြင်မှုမှာလည်း ရာခိုင်နှုန်းများစွာနည်းပါကြောင်း၊ အခြေခံပညာ အထက်တန်းစာမေးပွဲအောင်မြင်မှု နည်းပါးရခြင်းမှာ ယခင်နဝမတန်းသင်ခန်းစာများကို တတ်မြောက်ခဲ့မှု နည်းပါးခဲ့၍ ဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် စဉ်ဆက်မပြတ် လေ့လာအကဲဖြတ်၍ အတန်းတင်ပေးသည့် စနစ်အပေါ် ပြန်လည်ဆန်းစစ်ရန် လိုအပ်နိုင်ကြောင်း၊ သို့ဖြစ်၍ ပညာရေးနှင့် ပတ်သက်ပြီး အမှန်တကယ်စာတတ်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့အတွက် **ပညာရေး၊ ကျန်းမာရေးနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍမြှင့်တင်ပေးနိုင်ရန် ဆရာ ဆရာမများကို အရည်အချင်းနှင့်အညီ ခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆရာဝန်များလည်း အလားတူဖြစ်ပါကြောင်း၊ ဝန်ထမ်းများကိုလည်း သင့်လျော်သည့် ခံစားခွင့်ရအောင် ဆောင်ရွက်ပေးရမည်ဖြစ် ပါကြောင်း။**

ဘဏ္ဍာငွေသုံးစွဲမှုများကိုလည်း အတတ်နိုင်ဆုံး ချွေတာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအတွက် အရေးကြီးသည့် ကျန်းမာရေး၊ ပညာရေးနှင့် လုံခြုံရေးကဏ္ဍများတွင် လုံလောက်သော ငွေကြေးသုံးစွဲနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့တာဝန်ယူချိန်တွင် ရှေ့တွင် တာဝန်ယူခဲ့သည့် ဒီမိုကရေစီအစိုးရနှစ်ရပ် ဆောင်ရွက်ခဲ့သည်ကို သင်ခန်းစာရယူပြီး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲအောင်နိုင်မှုအတွက် ငွေကြေးထောက်ပံ့မှုများ ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ လုပ်ငန်းရှင်များကလည်း အာဏာရှိသည့်သူများကို ချဉ်းကပ်ရာတွင် အဂတိနှင့် ငြိစွန်းနေသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအနေဖြင့် ကိုယ့်ကိုယ်ကိုယ် အလိုမလိုက်စေချင်ကြောင်း၊ ဥပဒေနှင့်အညီသာဆောင်ရွက်စေလိုကြောင်း၊ ရောင့်ရဲတင်းတိမ်စိတ်နှင့် ဆောင်ရွက်ရန်လို ကြောင်း။

**မြို့ပြနှင့် ကျေးလက် ကွာဟမှုလျှော့ချရန်လို**

**တစ်နိုင်ငံလုံး လူမှုစီးပွားဘဝ မြင့်တက်လာစေရေးအတွက် ဆင်းရဲချမ်းသာ ကွာဟမှုလျှော့ချရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်မှု ညီမျှအောင် ဆောင်ရွက်ရန်၊ မြို့ပြနှင့် ကျေးလက်ကွာဟမှုလျှော့ချရန်လို** အပ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကျသည့် အဓိကလိုအပ်ချက် ၄ ချက်ရှိကြောင်း၊ ၎င်းတို့မှာ လျှပ်စစ်ဓာတ်အား ရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ဆက်သွယ်ရေးစနစ်ကောင်းမွန်စေရေးနှင့် လူသားအရင်းအမြစ်များ တိုးတက်ကောင်းမွန်စေရေးတို့ဖြစ်ကြောင်း၊ ၎င်းလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်သွားရန် လိုအပ်ကြောင်း၊ ပိတ်ထားသည့် ဆေးရုံများနှင့် စက်ရုံ၊ အလုပ်ရုံများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ဆောင်သွားရန် လိုအပ်ကြောင်း၊ စီးပွားရေးကောင်းမွန်မှသာ နိုင်ငံတကာနယ်ပယ်တွင်လည်း ဝင်ဆန့်မည်ဖြစ်သည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်သွားရမည်ဖြစ် ကြောင်း၊ မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့်စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေကြရသူများဖြစ်သဖြင့် ၎င်းလုပ်ငန်းများကို တိုးတက်အောင် အားပေးဆောင်ရွက်ရမည် ဖြစ်ကြောင်း။

**စနစ်တကျစီမံဆောင်ရွက်သွားရမည်**

မြေပေါ်မြေအောက် သဘာဝသယံဇာတများ ထုတ်ယူရောင်းချမှုကို ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း၊ သစ်တောများ စိမ်းလန်းစိုပြည်စေရေးအတွက် တစ်ပင်ခုတ် တစ်ပင်ရှင်စနစ်ဖြင့် သစ်တောများစိုက်ပျိုးခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နောင်အနာဂတ်တွင် သဘာဝသယံဇာတပစ္စည်းများကို တန်ဖိုးမြင့်ထုတ်ကုန် အချောထည်များအဖြစ်သာ တင်ပို့ရောင်းချခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေးကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ပြီး ဆိုလာနည်းပညာဖြင့် လျှပ်စစ်ထုတ်ယူနိုင်ရေးကို ခွင့်ပြုပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေရရှိရေးအတွက် မြစ်ရေတင်လုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်း လုပ်ဆောင်သူများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ **စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျစီမံဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေး မွေးမြူရေးဆိုင်ရာ တက္ကသိုလ်များတစ်ခုစီသာရှိသဖြင့် ကောလိပ်များ၊ သိပ္ပံကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။**

**ပြည်သူလူထု၏ အကျိုးစီးပွားကို မိမိတို့အနေဖြင့် ဖော်ဆောင်ပေးနိုင်မှသာ ပြည်သူလူထုက မိမိတို့အစိုးရအဖွဲ့ကို ယုံကြည်လာမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအကျိုးကို ဖော်ဆောင်ပေးရန်နှင့် အာမခံချက်ပေးနိုင်အောင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း။**

**နိုင်ငံတကာဆက်ဆံရေး သတိထားဆောင်ရွက်**

မိမိတို့နိုင်ငံအနေဖြင့် **ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်သူလူထုအား ဒီမိုကရေစီ အသိ၊ အမြင်နှင့် ဖက်ဒရယ်အသိ၊ အမြင်ရှိအောင် တာဝန်ရှိသူများအနေဖြင့် ရှင်းလင်းပြောကြားရမည်ဖြစ် ကြောင်း၊** ဒီတာဝန်အရေးသုံးပါးကို ထိခိုက်ခံ၍ မရကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် အသိအမြင်ရှိရေးတို့ကို မိမိတို့တာဝန်ယူသည့်ကာလအတွင်း ဆောင်ရွက်နိုင်မှသာ မှတ်ကျောက်တင်ခံရမည့် အစိုးရတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း၊ ဥပဒေအသိပညာရှင်များ၊ စီးပွားရေးအသိပညာရှင်များ ပိုမိုများပြားလာစေရေးအတွက် တက္ကသိုလ်၊ ကောလိပ်အဆင့်အလိုက် ဥပဒေဘွဲ့၊ စီးပွားရေးဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်၍လည်း မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ပြီးဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေးမူများဖြင့်သာ ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်နေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးကို ရှေးရှု၍ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံအားလုံးသည် မိတ်ဆွေနိုင်ငံများဖြစ်ကြောင်း၊ သို့သော် အချို့သောနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်မှုများရှိ၍ နိုင်ငံတကာဆက်ဆံရေးအား သတိထားဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့်တွေ့ဆုံ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးစဉ်။ သတင်းစဉ်

# COVID–19 ဖြစ်ပွားမှုကြောင့် စီးပွားရေးထိခိုက်မှုများ ဖြစ်ပေါ်နေချိန်တွင် ဆူပူမှုများကြောင့် စီးပွားရေးထိခိုက်မှုများမရှိအောင် ဆောင်ရွက်ရန်လို

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် ဧပြီ ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးနှင့်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများအား နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

### တက်ရောက်

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နေပြည်တော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်၊ ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး၊ ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်း၊ တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်၊ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း၊ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို၊ မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်း၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်း၊ ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ တားသိန်းဇော်၊ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဆက်လက်ထိန်းရန်ရှိ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများတွင် ရောက်ရှိပြီးဖြစ်သည့် COVID -19 ကာကွယ်ဆေးများ ပြည်သူများအမြန်ဆုံးထိုးနှံနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ CDM ပြုလုပ်မှုများကြောင့် ကျန်းမာရေးဝန်ထမ်းလိုအပ်လျက်ရှိသည့် ဒေသများတွင် နယ်မြေခံတပ်များမှ ဆေးမှူးများ၊ သူနာပြုများနှင့် ပေါင်းစပ်၍ ပြည်သူများ COVID–19 ကာကွယ်ဆေးထိုးနှံနိုင်ရန်အတွက် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ကမ္ဘာပေါ်တွင် COVID–19 ကြောင့် သေဆုံးမှုနှုန်းလျော့နည်းမှုမရှိသေးကြောင်း၊ မိမိတို့နိုင်ငံတွင် ရောဂါကူးစက်မှုနှုန်းနှင့် သေဆုံးမှု လျော့နည်းလာသော်လည်း မပေါ့ဆရန်လိုပြီး ရောဂါကာကွယ်ရေးအတွက် ဆောင်ရွက်သင့်သည်များကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ COVID–19 ကာကွယ်ဆေးထိုးထားသော်လည်း ရောဂါကူးစက်နိုင်သေးသဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် COVID–19 စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ဆောင်ရွက်ကြရန်လိုကြောင်း၊ နှစ်သစ်ကူးကာလမတိုင်မီ COVID–19 ရောဂါကာကွယ်ဆေး အလုံးရေငါးသိန်း ဆက်လက်ထိုးနှံရန်ရှိကြောင်း။

### ဖြည့်ဆည်းဆောင်ရွက်ပေးရန်လို

ပြည်သူများ စီးပွားရေးကောင်းမွန်မှသာ စိတ်ချမ်းသာစွာဖြင့် နေထိုင်နိုင်ကြမည်ဖြစ်ကြောင်း၊ ပြည်သူများဝင်ငွေရရှိစေရန် စက်ရုံအလုပ်ရုံများ၊ လုပ်ငန်းများ ပြန်လည် လည်ပတ်ရန်လိုသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖြည့်ဆည်းပေးနိုင်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ COVID–19 ဖြစ်ပွားမှုကြောင့် စီးပွားရေးထိခိုက်မှုများ ဖြစ်ပေါ်နေချိန်တွင် ဆူပူမှုများကြောင့် စီးပွားရေးထိခိုက်မှုများ မရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများ အလုပ်အကိုင်များရရှိ၍

စာမျက်နှာ ၇ သို့

- ❖ မိမိတို့နိုင်ငံတွင် ရောဂါကူးစက်မှုနှုန်းနှင့် သေဆုံးမှုလျော့နည်းလာသော်လည်း မပေါ့ဆရန်လိုပြီး ရောဂါကာကွယ်ရေးအတွက် ဆောင်ရွက်သင့်သည်များကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်
- ❖ COVID-19 ကာကွယ်ဆေးထိုးထားသော်လည်း ရောဂါကူးစက်နိုင်သေးသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် COVID-19 စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ဆောင်ရွက်ကြရန်လို
- ❖ နှစ်သစ်ကူးကာလမတိုင်မီ COVID-19 ရောဂါ ကာကွယ်ဆေးအလုံးရေ ငါးသိန်း ဆက်လက်ထိုးနှံရန်ရှိ

# အမှန်တရားအချို့ဟာ ခါးနေနိုင်ပါတယ်

ကိုထွန်းခင်

"အမှန်တရား လက်ခံထားလိုက်၊ ဘဝမှာ တစ်ခါ တစ်ခါ အမှန်တရားက ခါးနေတတ်တယ်။ အမှန်ကို လက်မခံနိုင်တဲ့သူတွေကြား၊ အမှားတွေနဲ့ အသားကျနေတဲ့သူတွေကြားမှာ အမှန်တရားက ခေါင်းထောင်ခွင့်မရဘဲ ဖြစ်တတ်တယ်။ အဓိက ကတော့ ကိုယ့်လိပ်ပြာ ကိုယ်သန့်နေဖို့ပဲ။ ကိုယ့်သမိုင်း ကိုယ်မှန်အောင် ရေးဖို့ပဲ။ အမှားတွေမှာ အားမကျဖို့နဲ့ ခါးနေတဲ့ အမှန်တရားကို သွန်မပစ်ဘဲ ခါးသက်သက်နဲ့ ဆက်သောက်နေဖို့ပဲ။ စိတ်ရှည် ရတယ်။ သည်းခံရတယ်၊ ဖွဲ့ရှိရတယ်။ သေချာတာကတော့ ဘဝမှာအကြာကြီးမဟုတ်ဘူး။ အချိန်တန်တော့လည်း ပြီးသွားတာပဲ" ဟု ဆရာတော်တစ်ပါး ရေးသားတဲ့ မမ္မစာစုကို ဘဝနေနည်းလမ်းညွှန် အဖြစ် ကြိုက်နှစ်သက်လို့ မှတ်မိနေပါတယ်။

ရေပွက်ပမာ ခဏတာ

ဆရာတော်ဆိုသလိုပါပဲ။ လူ့ဘဝဆိုတာ ရေပွက်ပမာ ခဏတာလို့ ဆိုကြတဲ့အတိုင်း ဘယ်အရာကိုမှ အကြာကြီးတည်မြဲချင်လို့ မရပါဘူး။ ဖြစ်ခြင်း၊ ပျက်ခြင်းသဘော၊ လောကရဲ့ နိယာမတရားတွေကို နားလည်လက်ခံနိုင်ရမှာ ဖြစ်ပါတယ်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးချိန်မှစတင်ကာ မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် နိုင်ငံရေးဇာတ်ခုံဟာ တကယ်ကိုပဲ အနိမ့်အမြင့်၊ အတက်အကျ စုံလင်လှပါတယ်။ မြန်မာနိုင်ငံဟာ ၂၀၁၀ ပြည့်နှစ်မှာ ဒီမိုကရေစီလမ်းကြောင်းကို တစ်ဖန်ပြန်လည်ခြေချဖို့ လမ်းစဖော်ဆောင်နိုင်ခဲ့ပြီး ယခုဆိုရင် ဒီမိုကရေစီခရီးလမ်းကို ဆယ်စုနှစ်တစ်ခု ဖြတ်သန်းခဲ့ပြီး ဖြစ်ပါတယ်။ အရပ်သားအစိုးရစစ်စစ်ဖြစ်တဲ့ NLD အစိုးရ အုပ်ချုပ်တဲ့ အချိန်ကာလကိုလည်း ဖြတ်သန်းခဲ့ကြဖူးပြီး ဖြစ်ပါတယ်။ NLD အစိုးရကာလမှာ နိုင်ငံရဲ့ ဒီမိုကရေစီခရီးလမ်း၊ တိုးတက်မှု၊ ဆုတ်ယုတ်မှုအနေအထား၊ နိုင်ငံရေးအဖွဲ့အစည်းတွေရဲ့ အကွဲအပြဲတွေ၊ ဘာသာရေး၊ လူမျိုးရေးပဋိပက္ခတွေနဲ့ အတူ ပြည်သူတွေ မျှော်မှန်းသလောက် ခရီးမပေါက်ခဲ့တာကိုလည်း အားလုံးအသိပဲ ဖြစ်ပါတယ်။

၂၀၂၀ ရွေးကောက်ပွဲမှာလည်း အငြင်းပွားမှုတွေ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပါတယ်။ ထိုအခြေအနေက စတင်ပြီး နိုင်ငံရေးမှာ တင်းမာမှုတွေ ဖြစ်တည်လာခဲ့ပါတယ်။ တပ်မတော်က ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကို တရားမျှတမှုရှိစေဖို့ ဖြေရှင်းပေးဖို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တောင်းဆိုမှုတွေ၊ ကြေညာချက်တွေ၊ သတိပေးထုတ်ပြန်ချက်တွေ အကြိမ်ကြိမ်ပြုလုပ်ခဲ့၊ တောင်းဆိုခဲ့ပေမယ့် ဆောင်ရွက်ပေးခြင်း မရှိခဲ့ပါဘူး။

တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်ကာ နိုင်ငံတော်ရဲ့ တာဝန်တွေကို ပုဒ်မ ၄၁၇၊ ၄၁၈ တို့အရ ဆောင်ရွက်ခဲ့ပြီး ပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းကာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေပါတယ်။

ခေတ္တတာဝန်ယူဆောင်ရွက်

တကယ်တော့ NLD ပါတီရဲ့ နိုင်ငံတော်အာဏာကို အဓမ္မနည်းလမ်းသုံးပြီးရယူဖို့ ကြိုးပမ်းလုပ်ဆောင်မှုတွေကြောင့် တပ်မတော်က နိုင်ငံတော်အာဏာကို မလွှဲမရှောင်သာ ထိန်းသိမ်းလိုက်ခြင်းဖြစ်ပါတယ်။ စစ်မှန်တဲ့ ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာတဲ့ ဒီမိုကရေစီဖြစ်စေရေးအတွက် ခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေခြင်းသာ ဖြစ်ပါတယ်။

တပ်မတော်အနေနဲ့ ပြည်သူက ရွေးချယ်ထားတဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို သွေဖည်မည်မဟုတ်ဘဲ မှန်မှန်ကန်ကန်သွားနိုင်ရန် ထိန်းကျောင်းပေးခြင်းသာဖြစ်ကြောင်း သတင်းထုတ်ပြန်ထားတာကိုလည်း တွေ့နိုင်ပါတယ်။ တပ်မတော်က နိုင်ငံတော်အာဏာ ထိန်းသိမ်းလိုက်ခြင်းကို အကြောင်းပြုပြီး တပ်မတော်နဲ့ ပြည်သူတို့အကြား စည်းလုံးမှု ပျက်ပြားရအောင်၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနဲ့ တရားဥပဒေစိုးမိုးရေးကို ပျက်ပြားအောင် သွေးထိုးလှုံ့ဆော်ကြပါတော့တယ်။

ဝန်မခံနိုင်ကြ

အဲဒီလို သွေးထိုးလှုံ့ဆော်နေမှုမှာ ကမ္ဘာ့နိုင်ငံအချို့ပျက်စီး၊ ပြိုကွဲရတိုင်း နိုင်ငံတကာသတင်းတွေမှာ အမြဲတမ်းလက်သည်တရားခံအဖြစ် ပါဝင်တဲ့ CIA အပါအဝင် အနောက်နိုင်ငံအချို့ရဲ့ စပိုင်တွေနဲ့ မြန်မာနိုင်ငံစည်းလုံးညီညွတ်မှုကို မလိုလားတဲ့အဖွဲ့တွေက နိုင်ငံအတွင်းမှာ စိမ့်ဝင်ပြီး ခြေရှုပ်ခြေကုပ်နေရာဝင်ယူပါဝင်နေတာကို သတိရှိသူတွေ သတိပြုမိကြမှာ ဖြစ်ပေမယ့် နားမလည်ပါးမလည် ပြည်သူအချို့ကတော့ သူတို့ကိုယ်ပိုင်ရပ်တည်ချက်နဲ့ သူတို့ဆန္ဒကျင်တာ၊ တစ်ဘဝတာ စစ်ကျွန်ဘဝခံစားရမှာမို့ တွန်းလှန်နေတာ၊ ဘယ်သူမှ မြှောက်ပေးလို့ လုပ်တာမဟုတ်ဘူးဆိုပြီး သူတို့ရဲ့ Own Tune လို့ ခွတ်ပေခံ ငြင်းနေကြတုန်းပါ။ ပြည်ပအထောက်အပံ့ခံ မီဒီယာတွေနဲ့ သူတို့ ကိုးကွယ်တဲ့ လူပုဂ္ဂိုလ်တွေက တစ်ဆင့် သူတို့ရင်ထဲ ဒီလိုအစိုင်အခဲတွေ တဖြည်းဖြည်းချင်း သွတ်သွင်းခံထားရတာကို သူတို့မမြင်နိုင်ကြဘူး၊ မသိကြဘူး၊ ဝန်မခံနိုင်ကြဘူး။

သွေးထိုးမှုတွေရဲ့ရလဒ်ကတော့ ပြည်သူတွေ လမ်းပေါ်ထွက်လာပြီး ဆူပူအုံကြွကြပါတယ်။ လူငယ်တွေကို လူပုဂ္ဂိုလ်စွဲနဲ့ အရောင်အမျိုးမျိုးဆိုးကာ ဆူပူအုံကြွမှုတွေရဲ့ ရှေ့တန်းမှာ ဦးဆောင်စေပါတယ်။ လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ သွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ဖျက်ဆီးမယ့် စီမံကိန်းအရ ဆူပူဆန္ဒကျင်ရမယ့် လှုပ်ရှားမှုမှာ ဂိမ်းကစားသလို ထင်မှတ်ကာ ပါဝင်ကြပါတယ်။

အများဆန္ဒဟာ စစ်မှန်ရိုးသားဖို့လို

ဒီမိုကရေစီဆိုတာသည် အများဆန္ဒနဲ့ ဆောင်ရွက်ခြင်းဖြစ်ပေမယ့် အများဆန္ဒဟာ စစ်မှန်ရိုးသားဖို့ လိုပါတယ်။ ဒီမိုကရေစီကို အကြောင်းပြု အာဏာရှင်ဆန့်ကျင်ရေးလို့ ခေါင်းစဉ်တပ်ကာ နိုင်ငံတော်ရဲ့ လုပ်ငန်းယန္တရားရပ်တန့်စေဖို့ နိုင်ငံ့ဝန်ထမ်းတွေကို CDM လှုပ်ရှားမှုမှာ ပါဝင်စေဖို့ စည်းရုံးလှုံ့ဆော်ကြပါတယ်။ မသမာသူအချို့ရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် နိုင်ငံ့ဝန်ထမ်းတွေဟာ လုပ်ငန်းခွင်မှာ တာဝန်ထမ်းဆောင်ဖို့ ပျက်ကွက်လာကြပါတယ်။

"ကျွန်ုပ်တို့သည် ဆည်းပူးတတ်မြောက်ထားသည့် ဆေးပညာဖြင့် ဂိလာနပုဂ္ဂိုလ်များ၏ ကျန်းမာရေးကို စေတနာမေတ္တာရှေ့ထား၍ လူမျိုး၊ ဘာသာ၊ ဆင်းရဲ၊ ချမ်းသာမရွေး စွမ်းစွမ်းတမံ စောင့်ရှောက်ကုသပါအံ့"ဟု ကတိသစ္စာပြုခဲ့ကြတဲ့ ဆရာဝန်အချို့သည်လည်း CDM လှုပ်ရှားမှုမှာ ပါဝင်ကြပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေ CDM လှုပ်ရှားမှုမှာပါဝင်တဲ့အတွက် ပြည်သူတွေရဲ့ ကျန်းမာရေးအတွက် အားကိုးအားထားပြုရာ ပြည်သူ့ဆေးရုံအချို့တွေမှာ ဆရာဝန်၊ သူနာပြုနဲ့ ကျန်းမာရေး ဝန်ထမ်းတွေ မရှိကြတော့ဘဲ ပိတ်ထားခဲ့ရပါတယ်။ နာမကျန်းသူတွေ၊ ကိုယ်ဝန်ဆောင်သည်တွေ၊ ရက်ချိန်းအတိအကျနဲ့ ကျောက်ကပ်ဆေးနေရသူတွေ၊ ပုံမှန်သွေးသွင်းနေရတဲ့ လူနာတွေဟာ ကျန်းမာရေးစောင့်ရှောက်မှုတွေ မရကြဘဲ အတိဒုက္ခရောက်နေကြရပါတယ်။

အနိုင်ကျင့်နေမှုတွေကို လုပ်ဆောင်နေ

တစ်ဖက်မှာလည်း တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို CDM မှာ မပါဝင်လို့၊ ရုံးတက်လို့၊ Social Punishment ဆိုပြီး (တကယ်က Social Bullying လုပ်နေတာ) သံပုံးမတီးလို့၊ ကျောင်းသွားလို့ စသည်ဖြင့် သတင်းပေး၊ ဒလန်၊ သူလျှိုစွပ်စွဲပြီး ရိုက်နှက်၊ တက်တူးထိုး၊ အုပ်စုနဲ့ ဖမ်းဆီးသတ်ဖြတ်၊ အိမ်မီးရှို့၊ အရှက်ခွဲ စသည်ဖြင့် လူမဆန်တဲ့ အနိုင်ကျင့်နေမှုတွေကို လုပ်ဆောင်နေကြပါတယ်။ စာမျက်နှာ ၈ သို့

"နွေဦးတော်လှန်ရေးဆိုပြီး ဆူပူဆန္ဒပြမှုတွေက အမျိုးဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု ကင်းမဲ့စေတဲ့ အကြမ်းဖက်မှုလုပ်ရပ်တွေအထိ လုပ်ဆောင်လာကြပါတယ်။ လူငယ်တွေကို မြှောက်ပေးပြီး လက်လွန်ခြေလွန်ဖြစ်မှု၊ ထိခိုက်ဒဏ်ရာရမှု အစိုးရက၊ တပ်မတော်က၊ ရဲတပ်ဖွဲ့က ငြိမ်းချမ်းစွာ ဆန္ဒပြနေသူတွေကို တရားမဲ့ပြုကျင့်နေပါတယ်၊ သတ်ဖြတ်နေပါတယ်လို့ ဇာတ်လမ်းဆင်ပြီး နိုင်ငံတကာကို လုပ်ကြံဇာတ်လမ်းတွေ ချပြပါတယ်။ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတွေရဲ့ ထောက်ပံ့ငွေတွေရဖို့ လူငယ်တွေနဲ့ ပြည်သူတွေရဲ့ ဘဝတွေကို ချနင်းပြီး အသက်တွေ၊ ဘဝတွေဟာ အချိန်မတိုင်ခင်မှာပင် ကြွေလွင့်နေရပါတယ်။ ဒါကိုလည်း အသိဉာဏ်မဲ့သူတွေ၊ အပေါင်းအပါတွေက လိုက်ပါစီးမျောနေကြတုန်းမို့ အံ့ဩမိပါတယ်"

"ကာလတစ်ခုမှာ ကောင်းမွန်တဲ့ အနာဂတ်ကို ဖန်တီးပုံဖော်နိုင်ဖို့ အမှန်တရားအချို့ဟာ အခုအချိန်မှာ ဆေးခါးတစ်လက် ဖြစ်ကောင်း ဖြစ်နေနိုင်ပါတယ်။ ဒါပေမယ့် ရောဂါပျောက်အောင် မကြိုက်ပေမယ့် သောက်ကြရမှာပဲ ဖြစ်ပါတယ်။ လူငယ်တွေ၊ ဂျန်နရေးရှင်းဇက်တွေအနေနဲ့လည်း လက်ကမ်းကြိုနေစဉ်မှာ လုံခြုံနွေးထွေးတဲ့ မိဘရင်ခွင် ပြန်လည်ခိုဝင်ကြပါ။ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ ငြိမ်းချမ်းရေးရရှိရေးတွေမှာ အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်ကြပါ။ ဒီမိုကရေစီ နိုင်ငံတော် တည်ထောင်ရေးမှာ ပါဝင်ကြပါလို့ တိုက်တွန်းလို"

# မဲစာရင်းလိမ်လည်မှုသည် ဆိုးရွားသည့် လုပ်ရပ်ဖြစ်

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်သည် COVID-19 ရောဂါဖြစ်ပွားနေချိန်ဖြစ်ပြီး social distancing နှင့်အညီ မဲပေးမှုများ ဆောင်ရွက်ခဲ့ရကြောင်း၊ မဲပေးမှုမှာ ၇၁ ရာခိုင်နှုန်းဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ မဲစာရင်းရလဒ်များကို စစ်ဆေးခဲ့ရာတွင်လည်း ကွာဟမှုများစွာ တွေ့ရှိခဲ့ရပြီး တွေ့ရှိချက်များကိုလည်း ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ထိုသို့ မဲစာရင်းလွဲမှားနေမှုများကို ပြန်လည်စိစစ်ပေးရန် အကြိမ်ကြိမ် ပြောဆိုခဲ့ကြောင်း၊ မြိတ်မြို့နယ်တွင် မဲမသမာမှုပေါင်း ၅ သောင်းကျော်နှင့် ကျွန်းစုမြို့နယ်တွင် မဲမသမာမှုပေါင်း ၃ သောင်းကျော်ရှိပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်ဆိုပါက ၁၀ သန်းကျော်ရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ မဲစာရင်းလိမ်လည်မှုသည် ဆိုးရွားသည့်လုပ်ရပ်ဖြစ်ပြီး ရိုးရိုးသားသားဖြင့် လုပ်ဆောင်လျှင် မဲနိုင်မည်ဖြစ်သော်လည်း ရိုးရိုးဖြေပါက အောင်မြင်မည့် စာမေးပွဲကို မတန်တဆ အမှတ်လိုချင်သဖြင့် မသမာသည့်နည်းဖြင့် လုပ်ဆောင်သည်နှင့် တူနေကြောင်း၊ ထိုသို့ မဲစာရင်းမှားယွင်းနေမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိသည့်အပြင် တတိယအကြိမ် လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ရန် အတင်းအဓမ္မ ကြံစည်ကြိုးပမ်းလာမှုများကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှစ၍ နိုင်ငံတော်၏တာဝန်များအား ပုဒ်မ ၄၁၇ နှင့် ၄၁၈ တို့အရ ဆောင်ရွက်ခဲ့ပြီး ပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုသို့ ဖွဲ့စည်းရာတွင်လည်း တပ်ဘက်၊ အရပ်ဘက် မျှတအောင် ဖွဲ့စည်းထားခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ကောင်စီဥက္ကဋ္ဌများကို အရပ်သားများဖြင့်သာ ဖွဲ့စည်းပေးခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး ခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀-၃-၂၀၂၂ ရက်နေ့တွင် မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

စာမျက်နှာ ၅ မှ

ဝင်ငွေကောင်းမွန်အောင် ဆောင်ရွက်ရန် လိုကြောင်း၊ ပြည်သူများ စီးပွားရေးကောင်းမွန်မှသာ တိုင်းပြည်တိုးတက်အေးချမ်းမည်ဖြစ်ကြောင်း။

**ပိုင်းဝန်းဆောင်ရွက်ပေး**

ပညာသင်ကြားရေးနှင့်ပတ်သက်ပြီး မိမိတို့နိုင်ငံတွင် ၂၀၁၉ ခုနှစ်အတွင်း ကောက်ခံထားသည့်စာရင်းများအရ လုံးဝကျောင်းမနေဖူးသူ ၃ ဒသမ ၇ သန်းရှိကြောင်း၊ အဆိုပါ ကျောင်းမနေဖူးသူများသည် ပြည်နယ်များမှအများဆုံးဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူ ဆောင်ရွက်နေရသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွင်းရှိ ပြည်သူပြည်သားများ ပညာတတ်များဖြစ်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာသင်ကြားရေးသည် လူမှုရေးကိစ္စဖြစ်ပြီး ပြည်သူများ စာတတ်မြောက်ရေးအတွက် စာဖတ်ဝိုင်းများ ပြုလုပ်ပေးရန်လိုကြောင်း၊ ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း ရဟန်း သံဃာတော်များအနေဖြင့် ဘာသာရေးနှင့်ပတ်သက်၍ စိတ်မချမ်းမြေ့မှုများ ဖြစ်ပေါ်ခဲ့ရသည်ကို တွေ့ရှိရကြောင်း၊ ရဟန်းသံဃာများ စိတ်လက်ချမ်းသာစွာ ဘာသာရေးဆိုင်ရာ ကိစ္စရပ်များအား ဆောင်ရွက်နိုင်ရေးအတွက် ပိုင်းဝန်းဆောင်ရွက်ပေးရန် လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဗုဒ္ဓဘာသာကိုးကွယ်မှု ၈၇ ရာခိုင် နှုန်းရှိပြီး ဂုဏ်ထူးဝိသေသနှင့် လျော်ညီသည့် ထေရဝါဒဗုဒ္ဓဘာသာ နိုင်ငံတစ်ခုဖြစ်ကြောင်း၊ အခြားဘာသာဝင်များကိုလည်း စိတ်ချမ်းမြေ့စွာဖြင့် သက်ဆိုင်ရာ ဘာသာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊ အခုအခါ မိမိတို့နိုင်ငံရှိ လူငယ်အများစုသည် ယဉ်ကျေးမှုများ ပျက်ပြားလာပြီး မိမိ၏မိဘကိုပင် စွန့်လွှတ်ခြင်း၊ ဘုန်းတော်ကြီးများနှင့် ဆရာ၊ ဆရာမများကို ရိုင်းစိုင်းစွာ စော်ကားခြင်းများအထိ ပြုလုပ်လာသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံရှိ လူငယ်များ စာရိတ္တကောင်းမွန်ရေးနှင့် ယဉ်ကျေးလိမ္မာမှုရှိစေရေး ပြန်လည်တည့်မတ်ပေးရန်လိုကြောင်း၊ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီး (YMBA)မှလည်း လူငယ်များ ယဉ်ကျေးလိမ္မာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များ တတ်ကျွမ်းစေရေးအတွက်လည်း သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူများ ဘာသာတရားများနှင့်အညီ ယဉ်ကျေးလိမ္မာမှု ရှိစေရေး တာဝန်ရှိသူများက ဝိုင်းဝန်းထိန်းသိမ်းပေးရန်လိုကြောင်း။

> "ပညာသင်ကြားရေးနှင့် ပတ်သက်ပြီး မိမိတို့နိုင်ငံတွင် ၂၀၁၉ ခုနှစ်အတွင်း ကောက်ခံထားသည့်စာရင်းများအရ လုံးဝကျောင်းမနေဖူးသူ ၃ ဒသမ ၇ သန်းရှိ၊ အဆိုပါ ကျောင်းမနေဖူးသူများသည် ပြည်နယ်များမှ အများဆုံးဖြစ်၊ မိမိတို့တာဝန်ယူဆောင်ရွက်နေရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွင်းရှိ ပြည်သူ ပြည်သားများ ပညာတတ်များဖြစ်အောင် ဆောင်ရွက်ပေးရန်လို၊ ပညာသင်ကြားရေးသည် လူမှုရေးကိစ္စဖြစ်ပြီး ပြည်သူများ စာတတ်မြောက်ရေးအတွက် စာဖတ်ဝိုင်းများ ပြုလုပ်ပေးရန်လို"

နိုင်ငံစီးပွားရေးကောင်းမွန်မှသာ မိမိတို့နိုင်ငံ၏ ငွေကြေးတန်ဖိုး ခိုင်မာလာမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုလိုငွေပြနေခြင်းများကြောင့် ယခုအခါ မိမိတို့ ငွေကြေးတန်ဖိုးကျဆင်းနေသည်ကို တွေ့ရကြောင်း၊ နိုင်ငံစီးပွားတိုးတက်ကောင်းမွန်ရေးအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်၍ ထုတ်ကုန်များထုတ်လုပ်ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရန် လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိမိတို့ဒေသများနှင့် ကိုက်ညီသည့် ထုတ်ကုန်များ ထုတ်လုပ်ခြင်းဖြင့် ကုန်သွယ်မှု တိုးတက်လာမည် ဖြစ်ကြောင်း၊ သယံဇာတများ ထုတ်ယူသုံးစွဲခြင်းထက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအား ပြည်ပနိုင်ငံများသို့ တင်ပို့၍ စီးပွားရေး ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ သမဝါယမလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ အခြားနိုင်ငံများတွင်လည်း သမဝါယမစနစ်ဖြင့် စီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ရှိပြီးဖြစ်သည့် မြေခံ၊ ရေခံနှင့် လူ့စွမ်းအားအရင်းအမြစ်များအား အသုံးချရန်လိုကြောင်း၊ အခြေခံလူတန်းစားများ အလုပ်အကိုင်ရရှိအောင် ဆောင်ရွက်ပေးပြီး စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့ အစိုးရအနေဖြင့် မူဝါဒများ ချမှတ်ပေးမည်သာဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်ရန် လိုကြောင်း မှာကြားသည်။

**ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်**

ထို့နောက် တက်ရောက်လာကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ဆူပူဆန္ဒပြမှုများ ဖြစ်ပွားခဲ့မှုနှင့် ဆူပူမှုများ လျော့နည်းလာမှု၊ ကျန်းမာရေးဝန်ထမ်းအချို့ CDM ပြုလုပ်မှုကြောင့် ပြည်သူများ ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်မှု အခက်အခဲဖြစ်ပေါ်ခဲ့သဖြင့် နယ်မြေခံတပ်မတော်ဆေးရုံများမှ ဆေးမှူးများ၊ သူနာပြုများဖြင့် ပူးပေါင်း၍ ပြည်သူများကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ပိတ်ထားသည့်ဆေးရုံအချို့ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှု၊ ပြည်သူများ၏ ကျန်းမာရေး၊ အုပ်ချုပ်ရေးနှင့် ဘာသာရေးဆိုင်ရာများ ဆောင်ရွက်ပေးနေမှု၊ ဘဏ်များဖွင့်လှစ်နေမှု၊ COVID-19 ရောဂါကာကွယ်ရေးဆောင်ရွက်နေမှု၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နယ်စပ်ဒေသကုန်သွယ်ရေးဆောင်ရွက်နေမှု၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ဆောင်ရွက်နေမှု၊ ပြည်သူများ မှတ်ပုံတင်ရရှိရေး ဆောင်ရွက်ပေးနေမှု၊ စက်ရုံအလုပ်ရုံ အနည်းငယ်မှအပ ကျန်သည့်စက်ရုံအလုပ်ရုံများ ပြန်လည် လည်ပတ်နေမှု၊ တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပေးနေမှုနှင့် နေရပ်ပြန်နိုင်ရေး ဆောင်ရွက်ပေးနေမှုအခြေအနေများအား ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကိုဗစ်ကာလဖြစ်သည့်အတွက် သင်္ကြန်ပွဲတော်နှင့်ပတ်သက်ပြီး သင်္ကြန်မဏ္ဍပ်များ ဆောက်လုပ်ခွင့်မပြုဘဲ စည်းကမ်းများနှင့်အညီ ရေပက်ကစားခြင်းအား ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ အားကစားပွဲများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပြိုင်ပွဲအားကစားပွဲများ ကျင်းပပြုလုပ်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်မှုနှင့် စိတ်ဓာတ်မြင့်မားမှုများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ One Village ၊ One Product ဆိုသည့်အတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများအား အရည်အသွေးမီစွာဖြင့် ထုတ်လုပ်စေလိုကြောင်း၊ ထိုသို့ထုတ်လုပ်နိုင်ပါက ခရီးသွားလုပ်ငန်းများနှင့် ပြည်ပပို့ကုန်များ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ဒေသအလိုက် စီးပွားရေးဖွံ့ဖြိုးရေးဇုန်နှင့် စက်မှုဇုန်များဖွင့်လှစ်၍ လုပ်ငန်းများအား ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၁၀ / ၂၀၂၂
၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်
(၂၀၂၂ ခုနှစ်၊ ဧပြီလ ၆ ရက်)

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေး လိုက်သည်-

(၁) ဦးဝင်းတည်
(၂) ဦးကျော်စိုးလင်း
(၃) ဦးထွန်းထွန်းဦး

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၁၁ / ၂၀၂၂
၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်
(၂၀၂၂ ခုနှစ်၊ ဧပြီလ ၆ ရက်)

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးစိုးတင့် အား ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

စာအုပ်စာပေ လူ့မိတ်ဆွေ

*စာမျက်နှာ ၆ မှ*

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ခွင့်ပြုချက်နဲ့ လာရောက်ရင်းနှီးမြှုပ်နှံထားတဲ့ လှိုင်သာယာနဲ့ ရွှေပြည်သာမြို့နယ်မှာရှိတဲ့ အိမ်နီးချင်းနိုင်ငံတွေရဲ့ စက်ရုံ၊ အလုပ်ရုံတွေကို မီးရှို့ဖျက်ဆီး လုယက်ကြပါတယ်။ ဒါ့အပြင် ဆူပူအကြမ်းဖက်လိုသူတွေကို သွေးထိုးမြှောက်ပင့်ပေးပြီး လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို လူကိုသေစေနိုင်တဲ့ လက်နက်တွေနဲ့ တိုက်ခိုက်ရန်ပြုတာ၊ လူမိုက်လူရမ်းကားနဲ့ မူးယစ်ဆေးဝါးသုံးစွဲသူတွေကို အခကြေးငွေပေးပြီး ဆူပူအကြမ်းဖက်မှုတွေကို အရှိန်မြင့်စေဖို့ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေကြတာကိုလည်း တွေ့ရပါတယ်။

ပြီးခဲ့တဲ့ မတ်လ ၂၂ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက်၊ မင်းနန္ဒာလမ်းနဲ့ သီတာနွယ်လမ်းဆုံ အနီးမှာရှိတဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကို ဆူပူအကြမ်းဖက်သူ အင်အား ၂၀၀ ခန့်က လာရောက်မီးရှို့ခဲ့တဲ့အတွက် ဆူပူအကြမ်းဖက်သူတွေကို လူစုခွဲကာ မီးငြိမ်းသတ်ခဲ့ရပါတယ်။

### လိုက်ပါစီးမျောနေ

နွေဦးတော်လှန်ရေးဆိုပြီး ဆူပူဆန္ဒပြမှုတွေက အမျိုးဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုကင်းမဲ့စေတဲ့ အကြမ်းဖက်မှုလုပ်ရပ်တွေအထိ လုပ်ဆောင်လာကြပါတယ်။ လူငယ်တွေကို မြှောက်ပေးပြီး လက်လွန်ခြေလွန်ဖြစ်မှု၊ ထိခိုက်ဒဏ်ရာရမှု အစိုးရက၊ တပ်မတော်က၊ ရဲတပ်ဖွဲ့က ငြိမ်းချမ်းစွာဆန္ဒပြနေသူတွေကို တရားမဲ့ပြုကျင့်နေပါတယ်၊ သတ်ဖြတ်နေပါတယ်လို့ ဇာတ်လမ်းဆင်ပြီး နိုင်ငံတကာကို လုပ်ကြံဇာတ်လမ်းတွေ ချပြပါတယ်။ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတွေရဲ့ ထောက်ပံ့ငွေတွေရဖို့ လူငယ်တွေနဲ့ ပြည်သူတွေရဲ့ ဘဝတွေကို ချနင်းပြီး အသက်တွေ၊ ဘဝတွေဟာ အချိန်မတိုင်ခင်မှာပင် ကြွေလွင့်နေရပါတယ်။ ဒါကိုလည်း အသိဉာဏ်မဲ့သူတွေ၊ အပေါင်းအပါတွေက လိုက်ပါစီးမျောနေကြတုန်းမို့ အံ့ဩမိပါတယ်။

### ထွက်ပြေးတိမ်းရှောင်နေ

သွေးထိုးမှိုင်းတိုက်မှုတွေကြောင့် ရှေ့တန်းကို ရောက်နေတဲ့ လူငယ်တွေဟာ အသက်အရွယ်၊ အတွေ့အကြုံအားဖြင့် ငယ်ရွယ်နုနယ်ပါသေးတယ်။ စိတ်ခံစားမှုကို မထိန်းနိုင်ဘဲ မိုက်ရူးရဲဆန်ပေမယ့် ကြောက်စရာကိုလည်း ကြောက်ကြမှာပဲ ဖြစ်ပါတယ်။ NLD ပါတီဝင်တွေ၊ NLD ပါတီကို ထောက်ခံသူ အစွန်းရောက်တွေ၊ CRPH အမည်ခံ မတရားအသင်း၊ CDM လှုံ့ဆော်မှုနဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားတဲ့ ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေရဲ့ သွေးထိုးလှုံ့ဆော်မှု၊ မြှောက်လှန့်မှုတွေကြောင့် အချို့ ကျောင်းသား ကျောင်းသူ၊ လူငယ်တွေ၊ နိုင်ငံ့ဝန်ထမ်းတွေဟာ တိုင်းရင်းသား လက်နက်ကိုင်အချို့ တည်ရှိရာနေရာနဲ့ ပြည်ပနိုင်ငံတွေကို ထွက်ပြေးတိမ်းရှောင်နေကြတယ်လို့လည်း သိရပါတယ်။

### သတင်းထုတ်ပြန်ထား

ရောက်ရှိနေတဲ့နေရာတွေက လုံခြုံရေး အာမခံချက်မရှိတာ၊ လူမှုစီးပွားဘဝအဆင်မပြေ ခက်ခဲတာတွေကိုလည်း ရင်ဆိုင်နေကြရပါမယ်။ ဒါကြောင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူတွေမှအပ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့နေရပ်ကို ပြန်လည်ဝင်ရောက်လိုသူတွေကိုလည်း ဥပဒေအရ အရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေးကို ဆောင်ရွက်သွားမယ်လို့လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သတင်းထုတ်ပြန်ထားတာ တွေ့ရပါတယ်။

ဒါကြောင့် ကာလတစ်ခုမှာ ကောင်းမွန်တဲ့အနာဂတ်ကို ဖန်တီးပုံဖော်နိုင်ဖို့ အမှန်တရား အချို့ဟာ အခုအချိန်မှာ ဆေးခါးတစ်လက်ဖြစ်ကောင်း ဖြစ်နေနိုင်ပါတယ်။ ဒါပေမယ့် ရောဂါပျောက်အောင် မကြိုက်ပေမယ့် သောက်ကြရမှာပဲ ဖြစ်ပါတယ်။ လူငယ်တွေ၊ ဂျန်နရေးရှင်းဇက်တွေအနေနဲ့လည်း လက်ကမ်းကြိုနေစဉ်မှာ လုံခြုံနွေးထွေးတဲ့ မိဘရင်ခွင် ပြန်လည်ခိုဝင်ကြပါ။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ ငြိမ်းချမ်းရေးရရှိရေးတွေမှာ အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်ကြပါ။ ဒီမိုကရေစီ နိုင်ငံတော်တည်ထောင်ရေးမှာ ပါဝင်ကြပါလို့ တိုက်တွန်းလိုပါတယ်။

နောင်မှ တမိတဲ့ နောင်တတရားတွေ၊ ဖျက်မရတဲ့ အမည်းစက်တွေ ဘဝတစ်လျှောက် စွန်းထင်သွားတာမျိုး၊ နောက်ပြန်လှည့်လို့မရတဲ့ ဆိုးရွားတဲ့အဖြစ်ဆိုးတွေ ကြုံဆုံတာမျိုး မဖြစ်ပါစေနဲ့လို့လည်း ဆုတောင်းပေးလိုက်ပါတယ်။ ။

## ကြယ်ရောင်တွေရဲ့ ကျေးဇူးဂုဏ်

★ မင်းတို့သိသိ မသိသိပေါ့
သူ့ကျွန်ဘဝ နွံထဲကျစဉ်
ရင်မြေကတုတ် မဆုတ်နစ်ခဲ့
ကြွေကျမြေခ ကြယ်များစွာနဲ့
ဒို့နိုင်ငံကို တည်ထားတာ။

★ ကြွေတဲ့ကြယ်တွေ ပျောက်မယ်ထင်လား
သူတို့ထားခဲ့ တောက်ပရှိန်ဝါ
ကြယ်ရောင်များနဲ့ ကမ္ဘာ့အလယ်
ဦးလည်မတ်လျက် ငါတို့ နေထိုင်နေရတာ။

★ သူတို့ကျေးဇူး ကျေးစွပ်ဖူးသူ
တစ်စတစ်စ များလာခဲ့ရင် - -
သူတို့တန်ဖိုး တစိုးတစိ
ချေဖျက်ကြသူ ပေါင်းစုလာရင် - -

★ ညဥ့်နက်မှောင်မည်း ကောင်းကင်ထဲမှာ
ကြယ်ရောင်မရှိ မှောင်အတိကျ
သူ့ကျွန်အဖြစ် နွံနစ်ချိန်မှာ
မျိုးဇာတ်လည်းဆုံး လူညွန့်တုံးခဲ့
အတိတ်သမိုင်း ရိုင်းခဲ့ချိန်တွေ
တစ်ခေါက်လှည့်ကာ ရောက်လာမှာကို
မင်းတို့ငါတို့ မမေ့အပ်ပါ။

(၂၇-၃-၂၀၂၂ ရက်နေ့တွင် ကာကွယ်ရေးဌာနကောင်စီ၏ အထူးအမိန့်အမှတ်၊ ၂/အထူး/ ၂၀၂၂ ဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်ခံရသော မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သေဆုံး / ဒဏ်ရာရ ရဲတပ်ဖွဲ့ဝင် ၂၁ ဦး အပါအဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးကြိုးပမ်းမှု၊ လွတ်လပ်ရေးနှင့် အချုပ်အခြာတည်တံ့ခိုင်မြဲမှုတို့အတွက် အသက်ခန္ဓာစွန့်လွှတ် ကြိုးပမ်းခဲ့ကြသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်ထောင်စုဖွား သားကောင်းသမီးမွန်များ အားလုံးသို့ ရည်ညွှန်းဂုဏ်ပြုအပ်ပါသည်)

လင်းအောင်

## တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

နေပြည်တော် ဧပြီ ၆

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာ့လက်ရွေးစင် မြားပစ်အားကစားအဖွဲ့ လက်ရည်စစ်ပြိုင်ပွဲ ကျင်းပ

နေပြည်တော် မေ ၆

နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသော မြန်မာ့လက်ရွေးစင် မြားပစ်အဖွဲ့သည် ပြိုင်ပွဲအကြို ပထမအကြိမ်လက်ရည်စစ်ပြိုင်ပွဲကို မေ ၅ ရက်နှင့် ၆ ရက်တို့တွင် နံနက် ၉ နာရီမှစ၍ ဝဏ္ဏသိဒ္ဓိမြားပစ်အားကစားကွင်း၌ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် တက်ရောက်ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲသို့ အားကစားနှင့်ကာယပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြိုင်ပွဲများတွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသော ပြိုင်ပွဲဝင်ကစားသမား ၁၆ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး Compound တစ်ဦးချင်းပြိုင်ပွဲများနှင့် Recurve တစ်ဦးချင်းပြိုင်ပွဲများ ကျင်းပခဲ့သည်။

ပြိုင်ပွဲများအပြီး ဆုများချီးမြှင့်ရာ Recurve မီတာ ၃၀ တစ်ဦးချင်းပြိုင်ပွဲတွင် ဆုရရှိကြသော အားကစားသမားများအား ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၂) ညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုးနှင့် အားကစားကွင်း/ရုံဌာနခွဲ ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦးတို့က လည်းကောင်း၊ Compound မီတာ ၃၀ တစ်ဦးချင်းပြိုင်ပွဲတွင် ဆုရရှိကြသော အားကစားသမားများအား ဒုတိယညွှန်ကြားရေးမှူးချုပ်(၃) ဦးကျော်ဦးက လည်းကောင်း၊ Compound မီတာ ၅၀ တစ်ဦးချင်းပြိုင်ပွဲတွင် ဆုရရှိကြသော အားကစားသမားများအား ဒုတိယညွှန်ကြားရေးမှူးချုပ်(၂) ဦးကျော်ဆန်းက လည်းကောင်း၊ Recurve မီတာ ၇၀ တစ်ဦးချင်းပြိုင်ပွဲတွင် ဆုရရှိကြသော အားကစားသမားများအား ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက လည်းကောင်း၊ Recurve Mixed Team မီတာ ၇၀ ပြိုင်ပွဲတွင် ဆုရရှိကြသော အားကစားသမားများနှင့် အတိုးတက်ဆုံးဆုရသော အားကစားသမား၊ အကောင်းဆုံးဆုရ အားကစားသမားများကို ဒုတိယဝန်ကြီး ဦးမျိုးလှိုင်ကလည်းကောင်း ဆုများ ချီးမြှင့်ခဲ့ကြသည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာ့အားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

နေပြည်တော် မေ ၆

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ဇန်နဝါရီလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၂၄ ဒသမ ၃၈ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၁၁ ဒသမ ၁၅ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၃၅ ဒသမ ၅၃ သန်း ဖြစ်ပါသည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၈၁ ဒသမ ၉၄ သန်း၊ နယ်စပ်သွင်းကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၉၉ ဒသမ ၆၈ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၈၁ ဒသမ ၆၂ သန်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ဇန်နဝါရီလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၆၁၇ ဒသမ ၁၅ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၃၄၆ ဒသမ ၀၉ သန်း ဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဇန်နဝါရီလအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၉၇၈ ဒသမ ၅၈ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၈၁ ဒသမ ၆၅ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၆၆၀ ဒသမ ၂၃ သန်း ဖြစ်ပါသည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၇၂၂ ဒသမ ၉၇ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၆၇ ဒသမ ၆၀ သန်းနှင့် စုစုပေါင်းသွင်းကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၈၈၉ ဒသမ ၅၇ သန်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဇန်နဝါရီလအထိ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၁၅၄၉ ဒသမ ၈၀ သန်း ဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၂၉ ဒသမ ၃၄ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။

သတင်းစဉ်

✻ ကျောဖုံးမှ

ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ နံနက် ၁၁ နာရီနောက်ဆုံးထား၍ ထည့်သွင်းကြသည်။

ထို့နောက် ကျောက်စိမ်းအတွဲအမှတ်( ၄၅၁) မှ အတွဲအမှတ် (၉၀၀) အထိ တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက နံနက် ၁၁ နာရီတွင် ပိတ်သိမ်းပြီး ဖွင့်ဖောက်စစ်ဆေးကာ မေ ၇ ရက် နံနက် ၈ နာရီတွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများအား ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ မေ ၇ ရက်တွင် ကျောက်စိမ်းအတွဲအမှတ်(၉၀၁) မှ အတွဲအမှတ် (၁၃၅၀) အထိတင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက နံနက် ၁၁ နာရီတွင် ပိတ်သိမ်းပြီး ဖွင့်ဖောက်စစ်ဆေးကာ မေ ၈ ရက် နံနက် ၈နာရီတွင်လည်းကောင်း၊ မေ ၈ ရက်တွင် ကျောက်စိမ်းအတွဲအမှတ်(၁၃၅၁) မှ အတွဲအမှတ်(၁၈၀၀) အထိ တင်သွင်းသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက နံနက် ၁၁ နာရီတွင် ပိတ်သိမ်းပြီး ဖွင့်ဖောက်စစ်ဆေးကာ မေ ၉ ရက် နံနက် ၈ နာရီတွင်လည်းကောင်း၊ မေ ၉ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် (၁၈၀၁) မှ အတွဲအမှတ် (၂၃၄၈)အထိ တင်သွင်းသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက နံနက် ၁၁ နာရီတွင် ပိတ်သိမ်းပြီး ဖွင့်ဖောက်စစ်ဆေးကာ မေ ၁၀ ရက် နံနက် ၈ နာရီတွင်လည်းကောင်း ရောင်းချရသည့် ကျောက်စိမ်းအတွဲများအား ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

● ကျောဖုံးမှ

၆၄ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားပြီး ချန်ပီယံဖြစ်ရန် ပစ်မှတ်ထားနေသည်။ ပီအက်စ်ဂျီအသင်းက လီဂူးဝမ်း ၃၁ ပွဲတွင် ၆၃ မှတ်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေပြီး ချန်ပီယံဖြစ်ရန် ကြိုးစားရမည့်အခြေအနေတွင် ရှိနေသည်။ ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် နောက်ဆုံးပြိုင်ပွဲစုံ ငါးပွဲတွင် ငါးပွဲစလုံး နိုင်ပွဲရရှိထားသည့်အတွက် ခြေစွမ်းကောင်းမွန်နေသည်။ ပီအက်စ်ဂျီအသင်းက နောက်ဆုံးငါးပွဲတွင် နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးနှင့် တစ်ပွဲသရေကျထားသောကြောင့် ခြေစွမ်းပုံမှန်မရှိပေ။ မည်သို့ပင်ဆိုစေ ပီအက်စ်ဂျီအသင်းအနေဖြင့် ပြီးခဲ့သည့်နှစ်ချန်ပီယံလိဂ်ဖလားရှုံးကြေးပြန်ဆပ်ကာ ကွာတားဖိုင်နယ် ပထမအကျော့တွင် ဘိုင်ယန်မြူးနစ်အသင်းကို အသာစီးရယူထားနိုင်မလား၊ ဘိုင်ယန်ကပဲ အိမ်ကွင်းအားနှင့် အစဉ်အလာအတိုင်း အနိုင်ရသွားမလား စောင့်ကြည့်ရမည်ဖြစ်သည်။

ပေါ်တိုနှင့် ချယ်ဆီးအသင်းတို့ပွဲစဉ်ကို မေ ၈ရက် နံနက် ၁ နာရီခွဲတွင် ပေါ်တိုအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပေါ်တိုအသင်းနှင့် ချယ်ဆီးအသင်းတို့ ၂၀၁၅ ခုနှစ်က ချန်ပီယံလိဂ်တွင် တွေ့ဆုံခဲ့ပြီး တစ်ပွဲစီ အနိုင်ရရှိထားသည်။ ထို့ကြောင့် နည်းပြတူချယ်၏ ချယ်ဆီးအသင်းအနေဖြင့် ပေါ်တိုအသင်းကို အနိုင်ရပြီး ဆီမီးဖိုင်နယ်သို့ တက်ဖို့အခွင့်အရေးကောင်းရမလား ကြည့်ရှုရမည်ဖြစ်သည်။

အောင်ဇော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၂ ခုနှစ်၊ ဧပြီလ ၆ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခုတည်းဖြင့် မဲစာရင်း၃ ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် မဲရုံပေါင်း ၁၀၀ ရုံ | ၁၂၃၆၀၆ | ၁၀၀၁၉၁ | ၄၄၅၉ | ၆၂၁ | ၁၂၄၅၆ |
| ၂ | မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မဲရုံပေါင်း ၂၈၁ ရုံ | ၁၉၁၆၈၅ | ၁၈၂၆၂၆ | ၉၆၄၁ | ၃၀၃၄ | ၂၉၅၇၂ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်တို့၏ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာ မြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၃၈၁၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၆၁၉၈၈ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၃၆၁၄၃၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၂၅၈၄၅၊ မြေပြင်လက်ကျန် ၁၁၉၆၁၆ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၇၅၁၀ ဖြစ်ပြီး အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၁၂၈၁ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ယင်းမာပင် | ၁၀၀ | ၁၃၈၅၅၈ | ၉၆၄၇၉ | ၄၂၀၇၉ | ၃၉၈၀၃ | ၃၅၄၇ | ၁၂၈၁ |
| ၂ | နတ်မောက် | ၂၈၁ | ၂၂၃၄၃၀ | ၁၃၉၆၆၄ | ၈၃၇၆၆ | ၇၉၈၀၃ | ၃၉၆၃ | |
| | စုစုပေါင်း | ၃၈၁ | ၃၆၁၉၈၈ | ၂၃၆၁၄၃ | ၁၂၅၈၄၅ | ၁၁၉၆၁၆ | ၇၅၁၀ | ၁၂၈၁ |

### ယင်းမာပင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်တွင် ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၂ အုပ်စု၊ မဲရုံပေါင်း ၁၀၀၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၃၈၅၅၈ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၉၆၄၇၉၊ ကျန်ရှိရမည့် အရေအတွက်မှာ ၄၂၀၇၉ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၉၈၀၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက် ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၃၃၃၉၉ | ၉၅၈၂၇ | ၃၇၅၇၂ | ၃၅၃၀၆ | ၃၅၄၇ | ၁၂၈၁ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၇၆၄ | ၆၅၂ | ၁၁၂ | ၁၁၂ | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၄၃၉၅ | - | ၄၃၉၅ | ၄၃၉၅ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၃၈၅၅၈ | ၉၆၄၇၉ | ၄၂၀၇၉ | ၃၉၈၀၃ | ၃၅၄၇ | ၁၂၈၁ |

၆။ ယင်းမာပင်မြို့နယ်၊ ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၂ အုပ်စုရှိ မဲရုံ ၁၀၀ တို့တွင် မဲလက်မှတ်အရေအတွက် ၃၅၄၇ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၁၂၈၁ အပို တွေ့ရှိရပါသည်။

၇။ ယင်းမာပင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | (က)ရပ်ကွက် | ၁၁၀၀ | ၈၃၅ | ၂၆၅ | ၂၆၅ | | |
| ၂ | (ဂ)ရပ်ကွက် | ၁၁၀၀ | ၇၅၇ | ၃၄၃ | ၃၉၃ | | ၅၀ |
| ၃ | (ဃ)ရပ်ကွက် | ၃၀၀ | ၂၁၀ | ၉၀ | ၄၀ | ၅၀ | |
| ၄ | ကံချောင်ကျေးရွာအုပ်စု | ၂၈၃၅ | ၁၇၈၉ | ၁၀၄၆ | ၇၁၁ | ၃၃၅ | |
| ၅ | ကျောက်မှော်ကျေးရွာအုပ်စု | ၅၃၂၄ | ၃၈၅၉ | ၁၄၆၅ | ၁၉၄၁ | | ၄၇၆ |
| ၆ | စည်လောင်ကျေးရွာအုပ်စု | ၃၁၉၅ | ၂၃၉၆ | ၇၉၉ | ၆၅၄ | ၁၄၅ | |
| ၇ | စုန်းကျင်းကျေးရွာအုပ်စု | ၃၇၀၀ | ၂၉၈၃ | ၇၁၇ | ၆၁၇ | ၁၀၀ | |
| ၈ | စုန်းချောင်းကျေးရွာအုပ်စု | ၅၉၂၀ | ၄၅၉၀ | ၁၃၃၀ | ၁၀၆၀ | ၂၇၀ | |
| ၉ | ဆည်ကြီးကျေးရွာအုပ်စု | ၃၁၄၅ | ၂၄၀၃ | ၇၄၂ | ၂၉၇ | ၄၄၅ | |
| ၁၀ | ဇီးဖြူပင်ကျေးရွာအုပ်စု | ၁၀၅၀ | ၇၆၉ | ၂၈၁ | ၃၃၁ | | ၅၀ |
| ၁၁ | တောင်ပုကျေးရွာအုပ်စု | ၄၀၅၀ | ၂၉၁၃ | ၁၁၃၇ | ၁၀၈၃ | ၅၄ | |
| ၁၂ | ပြန်လှည့်ကျေးရွာအုပ်စု | ၂၅၀၀ | ၁၈၇၅ | ၆၂၅ | ၆၂၅ | | |
| ၁၃ | ပြန်လှည့်-သီးကုန်းကျေးရွာအုပ်စု | ၂၁၅၀ | ၁၄၉၈ | ၆၅၂ | ၆၅၂ | | |
| ၁၄ | ဖြဟ္မဒါတ်ကျေးရွာအုပ်စု | ၃၃၅၀ | ၂၃၆၄ | ၉၈၆ | ၉၈၆ | | |
| ၁၅ | ဘန့်ဘွေးကျေးရွာအုပ်စု | ၈၈၃၀ | ၇၀၇၅ | ၁၇၅၅ | ၁၃၇၅ | ၃၈၀ | |
| ၁၆ | မင်းဇူးကျေးရွာအုပ်စု | ၂၁၅၀ | ၁၆၅၁ | ၄၉၉ | ၄၉၉ | | |
| ၁၇ | မင်းကံကြီးကျေးရွာအုပ်စု | ၄၅၀၀ | ၃၃၆၈ | ၁၁၃၂ | ၁၀၃၂ | ၁၀၀ | |
| ၁၈ | မြို့သစ်ကျေးရွာအုပ်စု | ၁၀၀၀ | ၇၈၁ | ၂၁၉ | ၂၁၉ | | |
| ၁၉ | မြို့ကြီးကျေးရွာအုပ်စု | ၃၃၀၀ | ၂၁၉၁ | ၁၁၀၉ | ၉၅၉ | ၁၅၀ | |
| ၂၀ | မြဲရိပ်ကျေးရွာအုပ်စု | ၁၉၅၀ | ၁၄၈၆ | ၄၆၄ | ၄၆၄ | | |
| ၂၁ | မောက်သရက်ကျေးရွာအုပ်စု | ၁၄၅၀ | ၇၄၆ | ၇၀၄ | ၆၅၄ | ၅၀ | |
| ၂၂ | ရွာထောင်ကျေးရွာအုပ်စု | ၁၀၅၀ | ၈၂၇ | ၂၂၃ | ၂၇၃ | | ၅၀ |
| ၂၃ | ရွာသာကျေးရွာအုပ်စု | ၁၈၅၀ | ၁၂၇၄ | ၅၇၆ | ၄၇၆ | ၁၀၀ | |
| ၂၄ | ရွှေပန်းခိုင်ကျေးရွာအုပ်စု | ၁၆၅၀ | ၁၀၇၇ | ၅၇၃ | ၅၂၃ | ၅၀ | |
| ၂၅ | (ခ)ရပ်ကွက် | ၂၃၅၀ | ၁၆၃၀ | ၇၂၀ | ၈၇၀ | | ၁၅၀ |
| ၂၆ | ကုန်းရွာကျေးရွာအုပ်စု | ၄၁၀၀ | ၂၇၄၅ | ၁၃၅၅ | ၁၄၀၅ | | ၅၀ |
| ၂၇ | ကြပ်ကျေးရွာအုပ်စု | ၄၃၅၀ | ၃၂၄၂ | ၁၁၀၈ | ၁၂၅၈ | | ၁၅၀ |
| ၂၈ | ကပိုင်ကျေးရွာအုပ်စု | ၅၃၅၀ | ၃၈၆၈ | ၁၄၈၂ | ၁၃၈၂ | ၁၀၀ | |
| ၂၉ | ကပိုင်-သီးကုန်းအုပ်စု | ၂၅၀၀ | ၁၆၃၁ | ၈၆၉ | ၈၁၉ | ၅၀ | |
| ၃၀ | စိုင်လျှားကျေးရွာအုပ်စု | ၂၃၅၀ | ၁၅၈၉ | ၇၆၁ | ၇၆၁ | | |
| ၃၁ | ဆင်စွယ်ကျေးရွာအုပ်စု | ၂၂၀၀ | ၁၉၅၇ | ၂၄၃ | ၃၉၃ | | ၁၅၀ |
| ၃၂ | ဆင်တဲကျေးရွာအုပ်စု | ၄၄၀၀ | ၂၉၇၃ | ၁၄၂၇ | ၁၁၂၇ | ၃၀၀ | |
| ၃၃ | ဇီးတောကျေးရွာအုပ်စု | ၁၈၅၀ | ၁၁၆၈ | ၆၈၂ | ၆၈၂ | | |
| ၃၄ | ညောင်ပင်ကြီးစုကျေးရွာအုပ်စု | ၂၅၅၀ | ၁၈၂၈ | ၇၂၂ | ၇၇၂ | | ၅၀ |
| ၃၅ | ညောင်ကိုင်းကျေးရွာအုပ်စု | ၂၆၀၀ | ၁၈၀၀ | ၈၀၀ | ၈၀၀ | | |
| ၃၆ | တာဝကျေးရွာအုပ်စု | ၅၁၀၀ | ၃၅၀၅ | ၁၅၉၅ | ၁၅၉၅ | | |
| ၃၇ | နဗ္ဗောင့်ကျေးရွာအုပ်စု | ၂၄၅၀ | ၁၆၇၈ | ၇၇၂ | ၈၂၂ | | ၅၀ |
| ၃၈ | မောက်လုပ်ကျေးရွာအုပ်စု | ၂၇၀၀ | ၁၇၀၀ | ၁၀၀၀ | ၁၀၀၅ | | ၅ |
| ၃၉ | ရင်ပေါင်တိုင်ကျေးရွာအုပ်စု | ၄၃၅၀ | ၃၀၆၈ | ၁၂၈၂ | ၁၁၈၂ | ၁၀၀ | |
| ၄၀ | လက်လှပ်ကျေးရွာအုပ်စု | ၂၇၅၀ | ၂၀၀၂ | ၇၄၈ | ၄၄၈ | ၃၀၀ | |
| ၄၁ | လည်ဝေါ်ကျေးရွာအုပ်စု | ၁၇၅၀ | ၁၃၈၃ | ၃၆၇ | ၃၆၇ | | |
| ၄၂ | လာဘို့ကျေးရွာအုပ်စု | ၂၂၀၀ | ၁၅၆၆ | ၆၃၄ | ၆၃၄ | | |
| ၄၃ | လက္ကပြားကျေးရွာအုပ်စု | ၂၃၀၀ | ၁၅၂၀ | ၇၈၀ | ၄၂၉ | ၃၅၁ | |
| ၄၄ | ဝါးရုံကျေးရွာအုပ်စု | ၁၈၀၀ | ၁၁၅၄ | ၆၄၆ | ၆၉၆ | | ၅၀ |
| ၄၅ | သမင်သတ်ကျေးရွာအုပ်စု | ၂၄၅၀ | ၁၆၇၃ | ၇၇၇ | ၇၅၀ | ၂၇ | |
| ၄၆ | အင်းကျေးရွာအုပ်စု | ၃၅၀၀ | ၂၄၃၀ | ၁၀၇၀ | ၉၈၀ | ၉၀ | |
| | ရပ်ကျေးချုပ်စုစုပေါင်း | ၁၃၃၃၉၉ | ၉၅၈၂၇ | ၃၇၅၇၂ | ၃၅၃၀၆ | ၃၅၄၇ | ၁၂၈၁ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | ၇၆၄ | ၆၅၂ | ၁၁၂ | ၁၁၂ | | |

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | ၄၃၉၅ | | ၄၃၉၅ | ၄၃၉၅ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၃၈၅၅၈ | ၉၆၄၇၉ | ၄၂၀၇၉ | ၃၉၈၁၃ | ၃၅၄၇ | ၁၂၈၁ |

## နတ်မောက်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မြေပြင်စစ်ဆေးချက်များအရ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်တွင် ရပ်ကွက်/ ကျေးရွာအုပ်စု ၈၀ ခု၊ မဲရုံပေါင်း ၂၈၁ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၂၀၅၉၆၉ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၃၈၃၃၇ ၊ ကျန်ရှိရမည့် မဲလက်မှတ်အရေအတွက်မှာ ၆၇၆၃၂ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၆၃၉၅၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ်လိုအပ်ချက် စိစစ်တွေ့ရှိမှုမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၀၅၉၆၉ | ၁၃၈၃၃၇ | ၆၇၆၃၂ | ၆၃၉၅၃ | ၃၆၇၉ | |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၈၈၀ | ၁၃၂၇ | ၅၅၃ | ၅၅၃ | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၅၅၈၁ | | ၁၅၅၈၁ | ၁၅၂၉၇ | ၂၈၄ | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၂၃၄၃၀ | ၁၃၉၆၆၄ | ၈၃၇၆၆ | ၇၉၈၀၃ | ၃၉၆၃ | |

၉။ နတ်မောက်မြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၈၀ ခုရှိ မဲရုံပေါင်း ၂၈၁ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၃၆၇၉ ပျောက်ဆုံးနေပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် လက်ကျန်ဆန္ဒမဲလက်မှတ် ၁၅၅၈၁ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၅၂၉၇ ဖြစ်သဖြင့် ၂၈၄ စောင် ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၀။ နတ်မောက်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ဈေးကွက်သစ်ရပ်ကွက် | ၂ | ၂၄၀၀ | ၁၈၃၂ | ၅၆၈ | ၅၅၈ | ၁၀ | |
| ၂ | ရန်အောင်မြင်ရပ်ကွက် | ၂ | ၁၆၅၀ | ၁၃၁၉ | ၃၃၁ | ၃၃၁ | | |
| ၃ | ကံကြီးရပ်ကွက် | ၂ | ၁၃၀၀ | ၉၁၀ | ၃၉၀ | ၃၉၀ | | |
| ၄ | တမာပင်ရပ်ကွက် | ၂ | ၁၇၅၀ | ၁၃၀၅ | ၄၄၅ | ၃၉၇ | ၄၈ | |
| ၅ | တောင်ထောင့်ကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၂၀၃၀ | ၅၂၀ | ၅၂၀ | | |
| ၆ | ရွာမွန်ကျေးရွာအုပ်စု | ၅ | ၃၄၅၀ | ၂၆၅၃ | ၇၉၇ | ၇၉၇ | | |
| ၇ | ရွှေပန်းတောကျေးရွာအုပ်စု | ၄ | ၂၃၅၀ | ၁၃၄၀ | ၁၀၁၀ | ၉၁၀ | ၁၀၀ | |
| ၈ | ဒန့်ဒလွန်ပင်ကျေးရွာအုပ်စု | ၄ | ၃၅၅၀ | ၂၀၀၄ | ၁၅၄၆ | ၁၄၄၆ | ၁၀၀ | |
| ၉ | ဖက်သန်းတောင်ကျေးရွာအုပ်စု | ၃ | ၂၆၀၀ | ၁၄၈၆ | ၁၁၁၄ | ၁၁၁၄ | | |
| ၁၀ | ပ-ဝွေးချိုကျေးရွာအုပ်စု | ၃ | ၂၅၀၀ | ၁၈၉၄ | ၆၀၆ | ၆၀၆ | | |
| ၁၁ | အိုင်ပေါက်ကုန်းကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၉၀၅ | ၅၄၅ | ၅၄၅ | | |
| ၁၂ | တောင်ဘက်ကြီးကျေးရွာအုပ်စု | ၃ | ၁၆၀၀ | ၁၁၄၆ | ၄၅၄ | ၄၅၄ | | |
| ၁၃ | မိုးနံ့တောကျေးရွာအုပ်စု | ၄ | ၁၃၀၀ | ၆၂၁ | ၆၇၉ | ၆၇၉ | | |
| ၁၄ | အင်းကန်ကျေးရွာအုပ်စု | ၅ | ၂၇၅၀ | ၁၄၄၂ | ၁၃၀၈ | ၁၃၀၈ | | |
| ၁၅ | မကျီးချိုကျေးရွာအုပ်စု | ၃ | ၂၁၅၀ | ၁၂၀၅ | ၉၄၅ | ၉၀၅ | ၄၀ | |
| ၁၆ | ဆင်သေကန်ကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၇၄၁ | ၆၀၉ | ၆၀၉ | | |
| ၁၇ | ရှမ်းကုန်းကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၆၇၆ | ၃၂၄ | ၃၂၄ | | |
| ၁၈ | ဝွေးကုန်းကျေးရွာအုပ်စု | ၄ | ၂၃၀၀ | ၁၅၃၇ | ၇၆၃ | ၇၆၃ | | |
| ၁၉ | သားမျှားကျေးရွာအုပ်စု | ၆ | ၄၂၀၀ | ၂၅၆၇ | ၁၆၃၃ | ၁၄၃၃ | ၂၀၀ | |
| ၂၀ | ညောင်ကျပ္ပင်ကျေးရွာအုပ်စု | ၃ | ၂၁၅၀ | ၁၆၄၃ | ၅၀၇ | ၅၀၇ | | |
| ၂၁ | လင်းကတိုးကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၁၁၉ | ၆၃၁ | ၆၃၁ | | |
| ၂၂ | ရေထွက်ကျေးရွာအုပ်စု | ၅ | ၁၉၅၀ | ၁၂၅၁ | ၆၉၉ | ၆၉၉ | | |
| ၂၃ | တဲကြီးကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၈၃၀ | ၂၂၀ | ၂၂၀ | | |
| ၂၄ | ဝါးရုံကုန်းကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၇၁၄ | ၄၃၆ | ၄၃၆ | | |
| ၂၅ | ချောင်းနက်ကျေးရွာအုပ်စု | ၅ | ၂၁၅၀ | ၁၄၃၆ | ၇၁၄ | ၆၇၂ | ၄၂ | |
| ၂၆ | ဝက်ချုပ်ကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၂၂၃ | ၅၇၇ | ၅၇၆ | ၁ | |
| ၂၇ | ဖန်းခါးစမ်းကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၁၉၅ | ၅၅၅ | ၅၅၅ | | |
| ၂၈ | ကျောက်ပုံကျေးရွာအုပ်စု | ၃ | ၁၆၀၀ | ၁၁၅၃ | ၄၄၇ | ၄၄၇ | | |
| ၂၉ | လေးအိမ်ကျေးရွာအုပ်စု | ၅ | ၂၄၅၀ | ၁၅၈၈ | ၈၆၂ | ၈၆၂ | | |
| ၃၀ | ဈေးသာကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၉၇၆ | ၂၇၄ | ၂၇၄ | | |
| ၃၁ | အိုင်ဇောက်ကျေးရွာအုပ်စု | ၄ | ၃၀၅၀ | ၁၈၅၈ | ၁၁၉၂ | ၁၁၅၂ | ၄၀ | |
| ၃၂ | တွင်းကြီးကျေးရွာအုပ်စု | ၄ | ၃၇၀၀ | ၂၂၆၀ | ၁၄၄၀ | ၁၄၄၀ | | |
| ၃၃ | မယ်ဇလီပင်ကျေးရွာအုပ်စု | ၃ | ၂၄၀၀ | ၁၆၃၁ | ၇၆၉ | ၇၆၉ | | |
| ၃၄ | သမုန်းပင်ကျေးရွာအုပ်စု | ၅ | ၂၃၀၀ | ၁၈၉၄ | ၄၀၆ | ၄၀၆ | | |
| ၃၅ | ဆုံမကျီးပင်ကျေးရွာအုပ်စု | ၃ | ၂၄၀၀ | ၁၆၁၉ | ၇၈၁ | ၇၈၁ | | |
| ၃၆ | ထုံးပေါက်ချိုင်းကျေးရွာအုပ်စု | ၅ | ၃၂၅၀ | ၂၃၃၇ | ၉၁၃ | ၉၁၂ | ၁ | |
| ၃၇ | တက်ဝန်ကျေးရွာအုပ်စု | ၃ | ၂၉၀၀ | ၁၈၉၅ | ၁၀၀၅ | ၈၅၄ | ၁၅၁ | |
| ၃၈ | တမလန်းပင်ကျေးရွာအုပ်စု | ၄ | ၃၂၀၀ | ၂၀၅၄ | ၁၁၄၆ | ၁၁၄၆ | | |
| ၃၉ | တံခွန်တိုင်ကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၆၆၁ | ၄၃၉ | ၃၈၉ | ၅၀ | |
| ၄၀ | ပတောက်ငုပ်ကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၁၂၀၆ | ၃၉၄ | ၃၅၁ | ၄၃ | |
| ၄၁ | စည်သာကျေးရွာအုပ်စု | ၅ | ၄၅၅၀ | ၃၀၁၅ | ၁၅၃၅ | ၁၁၈၉ | ၃၄၆ | |
| ၄၂ | အင်းကုန်းကျေးရွာအုပ်စု | ၃ | ၂၂၅၀ | ၁၃၉၇ | ၈၅၃ | ၈၅၃ | | |
| ၄၃ | စခန်းမကျေးရွာအုပ်စု | ၅ | ၂၅၅၀ | ၁၅၇၄ | ၉၇၆ | ၉၇၆ | | |
| ၄၄ | အလယ်ရွာကျေးရွာအုပ်စု | ၅ | ၂၅၅၀ | ၁၇၃၉ | ၈၁၁ | ၈၁၁ | | |
| ၄၅ | ဘန်းကုန်းကျေးရွာအုပ်စု | ၃ | ၁၈၅၀ | ၁၂၅၈ | ၅၉၂ | ၅၉၁ | ၁ | |
| ၄၆ | အောင်ဆန်းရပ်ကွက် | ၃ | ၂၆၅၀ | ၁၈၃၄ | ၈၁၆ | ၈၁၅ | ၁ | |
| ၄၇ | မြို့မကွက်သစ်ရပ်ကွက် | ၂ | ၁၅၀၀ | ၁၁၃၇ | ၃၆၃ | ၃၆၃ | | |
| ၄၈ | မြို့မရပ်ကွက် | ၂ | ၁၈၀၀ | ၁၃၅၁ | ၄၄၉ | ၄၀၀ | ၄၉ | |
| ၄၉ | ဘုန်းတော်ပြည့်ကျေးရွာအုပ်စု | ၄ | ၃၅၅၀ | ၂၀၃၁ | ၁၅၁၉ | ၁၅၁၉ | | |
| ၅၀ | န-ကျားထူးကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၁၄၇၈ | ၇၂၂ | ၇၂၂ | | |
| ၅၁ | န-လက်ခုပ်ပင်ကျေးရွာအုပ်စု | ၄ | ၃၁၀၀ | ၂၃၃၀ | ၇၇၀ | ၇၂၀ | ၅၀ | |
| ၅၂ | ဝွေးပင်ကျေးရွာအုပ်စု | ၃ | ၂၅၀၀ | ၁၇၇၉ | ၇၂၁ | ၆၇၁ | ၅၀ | |
| ၅၃ | ကပေါင်းကုန်းကြီးကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၃၀၉ | ၄၉၁ | ၄၈၄ | ၇ | |
| ၅၄ | သမုန်းကုန်းကြီးကျေးရွာအုပ်စု | ၆ | ၆၃၀၀ | ၄၃၆၅ | ၁၉၃၅ | ၁၉၃၃ | ၂ | |
| ၅၅ | လဲဘူးကျေးရွာအုပ်စု | ၈ | ၆၄၅၀ | ၄၄၄၈ | ၂၀၀၂ | ၁၉၇၄ | ၂၈ | |
| ၅၆ | ကုလားရှင်ကျေးရွာအုပ်စု | ၂ | ၂၁၅၀ | ၁၆၀၃ | ၅၄၇ | ၅၄၇ | | |
| ၅၇ | ကွင်းကြီးကျေးရွာအုပ်စု | ၅ | ၂၇၅၀ | ၁၇၇၉ | ၉၇၁ | ၉၇၁ | | |
| ၅၈ | န-ဝွေးချိုကျေးရွာအုပ်စု | ၄ | ၂၉၀၀ | ၁၈၉၂ | ၁၀၀၈ | ၁၀၀၈ | | |
| ၅၉ | ကံသာကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၁၉၇ | ၆၀၃ | ၆၀၃ | | |
| ၆၀ | ဝွေးတောက်ကုန်းကျေးရွာအုပ်စု | ၄ | ၃၁၅၀ | ၂၃၄၂ | ၈၀၈ | ၈၀၈ | | |
| ၆၁ | ကျောက်တန်းကျေးရွာအုပ်စု | ၆ | ၅၀၅၀ | ၃၅၁၁ | ၁၅၃၉ | ၁၅၃၉ | | |
| ၆၂ | ရွာတော်ကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၉၉၄ | ၃၀၆ | ၃၀၆ | | |
| ၆၃ | ဥယျာဉ်ကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၄၀၃ | ၆၉၇ | ၅၉၇ | ၁၀၀ | |
| ၆၄ | ဆည်လည်ကျေးရွာအုပ်စု | ၆ | ၃၇၀၀ | ၂၅၃၉ | ၁၁၆၁ | ၁၁၃၅ | ၂၆ | |
| ၆၅ | ပန်းညိုကျေးရွာအုပ်စု | ၄ | ၂၅၀၀ | ၁၆၇၉ | ၈၂၁ | ၆၇၁ | ၁၅၀ | |
| ၆၆ | လျှော်ချောင်းကြီးကျေးရွာအုပ်စု | ၅ | ၃၅၅၀ | ၂၄၅၇ | ၁၀၉၃ | ၁၀၉၃ | | |
| ၆၇ | သစ်လှကျင်းကျေးရွာအုပ်စု | ၄ | ၂၈၅၀ | ၁၉၀၁ | ၉၄၉ | ၉၄၉ | | |
| ၆၈ | ပေပင်ကုန်းကျေးရွာအုပ်စု | ၃ | ၂၉၀၀ | ၁၉၃၅ | ၉၆၅ | ၉၆၅ | | |
| ၆၉ | ရေငံကျေးရွာအုပ်စု | ၄ | ၃၃၀၀ | ၂၂၉၀ | ၁၀၁၀ | ၁၀၁၀ | | |
| ၇၀ | န-ဘူးကွဲကျေးရွာအုပ်စု | ၃ | ၁၅၀၀ | ၁၀၇၁ | ၄၂၉ | ၄၂၉ | | |
| ၇၁ | မြင်းတဲကြီးကျေးရွာအုပ်စု | ၇ | ၅၁၀၀ | ၃၈၂၇ | ၁၂၇၃ | ၁၂၇၃ | | |
| ၇၂ | ကျောင်းကုန်းကျေးရွာအုပ်စု | ၃ | ၂၆၀၀ | ၁၈၂၄ | ၇၇၆ | ၇၇၆ | | |
| ၇၃ | ကျောက်တံခါးကျေးရွာအုပ်စု | ၄ | ၁၆၀၀ | ၉၄၀ | ၆၆၀ | ၆၁၀ | ၅၀ | |
| ၇၄ | ပ-လက်ခုပ်ပင်ကျေးရွာအုပ်စု | ၃ | ၂၀၅၀ | ၁၂၇၅ | ၇၇၅ | ၇၇၅ | | |
| ၇၅ | ကျွန်းချောင်းကျေးရွာအုပ်စု | ၄ | ၂၂၀၀ | ၁၄၈၄ | ၇၁၆ | ၇၁၆ | | |
| ၇၆ | ဆုံကုန်းကြီးကျေးရွာအုပ်စု | ၃ | ၃၃၅၀ | ၂၁၂၃ | ၁၂၂၇ | ၁၂၂၇ | | |
| ၇၇ | သရက်ချဉ်ကျေးရွာအုပ်စု | ၄ | ၄၀၀၀ | ၂၀၄၇ | ၁၉၅၃ | ၆၀၅ | ၁၃၄၈ | |
| ၇၈ | ဝါပန်ကျေးရွာအုပ်စု | ၅ | ၃၉၅၀ | ၂၅၇၅ | ၁၃၇၅ | ၁၂၇၅ | ၁၀၀ | |
| ၇၉ | ထန်းပင်ကုန်းကြီးကျေးရွာအုပ်စု | ၃ | ၁၇၅၀ | ၁၀၉၂ | ၆၅၈ | ၂၈၂ | ၃၇၆ | |
| ၈၀ | ဆည်ကြီးကျေးရွာအုပ်စု | ၅ | ၄၁၁၉ | ၂၃၅၆ | ၁၇၆၃ | ၁၅၉၄ | ၁၆၉ | |
| | ရပ်ကျေးချုပ်စုစုပေါင်း | ၂၈၁ | ၂၀၅၉၆၉ | ၁၃၈၃၃၇ | ၆၇၆၃၂ | ၆၃၉၅၃ | ၃၆၇၉ | |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၁၈၈၀ | ၁၃၂၇ | ၅၅၃ | ၅၅၃ | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၅၅၈၁ | | ၁၅၅၈၁ | ၁၅၂၉၇ | ၂၈၄ | |
| | မြို့နယ်ချုပ်စုစုပေါင်း | | ၂၂၃၄၃၀ | ၁၃၉၆၆၄ | ၈၃၇၆၆ | ၇၉၈၀၃ | ၃၉၆၃ | |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မေ ၁၉ ရက်မှစတင်ကာ နယူးဇီလန်နှင့် ဩစတြေးလျတို့အကြား အသွားအလာစောင့်ကြည့်ကန့်သတ်မှု ကင်းလွတ်စွာဖြင့် ခရီးသွားလာခွင့်ရမည်

ဝယ်လင်တန် မေ ၆

နယူးဇီလန်နှင့် ဩစတြေးလျနိုင်ငံတို့အကြား အသွားအလာကန့်သတ်မှုကင်းလွတ်ခွင့်ဖြင့် ခရီးသွားခွင့်အတွက် နယူးဇီလန်နိုင်ငံက အောင်မြင်စွာ စီမံခန့်ခွဲပြီးနောက် မေ ၁၉ ရက်တွင် ခရီးသွားလာခွင့်ပေးမည်ဟု နယူးဇီလန်ဝန်ကြီးချုပ် ဂျက်စင်ဒါ အာဒန်က မေ ၆ ရက်တွင် ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့ကြား အသွားအလာကန့်သတ်မှု ကင်းလွတ်ခွင့်ဖြင့် ခရီးသွားလာနိုင်မှု သတ်မှတ်ချက်အတိုင်းပြည့်မီပါက ခရီးသွားလာခွင့်စတင်ပေးမည်ဟု ဂျက်စင်ဒါအာဒန်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ကျန်းမာရေးညွှန်ကြားရေးမှူးချုပ်က ဩစတြေးလျနိုင်ငံမှ နယူးဇီလန်နိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့လာနိုင်မှုအခြေအနေမှာ နည်းပါးသည်ဟု ယူဆကြောင်း၊ ထို့ကြောင့် အသွားအလာကန့်သတ်မှုကင်းမဲ့ခွင့်ဖြင့် ခရီးသွားလာခွင့်မှာ စိတ်ချရဖွယ်ရှိသည်ဟု ပြောကြားခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်မှုကို နှိမ်နင်းနေစဉ်အတွင်း စီးပွားရေးပြန်လည်နာလန်ထူမှုနှင့် အပြည်ပြည်ဆိုင်ရာခရီးစဉ်များကို ယုံကြည်စိတ်ချစွာပြန်လည်စတင်နိုင်ရေးအတွက် အစီအမံများကို ပြောကြားခဲ့ကြသည်။

သို့သော်လည်း ကူးစက်မှုပေါ်ပေါက်လာပါက ခရီးသွားလာမှုတွင် အငြင်းပွားမှုများ ဖြစ်ပေါ်လာနိုင်သည်ကိုမူ ပြည်သူများ စီစဉ်ထားသင့်သည်ဟု ၎င်းက သတိပေးပြောကြားခဲ့သည်။ အသွားအလာကန့်သတ်မှုကင်းလွတ်ခွင့်ဖြင့် ခရီးသွားရာတွင် ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ဆေးစစ်ချက်ပြသရန် မလိုသလို ၁၄ ရက်တာကာလအတွင်း ကိုဗစ်-၁၉ ဆေးစစ်ချက်ကို စောင့်ဆိုင်းစရာမလိုဟု သိရသည်။ ဆင်ဟွာ



နယူးဇီလန်ဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန်။


မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလျှံနေမှုကို တွေ့ရစဉ်။

# မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အင်ဒိုနီးရှားနိုင်ငံနှင့် အရှေ့တီမောတို့တွင် သေဆုံးသူ ၁၀၀ ကျော် ရှိလာ

ဂျကာတာ မေ ၆

အင်ဒိုနီးရှားနိုင်ငံနှင့် အရှေ့တီမောတို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြေပြိုမှုတို့ကြောင့် လူ ၁၀၀ ကျော် သေဆုံးခဲ့သည်ဟု သိရသည်။ မေ ၄ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမြေပြိုမှုများ၊ ရွံ့နွံများ စီးဆင်းမှုများ ပေါ်ပေါက်ခဲ့သည်။ အန်ဒိုရာနှင့် လန်ဘာတာကျွန်းတို့တွင် သေဆုံးသူ ၈၃ ဦးရှိသည်ဟု အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းနူဆာတင်ဂါရာပြည်နယ်မှ အရာရှိများက ပြောသည်။

လူ ၁၁၀ ပျောက်ဆုံးနေဆဲဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ အရှေ့တီမောမြို့တော် ဒီလီတွင် သေဆုံးသူ ၂၁ ဦးရှိသည်ဟု သိရသည်။ အင်ဒိုနီးရှားနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နေအိမ်ပေါင်း ၇၇ လုံးထက်မနည်း ပျက်စီးသွားသည်ဟုသိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် လှိုင်းကြီးမှုများ မေ ၇ ရက်အထိ ဆက်လက်ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းထားပြီး ကယ်ဆယ်ရေးလုပ်ငန်းများတွင် အနှောင့်အယှက် အဟန့်အတားများဖြစ်လာနိုင်သည်ဟု သိရသည်။

ရေကြီးမှုခံစားနေရသည့် ကျွန်းများသို့ အင်ဒိုနီးရှား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး အရာရှိများက အကူအညီပေးရေး သင်္ဘောများ စေလွှတ်ရန် မလွယ်ကူဟု သိရသည်။ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်လည်း အင်ဒိုနီးရှား သမ္မတ ဂျိုကိုဝီဒိုဒိုက မှာကြားထားကြောင်း ပြောသည်။

မိုးရွာသွန်းမှု အရှိန်မြင့်လာသည့်အတွက် မိုးလေဝသ အရာရှိများထံမှ ထုတ်ပြန်ချက်များကို ပြည်သူများ ဂရုပြုလိုက်နာကြရန်လည်း ၎င်းက တိုက်တွန်းထားသည်။

အင်န်အိတ်ချ်ကေ

# တိုကျိုအိုလံပစ်တွင် မြောက်ကိုရီးယားမှ အားကစားသမားများ ပါဝင်ဆင်နွှဲမည်မဟုတ်

ပြုံယမ်း မေ ၆

ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း တိုကျိုအိုလံပစ်သို့ အားကစားသမားများ စေလွှတ်မည်မဟုတ်ဟု မြောက်ကိုရီးယားဘက်က ပြောကြားခဲ့သည်။ မတ် ၂၅ ရက်တွင် မြောက်ကိုရီးယား အိုလံပစ် ကော်မတီသည် အားကစားသမားများ၏ အကြံပြုချက်များကို ဆွေးနွေးခဲ့ကြရာ တစ်ကမ္ဘာလုံး ခံစားနေရသည့် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုမှ အားကစားသမားများကို အကာအကွယ်ပေးရန်အတွက် (၃၂)ကြိမ်မြောက် အိုလံပစ်အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်တော့မည်မဟုတ်ဟု ရေးသားထားသည်ကို အားကစားဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် တင်ထားသည်။

နွေရာသီ အားကစားပြိုင်ပွဲကို ဇူလိုင် ၂၃ ရက်တွင် ကျင်းပရန် စီစဉ်ထားသည်။ မြောက်ကိုရီးယားနိုင်ငံသည် ကိုဗစ်-၁၉ အန္တရာယ်ကြောင့် ၎င်း၏ အိမ်နီးချင်းနှစ်နိုင်ငံဖြစ်သည့် တရုတ်နှင့် ရုရှားနိုင်ငံတို့သို့ ခရီးသွားလာမှုနှင့် ပတ်သက်ပြီး စည်းကမ်းတင်းကျပ်ထားသည်။

ထိုစဉ် ဂျပန်နိုင်ငံ အားကစားဝန်ကြီး မူရာကာဝါ တာမာယိုက မြောက်ကိုရီးယား၏ ကြေညာချက်နှင့် ပတ်သက်ပြီး အသေးစိတ်အချက်အလက်များကို အတည်ပြုဆဲဖြစ်ကြောင်း ပြောကြားခဲ့သည်။

တောင်ကိုရီးယားရှိ ပေါင်းစည်းရေး ဝန်ကြီးဌာနကလည်း အိုလံပစ် အားကစားပြိုင်ပွဲမှ မြောက်ကိုရီးယား နုတ်ထွက်သွားမှုကို စိတ်မကောင်းဖြစ်ကြောင်း၊ တိုကျို အားကစားပြိုင်ပွဲသည် ကိုရီးယား နှစ်နိုင်ငံကြား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကို မြှင့်တင်ရန် ကူညီပေးနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။ အင်န်အိတ်ချ်ကေ


၂၀၁၆ခုနှစ် ဩဂုတ်လတွင်း ရီယိုဒီဂျနေးရိုးတွင် ကျင်းပသည့် အားကစားပြိုင်ပွဲသို့ လာရောက်သော မြောက်ကိုရီးယား အားကစားသမားများကို တွေ့ရစဉ်။

# အမေရိကန်နှင့် အီရန်တို့အကြား သွယ်ဝိုက်သော ရှူကလီးယားဆွေးနွေးပွဲ စတင်

တီဟီရန် မေ ၆

အမေရိကန်အထူးသံတမန် ရောဘတ်မှုလေ ဦးဆောင်သော အမေရိကန် စေ့စပ်ညှိနှိုင်းသူများသည် မေ ၆ ရက်တွင် အီရန်နှင့် သွယ်ဝိုက်သော ရှူကလီးယားဆွေးနွေးပွဲစတင်ပြီး အမေရိကန်ဘက်မှ ပိတ်ဆို့ထားမှုများကိုဖယ်ရှားပေးခြင်းဖြင့် အီရန်နိုင်ငံ၏ ရှူကလီးယားကန့်သတ်မှုများကို ပြန်လည်စတင်နိုင်လိမ့်မည်ဟု ဂျိုးဘိုင်ဒင်အစိုးရအဖွဲ့က မျှော်လင့်ထားသည်။

ဆွေးနွေးရမည့်အဓိကအကြောင်းအရာမှာ ရိုးရိုးရှင်းရှင်းပင် ဖြစ်သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ နက်ပရိုက်စ်က မေ ၅ ရက်တွင် သတင်းထောက်များကို ပြောသည်။ အီရန်နိုင်ငံ၏ ရှူကလီးယားလှုပ်ရှားမှုများသည် ၂၀၁၅ ခုနှစ် ရှူကလီးယားစာချုပ်အတိုင်းလိုက်နာရန် လိုအပ်ပြီး အခြားတစ်ဖက်ကလည်း အမေရိကန်ဘက်မှ ပိတ်ဆို့မှုများဖယ်ရှားပေးရန် ဆွေးနွေးမှုများ ပြုလုပ်သင့်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆွေးနွေးပွဲဖြင့် နှစ်ဖက်စလုံးချောင်ပိတ်မိနေသော အခြေအနေကို ချိုးဖျက်ရန် ကြိုးစားနေစဉ် အောင်မြင်မှုကိုလည်း မျှော်လင့်ထားကြသည်။

ဗီယင်နာတွင် ဆွေးနွေးပွဲကျင်းပရန် စီစဉ်ထားပြီး ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှား၊ တရုတ်၊ အီရန်တို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်မည်ဖြစ်သည်။ အချိန်သတ်မှတ်ချက်ကို ကြေညာထားခြင်း မရှိသေးပေ။

သို့သော်လည်းသဘောတူညီမှုမှာ နှစ်လအတွင်း ရရှိနိုင်မည်ဟု မျှော်လင့်ထားသည်။ ဇွန်လအတွင်း အီရန် ရွေးကောက်ပွဲပြုလုပ်မည်ဖြစ်ပြီး သဘောထားတင်းမာသည့်ဘက်မှ အနိုင်ရရန် အလေးသာလျက်ရှိသည်။ ဝါရှင်တန်ပို့စ်

# တရုတ်နိုင်ငံမှ ရောက်ရှိလာသော ကာကွယ်ဆေးများဖြင့် နီပေါနိုင်ငံတွင် ကာကွယ်ဆေးထိုးမှု ပြန်လည်စတင်တော့မည်

ခတ္တမန္ဒူ မေ ၆

နီပေါနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု တိုးလာချိန် တရုတ်နိုင်ငံမှ လှူဒါန်းလိုက်သော ကိုဗစ်-၁၉ ကာကွယ်ဆေးများ ရောက်ရှိလာသောကြောင့် နီပေါအစိုးရသည် ကာကွယ်ဆေးထိုးမှုများ လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ကြောင်း ကျန်းမာရေးနှင့် လူမှုရေးဝန်ကြီးဌာန အရာရှိတစ်ဦးက ပြောကြားလိုက်သည်။

မတ် ၂၉ ရက်က ဆီနိုဖမ်းမှထုတ်လုပ်လိုက်သော တရုတ် ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအသုတ်ကို နီပေါနိုင်ငံသို့ ဖြန့်ဝေပေးခဲ့သည်။

တရုတ်ကာကွယ်ဆေးကို ဗုဒ္ဓဟူးနေ့မှစတင်ကာ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျာဂျက်ဝေါ်ဂွာတမ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

အထူးဦးစားပေး လုပ်ငန်းများတွင် ပါဝင်သူများ၊ တရုတ်အစိုးရပညာတော်သင်ဆုဖြင့် တရုတ်နိုင်ငံတွင် လေ့လာနေသော ကျောင်းသားများ၊ နီပေါတွင် ကိုဗစ်-၁၉ ဖြစ်ပွားမှုကြောင့် ပိတ်မိလျက်ရှိနေသူများ၊ အဆင့်မြင့်ပညာ ဆက်လက် သင်ရန် တရုတ်နိုင်ငံသို့ ထွက်ခွာမည့် နီပေါကျောင်းသားများ၊ နယ်စပ်ကုန်သွယ်ရေးတွင် ပါဝင်သူများကို တရုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံပေးသွားမည်ဖြစ်သည်။

ကျန်းမာရေးနှင့် လူမှုရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ဆက်သွယ်ရေး၊ စာတိုက်လုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်နေရသည့် မရှိမဖြစ်အရေးပါသူများ၊ ရေဖြန့်ဝေပေးရေး လုပ်ငန်းများတွင် ပါဝင်သူများ၊ ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းများတွင် ပါဝင်သူများ၊ အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ပါဝင်သူများ၊ လျှပ်စစ်ဖြန့်ဖြူးနေသူများ၊ စားသောက်ကုန်သိုလှောင် ဖြန့်ချိနေသူများ၊ ဆေးဝါးဖြန့်ဖြူး ရောင်းချနေသူများနှင့် ကျန်းမာရေး လုပ်သားများအနေဖြင့် ဇန်နဝါရီ ၂၇ ရက်က ပထမအကြိမ် ကာကွယ်ဆေး မထိုးလိုက်ရသေးကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက တရုတ်ကာကွယ်ဆေးများကို ခတ္တမန္ဒူရှိ သတ်မှတ်ဆေးရုံများတွင် ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း ပြောသည်။ နီပေါအစိုးရသည် နီပေါနိုင်ငံတွင် ကိုဗစ်-၁၉ စတင်မြင့်တက်လာချိန်ကတည်းက တရုတ်ကိုဗစ်-၁၉ ကာကွယ်ဆေးကို ထိုးပေးခဲ့သည်။

နီပေါနိုင်ငံတွင် မေ ၅ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၇၆ ဦးရှိခဲ့သည်။ မတ်လအစောပိုင်းက ကိုဗစ်-၁၉ ဖြစ်ပွားမှု တစ်နေ့လျှင် ၅၀ အောက် ကျဆင်းခဲ့သည်။

နီပေါနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို လုံလုံလောက်လောက် ဆက်လက်ထိုးနှံပေးနိုင်ရန် တခြားကာကွယ်ဆေး အရင်းအမြစ်များကို ရှာဖွေဆောင်ရွက်လျက်ရှိသည်။ နီပေါနိုင်ငံတွင် ယခုအချိန်အထိ ကိုဗစ်-၁၉ ကာကွယ်ဆေး ၁ ဒသမ ၇ သန်းအား ထိုးပေးပြီးပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် လူမှုရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။



ဆီနိုဖမ်းကိုဗစ်-၁၉ ကာကွယ်ဆေးကို တွေ့ရစဉ်။

ဖေဖော်ဝါရီ ၁၇ ရက်က နီပေါကာကွယ်ဆေးစီမံခန့်ခွဲရေးဌာနက တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ဆေး နီပေါနိုင်ငံတွင် အရေးပေါ်သုံးရန် အတည်ပြုပေးခဲ့သည်။

ဆင်ဟွာ

# ကမ္ဘာ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ဗဟိုချက်နေရာတစ်ခုဖြစ်သော ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ သုံးသိန်းသုံးသောင်းကျော်ရှိလာ

ဆော်ပေါလို မေ ၆

ဘရာဇီးနိုင်ငံတွင် မေ ၅ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၈၆၄၅ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်းနိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၃၀၁၃၆၀၁ ဦး ရှိလာပြီဖြစ်သည်။ ထို့အပြင် ထပ်မံသေဆုံးသူ ၁၃၁၉ ဦး ရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၃၃၂၇၅၂ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မေ ၅ ရက်တွင် ပြောကြားလိုက်သည်။

ဘရာဇီးနိုင်ငံသည် ကမ္ဘာ့ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှု ဗဟိုချက်နေရာတစ်ခုဖြစ်သည်။

ထို့အပြင် ဘရာဇီးနိုင်ငံသည် အမေရိကန်ပြည်ထောင်စုပြီးလျှင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုတွင် ကမ္ဘာ့ဒုတိယ အဆိုးဆုံး ဖြစ်သည်။



ဘရာဇီးနိုင်ငံ ဆော်ပေါလိုတွင် အမျိုးသမီးတစ်ဦး ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ပြီး သွားလာနေသည်ကို တွေ့ရစဉ်။

လွန်ခဲ့သော သီတင်းပတ်က ဘရာဇီးနိုင်ငံ ဒေသအတော်များများရှိ ဆေးရုံများသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများပြားမှုကြောင့် ဝန်ပိနေရသည်။

ဘရာဇီးနိုင်ငံသည် ဇန်နဝါရီ ၁၇ ရက်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်း အစီအစဉ်ကို စတင်ခဲ့သည်။

ယခုအချိန်အထိ လူပေါင်း ၁၉၄၇၄၈၂၆ ဦးကို ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးပြီးချိန်တွင် လူပေါင်း ၅၃၈၉၂၁ ဦးကို ကာကွယ်ဆေးနှစ်ကြိမ် အပြည့်အဝ ထိုးနှံပေးပြီးပြီဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် တစ်ရက်အတွင်းသေဆုံးမှု အမြင့်ဆုံးဖြစ်ပွား

မနီလာ မေ ၆

ဖိလစ်ပိုင်နိုင်ငံတွင် မေ ၆ ရက်က ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၃၈၂ ဦးရှိကြောင်း မှတ်တမ်းတင်ဖော်ပြမှုနှင့်အတူ ၎င်းပမာဏသည် အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံအတွက် တစ်ရက်အတွင်း အမြင့်ဆုံးသေဆုံးသည့် ပမာဏဖြစ်ကြောင်းသိရသလို ယခုအခါတွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် စုစုပေါင်းသေဆုံးသူ ၁၃၈၁၇ ဦးရောက်ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဌာနက သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။

ကျန်းမာရေးဌာနက နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၃၇၃ ရှိကြောင်းဖော်ပြမှုနှင့်အတူ စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၈၁၂၇၆၀ ရှိလာပြီဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ကျန်းမာရေးဌာနက လွန်ခဲ့သောသီတင်းပတ်က နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၄၁ ဦးရှိခဲ့သော်လည်း နည်းပညာအခက်အခဲကြောင့်ဖော်ပြနိုင်ခြင်းမရှိခဲ့ကြောင်း ရှင်းလင်းချက်ထုတ်ပြန်ခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံ၏ ကိုဗစ်-၁၉ ကြောင့် သေဆုံးနှုန်းသည် ၁ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ဖေဖော်ဝါရီ ၂၀ ရက်က တစ်ရက်အတွင်း အမြင့်ဆုံးသေဆုံးမှု ဖြစ်ပွားခဲ့ဖူးကြောင်းနှင့် ထိုအချိန်က လူပေါင်း ၂၃၉ ဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးဌာနက ဖော်ပြခဲ့သည်။ လူဦးရေ သန်း ၁၁၀ ရှိသော ဖိလစ်ပိုင်နိုင်ငံတွင် လူပေါင်း ၉ ဒသမ ၈ သန်းကို ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့တော် မနီလာတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးဖြစ်သည်။ လူပေါင်း ၁၃ သန်းမှီတင်းနေထိုင်သော မနီလာတွင် တခြားနီးကပ်သော ပြည်နယ်လေးခုတွင် တင်းကျပ်သော ကန့်သတ်ပိတ်ဆို့မှု ချမှတ်ထားကြောင်း သိရသည်။

ဆင်ဟွာ

# ကာကွယ်ဆေးထိုးပြီးသွားသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကို ဆက်လက်ကာကွယ်သွားရန်လိုအပ်ကြောင်း ဂျပန်သုတေသနအဖွဲ့သတိပေး

တိုကျို မေ ၆

ဂျပန်ကျန်းမာရေးဝန်ကြီးဌာန သုတေသနအသင်းက ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပြီးသွားသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကို ဆက်လက်ကာကွယ်သွားကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားလိုက်သည်။ ဖိုက်ဇာ-ဘိုင်အွန်တက်ခ် ကာကွယ်ဆေး ထိုးနှံထားသူများသည် ဗိုင်းရပ်စ်နှင့် ထိတွေ့မှုရှိကြောင်း သတင်းဖော်ပြမှုများရှိလာပြီးနောက်တွင် ယခုလို တိုက်တွန်းပြောကြားမှု ထွက်ပေါ်လာခြင်းဖြစ်သည်။

အသက် ၂၀ ဝန်းကျင်ရှိ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းတစ်ဦး ကိုဗစ်-၁၉ ကူးစက်ခံရပြီး ဆေးရုံသို့ တင်လိုက်ရကြောင်း ကြားသိပြီးနောက် အဆိုပါအသင်းက ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။ ၎င်းသည် ဖေဖော်ဝါရီလက ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမအကြိမ် ထိုးနှံမှုခံယူခဲ့သူဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးပြီး ခြောက်ရက်အကြာတွင် နေမကောင်းဖြစ်သည့် သတင်းဖော်ပြချက်ရောက်ရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးနောက် ကိုဗစ်-၁၉ ကူးစက်မှုဖြစ်ပွားခဲ့နိုင်ခြေရှိကြောင်း အဆိုပါသုတေသနအသင်းက ပြောကြားလိုက်သည်။ ၎င်း၏ အခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိလာကြောင်းနှင့် ဆေးရုံမှ ဆင်းသွားပြီဖြစ်ကြောင်း အဆိုပါအသင်းက ထပ်မံပြောကြားလိုက်သည်။

သုတေသနအသင်းသည် ကာကွယ်ဆေးထိုးမှု ခံယူခဲ့သည့် ကျန်းမာရေး ဝန်ထမ်း ၁၉၀၀၀ တို့၏ ကျန်းမာရေးအခြေအနေကိုလည်း စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။ ယခုဖြစ်ရပ်သည် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီး ကိုဗစ်-၁၉ ကူးစက်မှုဖြစ်ပွားခဲ့သည့် ပထမဆုံးဖြစ်ရပ်ဖြစ်ကြောင်း အဆိုပါအသင်းက ပြောသည်။

ဖိုက်ဇာ-ဘိုင်အွန်တက်ခ် ကာကွယ်ဆေးထိုးပြီးနောက် အပြည့်အဝ ကာကွယ်နိုင်ရန် အချိန် ၁၄ ရက်ယူသင့်သည်ဟု ထင်မြင်ကြောင်း အဆိုပါ သုတေသနအသင်းက ပြောကြားလိုက်သည်။

တခြားသူများသို့ ကိုဗစ်-၁၉ ကူးစက်နိုင်ခြေ မရှိသလောက်နည်းသော ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝ ထိုးပြီးထားသူများသည် အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် ပါးစပ်၊ နှာခေါင်းစည်း ဆက်လက်တပ်ဆင်ရန်လိုအပ်ကြောင်း အမေရိကန်အစားအသောက် ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက မတ်လက သတိပေးပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့်အတူ ဆက်လက်ဖော်ထုတ် ဖမ်းဆီး

နေပြည်တော် မေ ၆

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ပြုလုပ်သူ၊ လက်ဝယ်ထားရှိသူများအား ဆက်လက်ဖော်ထုတ် ဖမ်းဆီးလျက်ရှိသည်။



(ဝဲမှယာ) တရားခံ ဟိန်းထက်ဇော်၊ ဟိန်းထက်အောင်၊ ဇင်ကိုကိုအောင်(ခ) ဇင်ကို၊ ရန်နိုင်အောင်(ခ) ရန်နိုင်။

ထိုသို့ ဖော်ထုတ်ဖမ်းဆီးရာတွင် ၂၀၂၂ ခုနှစ် မေ ၅ ရက် ည ၁၀ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ လှည်းကူးမြို့နယ် အောင်မင်္ဂလာရပ်ကွက် (၆)လမ်းနေ မစန်းစန်းထွေး (ခ) ထွေးလေး (၄၆)နှစ် (ဘ) ဦးအောင်မျှင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ မစန်းစန်းထွေး(ခ) ထွေးလေးနှင့်အတူ နိုင်ငံတော်ဆန့်ကျင်ရေး လှုံ့ဆော်စာများ ရေးသားထားသည့် ဗီနိုင်းများ၊ ဆိုင်းဘုတ်များနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

**အကြမ်းဖက်သူများ အသုံးပြုသည့် ပစ္စည်းများသိမ်းဆည်း**

အလားတူ မေ ၆ ရက် နံနက် ၇ နာရီတွင် ပင်လည်ဘူးမြို့၌ မေ ၅ ရက် ညပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်တိုက်ခိုက်ခဲ့မှုဖြစ်စဉ်တွင် ဆူပူအကြမ်းဖက်သူများ အသုံးပြုခဲ့သည့် မိုးကောင်းရပ်ကွက်ရှိ ဇော်ဘွားဘုရား တောင်ကုန်းပေါ်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ သွားရောက်ရှင်းလင်းရှာဖွေခဲ့ရာ ဆူပူအကြမ်းဖက်သူများ အသုံးပြုခဲ့သည့် တူမီးသေနတ် တစ်လက်၊ လက်လုပ်မိုင်း ရှစ်လုံး၊ မီးစာတပ်ဆင်ထားသည့် မီးပုလင်း ၁၅ လုံး၊ လေးခွ တစ်လက်၊ ဂျင်ကလိ လေးချောင်း၊ သံတုတ် တစ်ချောင်း၊ မီးပုလင်းပြုလုပ်မည့် ပုလင်းခွံ ၃၄ လုံး၊ ဓာတ်ဆီများထည့်ထားသည့် ပုံး တစ်ပုံးနှင့် အခြားဆက်စပ်ပစ္စည်းများအား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ နံနက် ၈ နာရီခွဲတွင် မုံရွာမြို့ ထန်းတောရပ်ကွက်ရှိ "မျိုးသီဟ" လက်ဖက်ရည်ဆိုင်သို့ သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ဆိုင်ပိုင်ရှင် မစန္ဒာ(စိစစ်ဆဲ)အား မတွေ့ရှိရဘဲ ဆိုင်အတွင်းမှ သစ်သားဒိုင်း နှစ်ချပ်၊ သံချွန် ငါးခု၊ သံပြား ၁၀ ပြား၊ မက်ဂနတ်သေနတ် နှစ်လက်၊ မိုန်း သုံးချောင်း၊ လှံ သုံးချောင်း၊ အဖြူရောင်ယမ်းစိမ်း တစ်ထုပ်နှင့် အခြားဆက်စပ်ပစ္စည်းများအား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ နံနက် ၈ နာရီခွဲတွင် ပခုက္ကူမြို့ အမှတ်(၁၃)ရပ်ကွက် ပြည်တော်သာလမ်းရှိ "ရတနာ"ဆိုင်ကယ်ပြင်ဆိုင်အား သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ဆိုင်ရှင်ဖြစ်သူ ထွန်းလှိုင်(၄၁)နှစ် နှင့်အတူ ၎င်းဆိုင်အတွင်းမှ သံဒိုင်း ရှစ်ချပ်၊ ဒူးလေးသစ်သားကိုယ်ထည် ငါးခု၊ ဓား လေးချောင်း၊ ဆူးချွန် ၁၆ ချောင်း၊ သုံးမြောင့်ဆူးသံချွန် ခုနစ်ခု၊ စမုတ်တံ ၁၈ ချောင်း၊ ရဲဒင်း နှစ်လက်၊ လေးခွ တစ်လက်၊ လှံ တစ်ချောင်း၊ သံဘောစေ့ ၁၃၀၊ ဓာတ်ဆီဘူး လေးဘူးနှင့် အခြားဆက်စပ်ပစ္စည်းများအား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ နံနက် ၉ နာရီတွင် ခင်ဦးမြို့နယ် ကန်သစ်ကျေးရွာနေ ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်း စိန်ထွန်း (၅၁)နှစ် (ဘ) ဦးစွန်၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ စိန်ထွန်းအား တွေ့ရှိရခြင်းမရှိဘဲ ၎င်းအိမ်အတွင်းမှ ဂက်(စ်)သေနတ် နှစ်လက်၊ ဂျင်ကလိ ရှစ်ချောင်း၊ ဓားမ နှစ်ချောင်း၊ ဖန်ဂေါ်လီအလုံး ၁၀၀၊ ဂက်(စ်)ဘူး ခုနစ်ဘူး၊ ကော်ပိုက်ဖြတ်စက် တစ်ခု၊ ဘောစေ့ အလုံး ၃၀ နှင့် အခြားဆက်စပ်ပစ္စည်းများအား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ နံနက် ၁၀ နာရီခွဲတွင် မဟာအောင်မြေမြို့နယ် ၄၁ လမ်းနှင့် ၉၂ လမ်းဆုံ၌ ရန်နိုင်အောင် (၂၂)နှစ် (ဘ)ဦးဟန်ဝင်း မောင်းနှင်ပြီး ဟိန်းထက်ဇော် (၁၇)နှစ် (ဘ) ဦးစိုးနိုင် လိုက်ပါလာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ၎င်းတို့၏ လက်ကိုင်ဖုန်းများအတွင်း လက်လုပ်သေနတ် ပြုလုပ်ထားသည့် မှတ်တမ်းဓာတ်ပုံများ တွေ့ရှိရသဖြင့် အဆိုပါရပ်ကွက်ရှိ ၎င်းတို့ငှားရမ်းနေထိုင်သည့် နေအိမ်သို့ ဆက်လက်ရှာဖွေခဲ့ရာ ဇင်ကိုကိုအောင်(ခ)ဇင်ကို (၂၅)နှစ် (ဘ) ဦးကျော်နိုင်နှင့် ဟိန်းထက်အောင် (၁၉)နှစ် (ဘ)ဦးအောင်မင်းသိန်းတို့ နှစ်ဦးအား ထပ်မံတွေ့ရှိရသဖြင့် ထိန်းသိမ်းခဲ့ပြီး ဆက်လက်ရှာဖွေခဲ့ရာ အိပ်ခန်းအတွင်းမှ လက်လုပ်သေနတ် ရှစ်လက်၊ လက်လုပ်မိုင်း အလုံး ၇၀ ၊ ဓာတ်မြေဩဇာ တစ်အိတ်၊ ကော်ပိုက်မျိုးစုံ ၅၂ လုံး၊ မီးသတ်ဆေးဘူး နှစ်ဘူး၊ မီးပုလင်း သုံးလုံး၊ မီးရှူးမီးပန်း နှစ်ချောင်း၊ ဓာတ်ငွေ့ကာ ၁၀ ခု၊ ဦးထုပ် လေးလုံး၊ ဒူးကာ လေးစုံ၊ ဓာတ်ငွေ့ကာမျက်မှန် ခြောက်ခု၊ ကျည်ကာအင်္ကျီ ငါးထည်၊ ဖုန်း လေးလုံးနှင့် ဆိုင်ကယ် တစ်စီးအား သိမ်းဆည်းရမိခဲ့သည်။

အလားတူ နံနက် ၁၁ နာရီတွင် တာမွေမြို့နယ် ပုသိမ်ညွန့်ရပ်ကွက် မွေစိန္တာလမ်း အမှတ် ၃၈၊ (၇)လွှာ၊ အခန်း(ဘီ)သို့ သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ အဆိုပါအခန်းတွင် နေထိုင်သူများအား မတွေ့ရှိရဘဲ အခန်းအတွင်းမှ ဂက်(စ်)သေနတ် တစ်လက်၊ ဓားမြှောင် ခုနစ်ချောင်း၊ လက်လုပ်အသံဗုံး တစ်လုံး၊ယမ်းမှုန့် နှစ်ထုပ်၊ Drone အပျက် တစ် ခု၊ ကျည်ကာအင်္ကျီ သုံးထည်၊ ဖိုက်ဘာဦးထုပ် ၁၃ လုံး၊ လက်အိတ် နှစ်စုံ၊ မီးသတ်ဆေးဘူး တစ်ဘူး၊ နားခေါင်းကာ ရှစ်ခု၊ ဓာတ်ငွေ့ကာ မျက်မှန် ရှစ်ခု၊ ဒူးကာ တစ်စုံ၊ တံတောင်ကာ တစ်စုံ၊ စကားပြောစက် နှစ်လုံး၊ မီးရှူးမီးပန်း တစ်ထုပ်၊ ခြောက်အိုး နှစ်ထုပ်နှင့် အခြားဆက်စပ်ပစ္စည်းများအား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

**အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်**

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့် သို့ဝှက်သိမ်းဆည်းထားရှိသူများအား ဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြို့နယ်အချို့၌ ဆူပူဆန္ဒပြသူများအား ဖြိုခွဲထိန်းသိမ်းစဉ် အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုသည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား သိမ်းဆည်းရမိ

နေပြည်တော် မေ ၆

မေ ၆ ရက် နံနက် ၁ နာရီခွဲခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ရန်ကုန်မြို့အတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ပတ္တမြားလမ်းသို့ အရောက် ဦးသန့်ဇင်၏ နေအိမ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လေးခွဖြင့် ပစ်ခတ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် အဆိုပါနေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းနေအိမ်အတွင်းမှ သူရိန်အောင်(ခ) သူရိန် (၂၂)နှစ်(ဘ) ဦးတင်ရွှေပါ လေးဦးနှင့်အတူ လေးခွ တစ်လက်၊ ဖန်ဂေါ်လီ ၁၀ လုံး၊ ဖိုက်ဘာဦးထုပ် နှစ်လုံး၊ မီးခိုးကာမျက်မှန် လေးခု၊ ဓာတ်ငွေ့ကာမျက်မှန် ၂၂ ခု၊ နိုင်ငံတော်ဆန့်ကျင်ရေးစာသားများပါ ဗီနိုင်း၈ သုံးခုနှင့် အခြားဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိသိမ်းဆည်း ဖမ်းဆီးရမိခဲ့သည်။

အထက်ပါ ဖြစ်စဉ်များမှ ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ဆရာ / ဆရာမများ စွမ်းရည်မြှင့် သင်တန်းဖွင့်လှစ်လျက်ရှိသည့် အမှတ် (၂၆) အခြေခံပညာအထက်တန်းကျောင်းအား အကြမ်းဖက်သူများက လက်လုပ်ဗုံးဖြင့် ပစ်ပေါက်

နေပြည်တော် မေ ၆

မေ ၅ ရက်တွင် ချမ်းမြသာစည်မြို့နယ်ရှိ ဆရာ/ ဆရာမများ စွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်လျက်ရှိသည့် အမှတ်(၂၆) အခြေခံပညာ အထက်တန်းကျောင်းအား ဆူပူအကြမ်းဖက်သူများက လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ခဲ့၍ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ မေ ၅ ရက် ညနေ ၃ နာရီခွဲတွင် ချမ်းမြသာစည်မြို့နယ် ၆၆x၆၇ လမ်းကြား ၁၁၁ လမ်းထောင့်ရှိ ဆရာ/ဆရာမများ စွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်လျက်ရှိသည့် အမှတ်(၂၆) အခြေခံပညာ အထက်တန်းကျောင်း၌ ပေါက်ကွဲမှု ဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ နံနက် ၁၁ နာရီခွဲခန့်တွင် ဆူပူအကြမ်းဖက်သူ လူတစ်စုမှ ရေသန့်ဘူးဖြင့် ပြုလုပ်ထားသော လက်လုပ်ဗုံးအား (၁၁၁)လမ်းဘက်မှ ကျောင်းဝင်းအတွင်းသို့ ပစ်ပေါက်ခဲ့ရာ အဆိုပါလက်လုပ်ဗုံးမှာ ကျောင်းဝင်းအတွင်းရှိ တကောင်းသစ္စာ ခန်းမအနီး ကွင်းပြင်သို့ ကျရောက်ခဲ့ပြီး ဆရာ/ဆရာမများ သင်တန်းချိန်ပြီးဆုံးသည့်အချိန်မှ ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး အဆိုပါပေါက်ကွဲမှုကြောင့် လူ၊ အဆောက်အအုံ ထိခိုက်ပျက်စီးမှု မရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၆-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၅-၄-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၆-၄-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၀၇၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၄၆,၂၃၉) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၅၄၁) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၈၂၉) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၆- ၄ - ၂၀၂၁

| နိုင်ငံ | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၅၄၂၅၁၆ | ၁၃၈၅၉၇၃ | ၄၁၉၇၇ |
| ဖိလစ်ပိုင် | ၈၁၂၇၆၀ | ၆၄၆၃၈၁ | ၁၃၈၁၇ |
| မလေးရှား | ၃၅၃၃၂၉ | ၃၃၇၈၆၈ | ၁၃၀၀ |
| မြန်မာ | ၁၄၂၅၄၁ | ၁၃၁၈၂၉ | ၃၂၀၆ |
| စင်ကာပူ | ၆၀၅၁၉ | ၆၀၂၄၉ | ၃၀ |
| ထိုင်း | ၂၉၅၇၁ | ၂၇၉၄၈ | ၉၅ |
| ကမ္ဘောဒီးယား | ၂၈၂၄ | ၁၇၉၄ | ၂၂ |
| ဗီယက်နမ် | ၂၆၃၇ | ၂၄၁၆ | ၃၅ |
| ဘရူနိုင်း | ၂၁၄ | ၁၉၇ | ၃ |
| လာအို | ၄၉ | ၄၇ | ၀ |

## ၆-၄ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၁၄၉၉၃၂၂ | ၂၄၀၅၈၅၆၇ | ၅၆၉၃၂၈ |
| ၂။ | ဘရာဇီး | ၁၃၀၂၃၁၈၉ | ၁၁၄၃၆၁၈၉ | ၃၃၃၁၅၃ |
| ၃။ | အိန္ဒိယ | ၁၂၇၀၉၀၄၇ | ၁၁၇၄၀၄၉၇ | ၁၆၅၆၉၈ |
| ၄။ | ပြင်သစ် | ၄၈၃၃၂၆၃ | ၃၀၀၀၆၄ | ၉၆၈၇၅ |
| ၅။ | ရုရှား | ၄၅၉၇၈၆၈ | ၄၂၂၀၀၃၅ | ၁၀၁၁၀၆ |
| ၆။ | ဗြိတိန် | ၄၃၆၂၁၅၀ | ၃၉၁၂၅၆၂ | ၁၂၆၈၆၂ |
| ၇။ | အီတလီ | ၃၆၇၈၉၄၄ | ၂၉၉၇၅၂၂ | ၁၁၁၃၂၆ |
| ၈။ | တူရကီ | ၃၅၂၉၆၀၁ | ၃၁၃၀၉၇၇ | ၃၂၄၅၆ |
| ၉။ | စပိန် | ၃၃၁၁၃၂၅ | ၃၀၇၇၂၉၆ | ၇၅၇၈၃ |
| ၁၀။ | ဂျာမနီ | ၂၉၀၃၀၃၆ | ၂၅၉၇၁၀၀ | ၇၇၆၃၀ |

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင်စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
စာတိုက်သေတ္တာအမှတ်(၁၄၄)၊
ဖုန်းနံပါတ်၀၆၇-၈၁၀၃၃၄၇၊ ၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ စက်မှုဇုန်(၁) ဦးထွန်းညိုလမ်းရှိ Winco BAG (အိတ်ချုပ်စက်ရုံ)အား မီးရှို့ခဲ့သည့်ဖြစ်စဉ်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့သူများကို ပြစ်ဒဏ်အသီးသီးချမှတ်

နေပြည်တော် မေ ၆

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည့် ဇော်လွင်နှင့် ဇော်လင်းတို့သည် မတ် ၁၆ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် စက်မှုဇုန်(၁) ဦးထွန်းညိုလမ်းရှိ Winco BAG (အိတ်ချုပ်စက်ရုံ)အား မီးရှို့ခဲ့ခြင်းဖြင့် မီးဖြင့် အကျိုးဖျက်ဆီးမှုကို ကျူးလွန်ခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး(Martial Law)စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ-၄၃၆ အရ အလုပ်နှင့်ထောင်ဒဏ်(၂၀)နှစ်ကို မေ ၅ ရက်တွင် အသီးသီး အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ ပြစ်ဒဏ်ချမှတ်ခံရသူနှစ်ဦးအနက် ဇော်လင်းသည် ထွက်ပြေးလွတ်မြောက်နေသဖြင့် ၎င်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၈၇၊ ၈၈ အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် အထည်ချုပ်စက်ရုံများ၊ အခြေခံပညာအထက်တန်းကျောင်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများကို မီးရှို့ဖျက်ဆီးခြင်း၊ မီးငြိမ်းသတ်မှုမဆောင်ရွက်နိုင်ရန် တားဆီးနှောင့်ယှက်မှုများ ဆောင်ရွက်သည့်အပြင် အကြမ်းဖက်မှုများကိုပါ ဆောင်ရွက်လာသဖြင့် စစ်အုပ်ချုပ်ရေးအမိန့် ( Martial Law) အား မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါ ပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဆူပူအကြမ်းဖက်မှုများဆောင်ရွက်ရာတွင် အသုံးပြုသည့် လက်နက်များနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၆

ဆူပူအကြမ်းဖက်သူများ အသုံးပြုလျက်ရှိသည့် လက်နက်များနှင့် ပစ္စည်းများ သိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေသတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိရာ မေ ၄ ရက်တွင် လားရှိုးမြို့ အရှေ့ခါးရိုးလမ်း နယ်မြေ(၈) ရပ်ကွက်(၉)နေ ကျော်မော်အောင်(ခ)အောင်အောင် (ဘ)ဦးသိန်းထွန်းအောင်နှင့် စိုးမင်းဦးတို့နှစ်ဦးကို လက်လုပ်သေနတ်တစ်လက်၊ ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း။

ဖမ်းဆီးထိန်းသိမ်း

မေ ၅ ရက်တွင် တာမွေမြို့နယ် ပုသိမ်ညွန့်ရပ်ကွက် မွေစိန္တာလမ်း အမှတ်(၃၈) (၇)လွှာ အခန်း(ဘီ)၌ လက်လုပ်သေနတ်တစ်လက်၊ လက်လုပ်အသံဗုံးတစ်လုံး၊ အခြားဆက်စပ်ပစ္စည်းများအား လည်းကောင်း၊ လှည်းကူးမြို့နယ် အောင်မင်္ဂလာရပ်ကွက်(၆)လမ်းနေ မစန်းစန်းထွေး(ခ)ထွေးလေး (ဘ)ဦးအောင်မျှင်၏ နေအိမ်၌ ၎င်းကို ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများဖြင့် လည်းကောင်း၊ မှော်ဘီမြို့နယ် လှပဒါးကျေးရွာရှိ သက်လွင်၏ နေအိမ်၌ ၎င်းကို WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၊ လေဖိအားသုံးပစ္စတိုတစ်လက်၊ ဂျင်ကလိ ၁၂ ချောင်း၊ အခြားဆက်စပ်ပစ္စည်းများနှင့်တွေ့ရှိသဖြင့် ဆက်လက်ရှာဖွေရာ အဆိုပါခြံဝင်းအနီး၌ မသင်္ကာဖွယ်ရာ Taxi တစ်စီးတွေ့ရှိသဖြင့် စစ်ဆေးရာ မျိုးမင်းလတ်(ဘ)ဦးအောင်၊ ဇော်ထိုက်(ဘ)ဦးအောင်သိန်း၊ မမေသဇင်(ခ)မဗိုက်(ဘ)ဦးမောင်ရှိန်၊ မသဉ္ဇာလင်း (ဘ)ဦးထိန်လင်းနှင့် မမျိုးသီရိကျော် (ဘ)ဦးထိန်လင်းတို့ငါးဦးကိုလည်းကောင်း၊ မုံရွာမြို့ နန္ဒဝန်ရပ်ကွက် စည်သူလမ်းရှိ ကျော်မျိုးခိုင် (ဘ) ဦးစိုးတင့် ကို ၎င်း၏နေအိမ်၌ ပစ္စတိုတစ်လက်၊ ၎င်းကျည် ၅၂ တောင့်ဖြင့် လည်းကောင်း၊ ထန်းတောရပ်ကွက်ရှိ မျိုးသီဟလက်ဖက်ရည်ဆိုင်အတွင်းမှ မက်ဂနတ်သေနတ်နှစ်လက်၊ အခြားဆက်စပ်ပစ္စည်းများအားလည်းကောင်း၊ ပင်လည်ဘူးမြို့ မိုးကောင်းရပ်ကွက် ဇော်ဘွားဘုရား တောင်ကုန်းပေါ်၌ တူမီးသေနတ်တစ်လက်၊ လက်လုပ်မိုင်းရှစ်လုံး၊ မီးပုလင်း ၁၅ လုံး၊ အခြားဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ပခုက္ကူမြို့ အမှတ်(၁၃)ရပ်ကွက် ပြည်တော်သာလမ်းရှိ ရတနာဆိုင်ကယ်ပြင်ဆိုင်အတွင်းမှ ဆိုင်ရှင်ဖြစ်သူ ထွန်းလှိုင် ကို ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများနှင့်လည်းကောင်း၊ ခင်ဦးမြို့နယ် ကန်သစ်ကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်း ဦးစိန်ထွန်း(ဘ) ဦးစွန်၏ နေအိမ်၌ လက်လုပ်သေနတ်နှစ်လက်၊ ဂျင်ကလိ ရှစ်ချောင်း၊ အခြားဆက်စပ်ပစ္စည်းများအားလည်းကောင်း၊ အင်းပတ်ကျေးရွာရှိ SEVEN STAR စားသောက်ဆိုင်၌ ဝင်ရောက်လုပ်ကိုင်နေသူ မိုးဆန်းဦး(ဘ) ဦးမြင့်ဌေး ကို မီးပုလင်း ၁၀ လုံး၊ အခြား ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

အလားတူ ယနေ့တွင် သင်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းနှင့် သံသုမာလမ်းထောင့်၌ မော်တော်ယာဉ်အမှတ် YGN/ 9D-6146၊ TOYOTA အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့် စစ်ဆေးရှာဖွေရာ အောင်ကျော်သက်(ခ) ရောကျော် (ဘ) ဦးကြည်မောင်၊ ဦးထိန်လင်း (ဘ)ဦးထော်ကြီးနှင့် ဦးထွန်းဝင်းအောင်(ခ) စောကရင်(ဘ) ဦးလှိုင်ထွန်းတို့ကို WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၇ ပြား၊ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများနှင့် လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ပတ္တမြားလမ်း အမှတ်(၂၀၉/ဘီ)ရှိ မြို့နယ် NLD ပါတီ အလုပ်အမှုဆောင် ဦးသန့်ဇင်၏ နေအိမ်အတွင်းမှ လုံခြုံရေး တပ်ဖွဲ့ဝင်များကို လေးခွဖြင့် ပစ်ခတ်ရန်ပြုတိုက်ခိုက်လာသဖြင့် ဝင်ရောက်စစ်ဆေးရာ သူရိန်အောင်(ဘ) ဦးတင်ရွှေ၊ ကျော်ဇင်ဦး(ဘ) ဦးဘလွင်၊ ဘုန်းခန့်ထွန်း(ဘ) ဦးထွန်းထွဋ်ဌေးနှင့် နိုင်မင်းထက်(ဘ) ဦးအောင်နိုင်ဦးတို့ လေးဦးကို ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများ၊ အခြားဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ မဟာအောင်မြေမြို့နယ် စံပြရပ်သံလျက်မှော်အနောက်ရပ်ကွက်ရှိ အဆောင်အတွင်းမှ ရန်နိုင်အောင်(ဘ)ဦးဟန်ဝင်း၊ ဟိန်းထက်ဇော်(ဘ)ဦးစိုးနိုင်၊ ဟိန်းထက်အောင်နှင့် ဇင်ကိုကိုအောင် တို့ကို သုံးလက်မ ကော်ပိုက်များဖြင့် ပြုလုပ်ထားသည့် အရှည်လေးပေခွဲရှိ လက်လုပ်ဗုံးပစ်လက်နက်သုံးလက်၊ လက်လုပ်သေနတ်ငါးလက်၊ လက်လုပ်မိုင်း ၇၀၊ အခြား ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

အမှုဖွင့်လှစ်ဆောင်ရွက်

ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိသူများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရန် အမှုဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးရှာဖွေသတင်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



မြောက်ဥက္ကလာပမြို့နယ် ဆူပူအကြမ်းဖက်မှုတွင် ဖမ်းဆီးရမိသူများကို အသုံးပြုသည့်ပစ္စည်းများနှင့် အတူ တွေ့ရစဉ်။



လားရှိုးဆူပူအကြမ်းဖက်မှုတွင် ဖမ်းဆီးရမိသူများအား အသုံးပြုသည့် ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။



သင်္ဃန်းကျွန်းမြို့နယ် ဆူပူအကြမ်းဖက်မှုတွင် ဖမ်းဆီးရမိသူများအား အသုံးပြုသည့်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

# စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့၌ ဆူပူအကြမ်းဖက်သူလူအုပ်စု၏ ရန်ပြုတိုက်ခိုက်မှုကြောင့် နိုင်ငံတော်ပိုင်အဆောက်အဦလေးလုံး မီးလောင်ပျက်စီးဆုံးရှုံး

နေပြည်တော် ဧပြီ ၆
စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့၌ ဆူပူ
အကြမ်းဖက်သူလူအုပ်စု၏ ရန်ပြုတိုက်ခိုက်မှု
ကြောင့် နိုင်ငံတော်ပိုင် အဆောက်အဦလေးလုံး
မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း မြန်မာနိုင်ငံ
ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။
အဆိုပါ သတင်းထုတ်ပြန်ချက်အရ ဧပြီ ၅ ရက်
မွန်းလွဲ ၁ နာရီခန့်တွင် ဆူပူအကြမ်းဖက်သူ လူစု
လူဝေးအင်အား ၇၀ ခန့်က ပင်လည်ဘူးမြို့ရှိ မြို့မ
ရဲစခန်းသို့ တူမီးသေနတ်၊ လေသေနတ်၊ လေးခွ၊
ဂျင်ကလိ၊ မီးပုလင်းများဖြင့် လာရောက်ပစ်ခတ်
တိုက်ခိုက်ခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်
ခြောက်လှန့်လူစုခွဲခဲ့ရာ မွန်းလွဲ ၃ နာရီတွင် လူစု
ကွဲသွားခဲ့ကြောင်း။
အလားတူ ညနေ ၅ နာရီခွဲတွင် ပင်လည်ဘူးမြို့
စော်ဘွားဘုရားကုန်းပေါ်မှ ဆူပူအကြမ်းဖက်သူ
လူစုလူဝေးအင်အား ၂၀၀ ခန့်က တူမီးသေနတ်၊
လက်လုပ်သေနတ်၊ မီးပုလင်းများဖြင့် မြို့နယ်
တရားရုံးအား ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့်
လုံခြုံရေးတပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ်လူစုခွဲ
နေစဉ် ည ၇ နာရီခွဲခန့်တွင် မြို့နယ်စီမံအုပ်ချုပ်ရေး
အဖွဲ့ရုံးအား မီးကွင်း၊ မီးပုလင်းများဖြင့် ထပ်မံပစ်ခတ်
ခဲ့၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး မီးစတင်
လောင်ကျွမ်းခဲ့ပြီး အဆိုပါ ရုံးဝင်းအတွင်းရှိ မြို့နယ်
တရားရုံးနှင့် မြို့နယ်ကော်မရှင်ရုံးအဟောင်းတို့အား
မီးကူးစက်လောင်ကျွမ်းခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ
နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့
သောကြောင့် ည ၈ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်း
သွားခဲ့ကြောင်း။
မတ် ၆ ရက် နံနက် ၄ နာရီခွဲတွင် အကြမ်းဖက်
သမားများက မီးကွင်း၊ မီးပုလင်းပစ်ခတ်မှုကြောင့်
မီးလောင်ကျွမ်းဆုံးရှုံးခဲ့ရသည့် အဆောက်အဦများ၏
မီးကြွင်းမီးကျန်များမှတစ်ဆင့် မြို့နယ်စီမံအုပ်ချုပ်
ရေးအဖွဲ့ရုံးဝင်းအတွင်းရှိ မြို့နယ်စည်ပင်သာယာ
ရုံးအား မီးကူးစက်လောင်ကျွမ်းခဲ့ရာ ဝိုင်းဝန်းမီးငြိမ်း
သတ်မှုကြောင့် နံနက် ၆ နာရီခွဲအချိန်တွင် မီးငြိမ်း
သွားခဲ့ကြောင်း။
ဖြစ်စဉ်တွင် ဆူပူအကြမ်းဖက်သူလူအုပ်စု၏
မီးကွင်း၊ မီးပုလင်းများဖြင့် အကြမ်းဖက် ပစ်ခတ်
တိုက်ခိုက်ခဲ့မှုကြောင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့
ရုံး၊ မြို့နယ်တရားရုံး၊ မြို့နယ်ကော်မရှင်ရုံးအဟောင်း
နှင့် မြို့နယ်စည်ပင်သာယာရေးရုံးတို့ (တန်ဖိုး- စိစစ်
ဆဲ) မီးလောင်ကျွမ်းပျက်စီးဆုံးရှုံးခဲ့ကြောင်း။
ထိုကဲ့သို့ နိုင်ငံတော်ပိုင်အဆောက်အဦများကို
ပျက်စီးဆုံးရှုံးစေရန် ရည်ရွယ်ချက်များဖြင့် အကြမ်း
ဖက်ဖျက်ဆီးမှုလုပ်ရပ် လုပ်ဆောင်ခဲ့သူများအား
ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး
လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်
ရှိကြောင်းနှင့် အလားတူ ထပ်မံဖြစ်ပွားမှု မရှိစေရေး
လိုအပ်သော လုံခြုံရေးအင်အားများ တိုးမြှင့်
ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။
သတင်းစဉ်


# ရှမ်းပြည်နယ် ကျောက်မဲမြို့၌ အကြမ်းဖက်သူအမျိုးသားနှစ်ဦးက မိုင်းတစ်လုံးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် တိုးဂိတ်အဆောက်အဦနှင့် ဆိုင်ကယ်တစ်စီး ထိခိုက်ပျက်စီးကာ တိုးဂိတ်ဝန်ထမ်း အမျိုးသားသုံးဦး ဒဏ်ရာရ

နေပြည်တော် ဧပြီ ၆
ရှမ်းပြည်နယ် ကျောက်မဲမြို့ရှိ
အေးရှားဝေါတိုးဂိတ်အား အကြမ်း
ဖက်သူအမျိုးသားနှစ်ဦးက မိုင်း
တစ်လုံးဖြင့် ပစ်ခတ်တိုက်ခိုက်မှု
ကြောင့် တိုးဂိတ်အဆောက်အဦ
နှင့် ဆိုင်ကယ်တစ်စီး ထိခိုက်
ပျက်စီးခဲ့ပြီး တိုးဂိတ်ဝန်ထမ်း
အမျိုးသားသုံးဦး ထိခိုက်ဒဏ်ရာ
ရရှိခဲ့ကြောင်း မြန်မာနိုင်ငံ
ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်
အရ သိရသည်။
အဆိုပါ သတင်းထုတ်ပြန်ချက်
အရ ဧပြီ ၅ ရက် ည ၇ နာရီ ခန့်
တွင် ကျောက်မဲမြို့ ပန်းပေါင်း
ကျေးရွာအနီးရှိ မန္တလေး- လားရှိုး
လမ်းမကြီး မိုင်တိုင်အမှတ် ၁၁၀
မိုင် ၁ ဖာလုံတွင် တည်ရှိသော
အေးရှားဝေါတိုးဂိတ်ကို အကြမ်း
ဖက်သူအမျိုးသားနှစ်ဦး(စိစစ်ဆဲ)
က ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိ
လာပြီး တိုးဂိတ်ရှိ ဆိုင်ကယ်
ဝင်သည့် လမ်းပေါ်သို့ မိုင်းတစ်လုံး
(စိစစ်ဆဲ)ဖြင့် ပစ်ပေါက်ထွက်ပြေး
သွားခဲ့သဖြင့် အဆိုပါမိုင်း
ပေါက်ကွဲခဲ့ပြီး တိုးဂိတ်ဝန်ထမ်း
အမျိုးသားသုံးဦးတွင် ထိခိုက်
ဒဏ်ရာများရရှိခဲ့ကာ တိုးဂိတ်အနီး
ရပ်တန့်ထားသည့် ဆိုင်ကယ်
တစ်စီးနှင့် တိုးဂိတ်အဆောက်အဦ
တို့ ထိခိုက်ပျက်စီးခဲ့ကြောင်း။
ဖြစ်စဉ်တွင် အေးချမ်းစွာ
နေထိုင်လျက်ရှိသော ပြည်သူလူထု
နှင့် ခရီးသွားပြည်သူများ၏
အကျိုးစီးပွားကို ထိခိုက်ပျက်စီး
စေရန်နှင့် အများပြည်သူလူထု၏
အသက်အန္တရာယ်ကို ခြိမ်းခြောက်
လာသည့် အကြမ်းဖက်အဖျက်
သမားများကို ဥပဒေနှင့်အညီ
ဖော်ထုတ်အရေးယူနိုင်ရေး လုံခြုံရေး
တပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေး
မှုများ ထိထိရောက်ရောက်
ဆက်လက် ဆောင်ရွက်လျက်
ရှိကြောင်း သိရသည်။
သတင်းစဉ်



# တူမီးသေနတ်များ၊ လက်လုပ်သေနတ်များနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ

နေပြည်တော် ဧပြီ ၆
ကရင်ပြည်နယ် ဘားအံမြို့နယ်၊
တနင်္သာရီတိုင်း ဒေသကြီး၊
တနင်္သာရီမြို့နယ်၊ မောတောင်မြို့၊
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်
နှင့် ကျိုက်လတ်မြို့နယ်များ
အတွင်းရှိ ကျေးရွာအချို့တို့၌
ဆူပူအကြမ်းဖက်မှုတွင် အသုံးပြု
သည့် လက်လုပ်သေနတ်များ
ကိုင်ဆောင်နေကြောင်း သတင်း
အရ ဧပြီ ၅ ရက်နှင့် ယနေ့တို့တွင်
သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်



တနင်္သာရီမြို့နယ်၊ မောတောင်မြို့ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ်များ။

များရှိ တပ်နယ်အသီးသီးမှ လုံခြုံ
ရေးတပ်ဖွဲ့ဝင်များက ကျေးရွာ
အုပ်ချုပ်ရေးမှူးများနှင့် အတူ
သွားရောက်၍ ဒေသခံပြည်သူများ
ကို တရားမဝင် လက်နက်ကိုင်
ဆောင်ခြင်းသည် တရားဥပဒေဖြင့်
ထိရောက်စွာ အရေးယူခံရနိုင်
ကြောင်း နားလည်သဘောပေါက်
အောင် ရှင်းလင်းပြောကြားသည်။
ယင်းသို့ ရှင်းလင်းပြောကြားမှု
ကြောင့် ကျေးရွာနေပြည်သူများက
နားလည် သဘောပေါက်ကာ
တူမီးသေနတ် ၂၉ လက်နှင့်
လက်လုပ်သေနတ် ၁၈ လက်တို့ကို
၎င်းတို့ သဘောဆန္ဒအလျောက်
လုံခြုံရေး တပ်ဖွဲ့ဝင်များထံသို့
အသီးသီး လာရောက်အပ်နှံ
ခဲ့ကြကြောင်း သတင်းရရှိသည်။
သတင်းစဉ်

# မင်းကင်းမြို့နယ် ပန်းဆက်ကျေးရွာရှိ ရွာသူ၊ ရွာသားများကို ပတ်ဝန်းကျင်ကျေးရွာများမှ NLD ပါတီဝင် ဆူပူအကြမ်းဖက်သူများက ဝိုင်းဝန်းတိုက်ခိုက်

နေပြည်တော် ဧပြီ ၆
စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်အတွင်းရှိ မုတ္တာကျေးရွာ၊
သံပေါက်ကျေးရွာ၊ လောင်းပြည့်ကျေးရွာ၊ အိုးဘိုကျေးရွာ၊ ဘိုင်ကျေးရွာ၊
ရွာသစ်ကုန်းကျေးရွာ၊ ကျောက်ခဲတက်ကျေးရွာ၊ တုံကျေးရွာ၊
ဝိတ်ချင်းတောကျေးရွာနှင့် ကုန်းရင်ကျေးရွာများမှ NLD ပါတီဝင်
ဆူပူအကြမ်းဖက်သူ ၇၀၀ ခန့်သည် ဧပြီ ၅ ရက် နံနက် ၁၀ နာရီခန့်တွင်
ပန်းဆက်ကျေးရွာရှိ ရွာသူ၊ ရွာသားများကို ခတ်ဆီပုလင်းများဖြင့်
ပစ်ပေါက်ခြင်း၊ တူမီးသေနတ်၊ တုတ်၊ ဓား၊ လေးခွများဖြင့် ပစ်ခတ်
တိုက်ခိုက်ခြင်းများ လာရောက်ဆောင်ရွက်ခဲ့သဖြင့် ကျေးရွာရှိနေအိမ်
နှစ်လုံး မီးလောင်ပျက်စီးခဲ့ပြီး ရွာသားတစ်ဦး တူမီးသေနတ်ထိမှန်
သေဆုံးခဲ့ကာ လေးဦးတို့တွင် တူမီးသေနတ် ထိမှန်ဒဏ်ရာများ
ရရှိခဲ့ကြောင်း သိရှိရသည်။
အဆိုပါ ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက
သွားရောက်၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး
စိုးရိမ်ရဒဏ်ရာရရှိသူတစ်ဦးအား ကနီမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်
ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သတင်းရရှိသည်။
သတင်းစဉ်

# (၂၈)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဒုတိယနေ့အခမ်းအနား ဆက်လက်ကျင်းပ

ရန်ကုန် ဧပြီ ၆

(၂၈) ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကု ဆေးရုံကြီး (ခုတင်-၅၀၀) နှင့် နေပြည်တော်ရှိ အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) တို့ ၌ Online စနစ် Virtual Conference ဖြင့် တစ်ပြိုင်နက်တည်း ဆက်လက်ကျင်းပသည်။

နှီးနှောဖလှယ်ပွဲသို့ တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် ကိုကိုလွင်၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှ တပ်မှူးများ၊ တပ်ရင်းမှူးများ၊ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊ သူနာပြုများ၊ နိုင်ငံတကာမှ ဆေးပညာရှင်များ၊ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။ ထို့အပြင် အခြားတပ်မတော်ဆေးရုံ၊ ဆေးတပ်အသီးသီးသည် Internet မှ တစ်ဆင့် နေရာ ၁၄၀ နေရာမှ ပါရဂူဆေးမှူး၊ သူနာပြု (အရာရှိ)၊ သူနာပြုတက်ရောက်သူ စုစုပေါင်း ၄၅၃ ဦး တက်ရောက်ကြသည်။

ယင်းနေ့တွင် Major Symposium အဖြစ် “COVID-19 Pandemic-Lessons Learnt”၊ Clinical Session အခြား Symposium များအဖြစ် “CKD: Nutritional Management” “Gastrointestinal Bleeding Update”၊ “Role of Progesterone in Women's Life”၊ “Beyond Competence: Providing Excellence in Anaesthesia ”၊ “Changing Concept in Management of Fragility Hip Fracture”၊ “Sepsis in Children: Dealing with Challenges”၊ “Laparoscopic Urology”၊ “Building Shared Vision in Myanmar Military Practice” နှင့် Special Talks ၃ ခုတို့အား Auditorium ၄ နေရာတွင် ဆွေးနွေးကျင်းပသည်။

၎င်းအပြင် သုတေသနစာတမ်းများအဖြစ် ရောဂါဗေဒ၊ ကလေးကျန်းမာရေးပညာ၊ သူနာပြုပညာ၊ ကာယကုဆေးပညာ၊ အရိုးရောဂါကုပညာ၊ဆေးဝါးဗေဒ၊ ဥပဒေရေးရာဆေးပညာ၊ အဏုဇီဝဗေဒ၊ ဆေးပညာ၊ သွားဆေးကုပညာ၊ ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ ခွဲစိတ်ပညာ စသည့်ဘာသာရပ်ဆိုင်ရာ စုစုပေါင်းသုတေသနစာတမ်း ၄၆ စောင်တို့ကို Auditorium ၄ နေရာတွင် ပါဝင်ဖတ်ကြား တင်သွင်းခဲ့ကြသည်။

ဖော်ပြပါ အစီအစဉ်များကို တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာ သုတေသီတို့မှ ရှင်းလင်းဖြေကြား ဆွေးနွေးခဲ့ကြပြီး ဒုတိယနေ့ အစီအစဉ်များကို ရုပ်နား၍ ဧပြီ ၇ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




## ပါရဂူဘွဲ့သင်တန်းနှင့် ပါရဂူဘွဲ့ကြိုသင်တန်း လျှောက်လွှာများ ၁၂-၄-၂၀၂၁ ရက်နေ့အထိ လျှောက်ထားနိုင်

နေပြည်တော် ဧပြီ ၆

ပညာရေးဝန်ကြီးဌာနရှိ ပါရဂူဘွဲ့သင်တန်းဖွင့်လှစ်သော ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များ၊ စီးပွားရေးတက္ကသိုလ်များ၊ ပညာရေးတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ ပါရဂူ ဘွဲ့ကြို (Ph.D Prelim) သင်တန်းတက်ရောက်ရန်အတွက် သက်ဆိုင်ရာ တက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ပုံစံဖြင့် ၆-၄-၂၀၂၁ ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်ဖြစ်ကြောင်း သတင်းစာများတွင် ကြော်ငြာခေါ်ယူထားပြီးဖြစ်သော်လည်း အဆိုပါ နောက်ဆုံးလျှောက်ထားရမည့် ၆-၄-၂၀၂၁ ရက်အစား ရက်တိုးမြှင့်၍ ၁၂-၄-၂၀၂၁ ရက် (တနင်္လာနေ့)အထိ လျှောက်ထားနိုင်ကြောင်း ပညာရေးဝန်ကြီးဌာနက ထပ်မံကြေညာထားကြောင်း သိရှိရသည်။ သတင်းစဉ်

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၆ - ၄ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၇၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၆၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀ | ကျပ် | ၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀ | ကျပ် | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀ | ကျပ် | ၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀ | ကျပ် | ၉၅၀ | ကျပ် |

(ငြင်းပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၈ . ၄ |
| ဂျပန် | ၁ ယန်း | ကျပ် | ၁၃၁၉ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၀ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ . ၈၆ |

(ငြင်းပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၁၁ | ၁၀၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၅၆၆ | ၁၂၁၆၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

## မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - မြူးစန္ဒီမွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၃၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၃၄၅၊ ဖက်စ် ၀၆၇-၃၆၁၃၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီစီ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၃၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.moi.gov.mm

# ဒီမိုကရေစီအရေခြုံ မျက်လှည့်ပွဲ

ငြိမ်းချမ်းမောင်

ယနေ့အချိန်အခါမှာ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်ဟာ နှစ်လတာကာလကို ကျော်လွန်ရောက်လို့လာပါပြီ။ ဒီမိုကရေစီအရေခြုံတွေက ပြည်သူလူထုကို အချိန်ကာလကြာရှည်စွာ လှည့်စားထားတာကြောင့် စိန်ခေါ်မှု အကြီးအသေးမျိုးစုံတွေနဲ့ ကြုံတွေ့နေရဆဲဖြစ်ပါတယ်။ တကယ်တော့ အမှန်တရားကိုဖုံးကွယ်ပြီး အာဏာရှင်ဆန့်ကျင်ရေးလမ်းကြောင်းကို တစိုက်မတ်မတ်ပုံဖော်ခဲ့တာဟာ တစ်ပါတီကြီးစိုးတဲ့ ဒီမိုကရေစီအာဏာရှင်ဘဝကို မရမက ပြန်လည်တည်ဆောက်ချင်လို့ ဖြစ်ပါတယ်။ အင်အားကြီးပါတီကြီး နိုင်ငံ့တာဝန်ယူစဉ်က ဒီမိုကရေစီအာဏာရှင်လို့ နိုင်ငံရေးလေ့လာသုံးသပ်သူတွေက မှတ်ချက်ချခဲ့ကြတာ မှတ်မိကြဦးမှာဖြစ်ပါတယ်။ တကယ်လည်း ဒီမိုကရေစီလို့ ကြွေးကြော်ပြီး မိမိကိုယ်တိုင် အာဏာရှင်ဖြစ်မှန်းမသိ ဖြစ်နေခဲ့တာကို မတွေးမိကြဘူးထင်ပါတယ်။ အာဏာကို လက်လွှတ်လိုက်ရတဲ့အခါမှာတော့ အာဏာရှင်ဆန့်ကျင်ရေး၊ အာဏာရှင်တော်လှန်ရေးလမ်းကြောင်းကို လူထုဘက်ကို လှည့်ပြောင်းပေးလိုက်တာ တွေ့ရမှာဖြစ်ပါတယ်။ ကိုယ်တိုင် မတော်လှန်၊ မဖယ်ရှားနိုင်ဘဲ ပြည်သူလူထုကို လမ်းကြောင်းလွှဲပေးလိုက်တာကတော့ မိုက်ချက်က အကုန်ပါပဲ။

### မျက်လှည့်ပွဲနဲ့တူနေ

လူထုအရှိန်အဟုန် မကျစေဖို့အတွက် နောက်ကနေ မီးထိုးပေးတာလည်း တော်ရှာပါတယ်။ ပြည်ပကို အားကိုးတာ ထင်သလိုဖြစ်မလာတော့ ပြည်တွင်းက လူထုဘက်ကိုပဲ လှည့်ရပါတယ်။ CDM မလုပ်တဲ့သူတွေ ဘယ်နေ့နောက်ဆုံးပဲ၊ လူထုကို ထောက်ပံ့ပေးဖို့ ဒေါ်လာတွေ ဘယ်လောက်ရနေပြီ၊ ပြည်သူ့အစိုးရ မကြာမီဖွဲ့တော့မယ်၊ ပြည်သူ့အုပ်ချုပ်ရေးတွေလည်း မကြာမီပေါ်တော့မယ်၊ ဖက်ဒရယ်တပ်မတော်ကြီးလည်း မကြာမီရောက်လာတော့မယ်၊ မကြာခင်အောင်မြင်မှုရတော့ပါမယ်စတဲ့ “မကြာမီလာမည် . . . မျှော်” ဆိုတဲ့ မပြသေးတဲ့ ရုပ်ရှင်ကား ကြော်ငြာသလိုပါပဲ။ ပရိသတ်ကို မက်လုံးတွေ ပေးထားပြီးတဲ့နောက် လာနိုးလာနိုးနဲ့ အလံရှူးတွေနဲ့ ပေါင်းရိုက်တဲ့ မျက်လှည့်ပွဲနဲ့ တူနေပါတယ်။

ဒီမိုကရေစီအရေခြုံဇာတ်လမ်းဟာ အချိန်တန်ရင်တော့ ပြီးသွားမှာတော့ မုန်ပါတယ်။ ဒါပေမယ့် အာဏာဖီဆန်ရေးလမ်းကြောင်းပေါ်ကိုပြည်သူတွေကို တွန်းထုတ်နေတာ၊ မျိုးဆက်သစ်လူငယ်တွေကို သွေးကြွအောင် မြှောက်ပင့်ပေးနေတာ၊ ပြည်သူတွေ သေကျေ ပျက်စီးမယ့်လမ်းကို တွန်းပို့ပေးတာ၊ လူထုကို ဥပဒေအပြင်ဘက်ရောက်အောင်လုပ်တာ၊ တပ်မတော်နဲ့ လူထုကို ရန်တိုက်ပေးတာ စတာတွေဟာ တိုင်းပြည်ပျက်စီးစေမယ့် လုပ်ရပ်တွေဖြစ်လို့ စိုးရိမ်ပူပန်မိပါတယ်။ အဲဒါတွေကို ဘယ်သူတွေလုပ်နေပါလဲ။ နောက်ကွယ်က လူတွေကကော ဘယ်သူတွေပါလဲ။ ပွဲလန့်တုန်းဖျာခင်းကြတာ ဘယ်သူတွေပါလဲ။ သေသေချာချာ လေ့လာဆန်းစစ်ကြမယ်ဆိုရင် အမှန်အတိုင်းသိနိုင်မှာ ဖြစ်ပါတယ်။

**“ယနေ့ နိုင်ငံရေးကစားပွဲမှာ အဓိက ကစားနေကြတဲ့သူတွေကတော့ နောက်ကွယ်က လက်မည်းကြီးနဲ့ ပြည်တွင်းက ပုဆိန်ရိုးတွေပါပဲ။ အာဏာကို ပြန်လိုချင်ကြတဲ့ ပုဆိန်ရိုးတွေ၊ တိုင်းပြည်ကို ပျက်စီးစေလိုတဲ့ ပြည်ပက လက်မည်းကြီးတွေနဲ့ ၎င်းတို့ရဲ့ လက်ဝေခံတွေပဲဖြစ်ပါတယ်။ ပြည်ပက လက်မည်းကြီးတွေရော ပြည်တွင်းက ပုဆိန်ရိုးတွေဟာ အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ ဒီမိုကရေစီစနစ်ပေါ်ထွန်းရေးကို အကြောင်းပြပြီး ခေတ်အဆက်ဆက်မှာ အာဏာဖီဆန်ရေးလမ်းကြောင်းပေါ်တက်ပြီး တိုင်းပြည်ကို ပျက်စီးရာပျက်စီးကြောင်းလုပ်ခဲ့ကြတာဟာ ယနေ့ထက်တိုင်ပါပဲ။ ယနေ့ကာလမှာတော့ နဂိုကတည်းက စိတ်အခံနဲ့ ပြည်သူတွေနဲ့ တက်ကြွနေတဲ့ မျိုးဆက်သစ်လူငယ်တွေကို လမ်းမှားပေါ်ကို ရောက်အောင် မြှောက်ပင့်သွေးထိုးပေးနေတာ အထင်အရှား တွေ့မြင်နေရပါတယ်”**

### မြှောက်ပင့်သွေးထိုးနေ

ယနေ့နိုင်ငံရေးကစားပွဲမှာအဓိကကစားနေကြတဲ့သူတွေကတော့ နောက်ကွယ်က လက်မည်းကြီးနဲ့ ပြည်တွင်းက ပုဆိန်ရိုးတွေပါပဲ။ အာဏာကို ပြန်လိုချင်ကြတဲ့ ပုဆိန်ရိုးတွေ၊ တိုင်းပြည်ကို ပျက်စီးစေလိုတဲ့ ပြည်ပက လက်မည်းကြီးတွေနဲ့ ၎င်းတို့ရဲ့ လက်ဝေခံတွေပဲဖြစ်ပါတယ်။ ပြည်ပက လက်မည်းကြီးတွေရော ပြည်တွင်းက ပုဆိန်ရိုးတွေဟာ အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ ဒီမိုကရေစီစနစ်ပေါ်ထွန်းရေးကို အကြောင်းပြပြီး ခေတ်အဆက်ဆက်မှာ အာဏာဖီဆန်ရေးလမ်းကြောင်းပေါ်တက်ပြီး တိုင်းပြည်ကို ပျက်စီးရာ ပျက်စီးကြောင်းလုပ်ခဲ့ကြတာဟာ ယနေ့ထက်တိုင်ပါပဲ။ ယနေ့ကာလမှာတော့ နဂိုကတည်းက စိတ်အခံနဲ့ ပြည်သူတွေနဲ့ တက်ကြွနေတဲ့ မျိုးဆက်သစ်လူငယ်တွေကို လမ်းမှားပေါ်ကို ရောက်အောင် မြှောက်ပင့်သွေးထိုးပေးနေတာ အထင်အရှား တွေ့မြင်နေရပါတယ်။

ပြည်ပက လက်မည်းကြီးတွေဟာ ကျွန်တော်တို့ တိုင်းပြည်ကို လွယ်လွယ်ကူကူ ဖျက်ဆီးလို့မရပါဘူး။ အခွင့်အခါ ပေါ်လာတိုင်းမှာ မူရင်းလုပ်နည်းအတိုင်း ပိတ်ဆို့ရေး၊ ဖိအားပေးရေး၊ အကျပ်ကိုင်ရေးတွေကိုသာ လုပ်နိုင်ကြပါတယ်။ အခွင့်အခါ မပေါ်သေးရင်လည်း အရပ်ဘက်လူ့အဖွဲ့အစည်းတွေနဲ့ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေကို ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို တံဆိပ်ကပ်ပြီး ဆုကြေးဒေါ်လာငွေတွေ ပေးကာ ပိုးမွေးသလို မွေးမြူထားကြတာကို ပြည်သူတွေ မသိနိုင်ကြပါဘူး။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီအသွင်ကူးပြောင်းမှု စတင်ပြီးတဲ့ ၂၀၁၂ ခုနှစ်မှာ မြန်မာနိုင်ငံက နိုင်ငံရေးနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းက ပုဂ္ဂိုလ်ငါးယောက်ကို ဆုလာဘ်ကောင်းတွေချထားပြီး အဲဒီပုဂ္ဂိုလ်တွေဟာ သူတို့မဟုတ်သလို ယနေ့ထက်တိုင် ကြောင်သူတော်လို သိုသိုသိပ်သိပ်နေခဲ့ပါတယ်။

### လမ်းမပေါ်တွန်းထုတ်ပေး

မြန်မာနိုင်ငံမှာ နိုင်ငံရေးအပြောင်းအလဲဖြစ်လိုက်တာနဲ့ ဘယ်သူတွေဟာ ပထမဆုံး စတင်လှုပ်ရှားကြတယ်ဆိုတာကို သေသေချာချာ လေ့လာကြည့်ရင် သိနိုင်မှာပါ။ ပြည်တွင်းက ပုဆိန်ရိုးတွေက ပြည်တွင်းမှာ လှုပ်ရှားရင် အဖမ်းခံရမှာကိုကြောက်တော့ ပြည်ပကို ထွက်ပြေးပြီး မြေအောက်တော်လှန်ရေးလုပ်ကြပါတယ်။ NCA ကို ချိုးဖောက်တဲ့ နယ်စပ်က လက်နက်ကိုင်အဖွဲ့တွေဆီမှာ ခိုလှုံတဲ့သူက ခိုလှုံ၊ ပြည်ပကို သွားတဲ့သူကသွားပြီး နောက်ကွယ်က လက်မည်းကြီးရဲ့ အကူအညီနဲ့ ပြည်ဖျက်စီမံကိန်းတွေ စတင်လုပ်ဆောင်ကြပါတယ်။ “မတရားမှုကို ခံရပြီ” လို့ ကြွေးကြော်ပြီးတဲ့နောက်မှာ ပြည်သူနဲ့ မျိုးဆက်သစ်လူငယ်တွေကို မြှောက်ပင့်သွေးထိုးပေးပြီး လမ်းပေါ်ကို တွန်းထုတ်ပေးလိုက်နိုင်ပါတယ်။

မြန်မာပြည်မှာ ဒီအလုပ်ကိုလုပ်ရတာ သိပ်မခက်လှပါဘူး။ ရှေးရှေးတုန်းက မြင်ဖူး တွေ့ဖူးတဲ့ လမ်းဆုံ၊ လမ်းခွ လူစည်ကားတဲ့ နေရာတွေမှာ မျက်လှည့်ပွဲပြသလိုပါပဲ။ လူသွားလူလာများတဲ့ လမ်းဘေးကွက်လပ်တစ်နေရာမှာ သေတ္တာတစ်လုံးနဲ့ ပိတ်စတစ်ခုကိုခင်း “ဒုံ . . ဂွမ် . . ဒုံ . . ဂွမ်” နဲ့ စည်နဲ့လင်းကွင်းကြီးကို တီးပြီး လမ်းသွားလမ်းလာတွေကို အချက်ပေးလိုက်ပါတယ်။

**“ယနေ့နိုင်ငံရေး မျက်လှည့်ပြပွဲမှာ အားပေးကြတဲ့သူတွေက ပြည်တွင်းပြည်ပက ဆရာကြီးနဲ့ အလိုတော်ရိတွေ၊ လူထုနဲ့ မျိုးဆက်သစ်လူငယ်တွေပါပဲ။ အားလုံးဟာ တစ်ခဲနက် အုန်းအုန်းကျွက်ကျွက် ပါဝင်ခဲ့ကြပါတယ်။ ယနေ့မျိုးဆက်သစ်လူငယ်တွေဟာ** Generation X, Y, Z **လို့ဆိုတဲ့အတိုင်း ခေတ်ကိုကျော်လွန်တဲ့ ပါဖောင်းမန့်** (performance) **တွေနဲ့ ပါဝင်ခဲ့ကြပါတယ်။ လူငယ်တွေရဲ့ သဘာဝအတိုင်း လွတ်လပ်မှုအတွက် ပိတ်မိနေတဲ့ ထောင်ချောက်ထဲက ရုန်းထွက်ချင်နေတဲ့အချိန်မှာ ဒီမိုကရေစီမျက်လှည့်ပွဲနဲ့တိုးတော့ ချက်ချင်းဝိုင်းအုံ အားပေးလာကြပါတယ်။ တကယ်တော့ မျိုးဆက်သစ်လူငယ်တွေဟာ လက်မည်းကြီးနဲ့လည်း မဆိုင်ပါဘူး၊ ပုဆိန်ရိုးတွေနဲ့လည်း မပတ်သက်ပါဘူး။ ထွက်ပေါက်ရှာချင်နေတဲ့အချိန်မှာ ဒီမိုကရေစီပွဲခင်းထဲကို သူတို့ဘာသာသူတို့ အလိုလိုရောက်သွားကြတာဖြစ်ပါတယ်။**

စာမျက်နှာ ၂၁ သို့

# ကျောက်ဆည်မြို့နယ်တွင် အခြေခံပညာမူလတန်းကျောင်းများမှ ဆရာ ဆရာမများအား ဘက်စုံမွမ်းမံသင်တန်းဖွင့်လှစ်

ကျောက်ဆည် မေ ၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် အခြေခံပညာမူလတန်းကျောင်းများ ပြန်လည်ဖွင့်လှစ်သည့်အခါ သင်ကြားမှု သင်ယူမှုလုပ်ငန်းများ အောင်မြင်စေရေးအတွက် အထက်တန်းကျောင်းအုပ်ကြီးများ၊ အလယ်တန်း ကျောင်းအုပ်ကြီးများ။ အထက်တန်း၊ အလယ်တန်းအဆင့် Grade (10)၊ Grade(7) ဆရာ ဆရာမများနှင့် မူလတန်းပြ ဆရာ ဆရာမများအား face to face မွမ်းမံသင်တန်းများ ပို့ချလျက်ရှိသည်။

အဆိုပါ သင်တန်းတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ Gread-4 အတန်းသင် ဆရာ ဆရာမ ၉၄၃ ဦးအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့် အညီ သင်တန်းနည်းပြ ၃၆ ဦးတို့က သတ်မှတ် ရေးဆွဲထားသည့် သင်ကြားရေးဘာသာရပ် အချိန်များအတိုင်း မေ ၅ ရက်မှ ၇ ရက်အထိ သုံးရက်ကြာ သင်ကြားကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်တွင် အခြေခံပညာ အထက်တန်း၊ အထက်တန်းကျောင်းခွဲ ၂၂ ကျောင်း၊ အလယ်တန်း၊ အလယ်တန်းကျောင်းခွဲနှင့် မူလတန်း၊ မူလတန်းလွန်ကျောင်းနှင့် မူလတန်းကျောင်းခွဲ ၁၆၄ ကျောင်းရှိပြီး ယခုကဲ့သို့ ဆရာ ဆရာမများအား သင်ကြားရေးသင်တန်းများ ဖွင့်လှစ်သင်ကြား ပေးထားခြင်းဖြင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်ပါက ကျောင်းသားကျောင်းသူများအနေဖြင့် ထိရောက်အောင်မြင်သည့် သင်ယူမှုများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

သက်မောင် (ကျောက်ဆည်)



# မြဝတီမြို့တွင် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများအား သင်တန်းပို့ချ

မြဝတီ မေ ၆

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ မှ ဆရာ ဆရာမများအား Grade-4 Face to Face သင်တန်းပို့ချခြင်းကို ယမန်နေ့က မြဝတီမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် သင်တန်းဆရာ ဆရာမနည်းပြ ၂၆ ဦးက Grade-4 သင်ရိုးညွှန်းတမ်းများကို သင်တန်းပို့ချပေးခြင်းဖြစ်ပြီး သင်တန်းကာလမှာ မေ ၅ ရက်မှ ၇ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ဖွင့်လှစ်ပို့ချခြင်းဖြစ်သည်။

ထိုသို့သင်တန်းပို့ချရာတွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းမှ ဆရာ ဆရာများ၏ Grade-4 Face to Face သင်တန်းပို့ချခြင်းနှင့်ပတ်သက်၍ မြဝတီမြို့နယ် ပညာရေးမှူး ဦးမြင့်ဦးက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကြောင်း သိရသည်။

မန်းသန်းရွှေမြင့်(ပြန်/ဆက်)

# ချောင်းမငယ် ဆည်ရေသောက်ဧရိယာတွင် သီးနှံသစ်တောရောနှောစိုက်ခင်း ထူထောင်ရေးနှင့် လယ်ယာကဏ္ဍဘက်စုံဖွံ့ဖြိုးရေးဆောင်ရွက်

နေပြည်တော် မေ ၆

စိုက်ပျိုးရေး လုပ်ငန်းများအပြင် မွေးမြူရေးလုပ်ငန်းများနှင့် အခြားဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများက သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိစေပြီး ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းပေးနိုင်မည့် သီးနှံသစ်တော ရောနှောစိုက်ခင်းများ ထူထောင်ရေးကို ချောင်းမငယ် ဆည်ရေသောက်ဧရိယာတွင် ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စု နယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ကျေးရွာ ခုနစ်ရွာရှိ ချောင်းမငယ် ဆည်ရေသောက် ဧရိယာတွင် မိုးစပါး ဧက ၁၇၀၀ ကျော်၊ နွေစပါးဧက ၄၀၀ ကျော် အပါအဝင် သီးနှံစုံ စိုက်ဧက ၄၀၀၀ ကျော် စိုက်ပျိုးလုပ်ကိုင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဒေသနေပြည်သူများ မွေးမြူရေးလုပ်ငန်းများနှင့် အခြားဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်၊ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများတွင် ခေတ်မီနည်းပညာများ အသုံးပြုနိုင်ရန်၊ လယ်ယာသုံးစက်ကိရိယာ အသုံးပြုမှု ပိုမိုဖွံ့ဖြိုးလာစေရန် ဆောင်ရွက်ပေးမည် ဖြစ်သည်။

မေ ၄ ရက်က ပေတုန်းမျှောင်ကျေးရွာ၌ ဆယ်တန်းသွားတိုက်ရိုက် မျိုးစေ့ချ ကိရိယာဖြင့် နွေစပါးစိုက်ပျိုးခြင်း တောင်သူပညာပေး သရုပ်ပြပွဲကိုလည်းကောင်း၊ မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးခြင်းကိုလည်းကောင်း၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာနနှင့် စက်မှုလယ်ယာ ဦးစီးဌာနတို့ ပူးပေါင်း ဆောင်ရွက်သည့် ကြားပေါင်းလိုက် ကိရိယာ အသုံးပြုမှု လက်တွေ့သရုပ်ပြခြင်းကို လည်းကောင်း၊ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးထားသော စပါးခင်းကို ကြားပေါင်းလိုက်တမန်းနိုးခြင်းကို လည်းကောင်း ဒေသခံ တောင်သူများနှင့် ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြပြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက တောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်ချက်များ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးကြကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ညီညီသန်း
(နေပြည်တော်)

# ကျောက်ပန်းတောင်းမြို့နယ်နှင့် ငါ့သရောက်မြို့နယ်တို့တွင် လျှော်ဖြူစိုက်ပျိုးသူများလာ

ညောင်ဦး မေ ၆

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်နှင့် ငါ့သရောက်မြို့နယ်ရှိ ကျေးလက်တောင်သူများ နှစ်ရှည်ပင်ဖြစ်သည့် လျှော်ဖြူပင် စိုက်ပျိုးမှုများလာကြောင်း ငါ့သရောက်မြို့၌ လျှော်ဖြူ ၁၁ ဧက စိုက်ပျိုးထားသည့် ဦးအောင်ဆန်းထံမှ သိရသည်။

နှစ်ရှည်ပင်ဖြစ်သည့် လျှော်ဖြူစိုက်ပျိုးရန် တစ်ပင်နှင့်တစ်ပင် ဆယ်ပေခြားဖြင့် တစ်ပေပတ်လည်ကျင်းများတူးကာ မြေဆွေးထည့်နှပ်ထားရကြောင်း၊ မိုးကျချိန်တွင် လျှော်ဖြူပင်များ စိုက်ပျိုးကြကြောင်း သိရသည်။ လျှော်ဖြူပင်သည် အပင်ကြီးမျိုးဖြစ်ပြီး ဥပါသည့်အတွက် စိုက်ပြီးချိန် ရာသီဥတုဒဏ်ခံနိုင်ကြောင်း၊ အပင်ကြီးထွားချိန် အစေးထုတ်ရန် လျှော်ဖြူအစေးထုတ် ကျွမ်းကျင်သူခေါ်၍ လုပ်ကိုင်ပုံ သင်ယူရကြောင်း သိရသည်။

မိုးရာသီမှာပင် မိုးရွာသွန်းမှုနည်းသဖြင့် တောင်သူများ စိုက်ပျိုးထားသည့် ကောက်ပဲသီးနှံများ ပျက်စီးမှုကြောင့် ကျေးလက်တောင်သူများ နှစ်ရှည်ပင်စိုက်ပျိုးမှုများလာကြောင်း သိရကာ လျှော်ဖြူစိုက်ပျိုးမှုများလာခဲ့ကြောင်း ကျောက်ပန်းတောင်းမြို့နယ် လဲဂွကျေးရွာမှ လျှော်ဖြူသုံးဧကစိုက်ပျိုးထားသည့် ဦးတင်ထွန်းအောင်က ရှင်းပြသည်။ ငါ့သရောက်မြို့နယ်တွင် စိုက်ပျိုးရေးအတွက် မိုးရာသီတွင် မိုးရေကိုသာ မှီခိုအားထားစိုက်ပျိုးရခြင်းကြောင့် နှစ်ရှည်သီးနှံ စိုက်ပျိုးမှုများလာကြောင်းလည်း သိရသည်။

ကိုထိန်

စာမျက်နှာ ၂၀ မှ

လမ်းသွား လမ်းလာတွေ တစ်ယောက်စ နှစ်ယောက်စ ဝိုင်းအုံလာတဲ့အခါမှာ ကြိုတင်စီစဉ်ထားတဲ့ အလံရှူး သုံးလေးယောက်နဲ့ ပွဲခင်းလိုက်သလိုပါပဲ။ နောက်ဆုံးကျတော့ မျက်လှည့်ကို ဘယ်လိုပြလိုက်တယ်ဆိုတာတောင် မသိလိုက်ရဘဲ ဆေးရောင်းပြီး ပွဲသိမ်းသွားသလို အဖြစ်နဲ့တူပါတယ်။ ယခုလည်း ဒီမိုကရေစီ မျက်လှည့်ပွဲ စလိုက်တာ နဂိုကတည်းက စိတ်ဝင်စားနေကြတဲ့ ပရိသတ်ကို လွယ်လွယ်ကူကူ ဆွဲယူနိုင်ခဲ့ပါတယ်။

### ဒီမိုကရေစီပွဲခင်းထဲကို

ယနေ့နိုင်ငံရေး မျက်လှည့်ပြပွဲမှာ အားပေးကြတဲ့သူတွေက ပြည်တွင်းပြည်ပက ဆရာကြီးနဲ့ အလိုတော်ရိတွေ၊ လူထုနဲ့ မျိုးဆက်သစ်လူငယ်တွေပါပဲ။ အားလုံးဟာ တစ်ခဲနက် အုန်းအုန်းကျွက်ကျွက် ပါဝင်ခဲ့ကြပါတယ်။ ယနေ့ မျိုးဆက်သစ်လူငယ်တွေဟာ Generation X, Y, Z လို့ ဆိုတဲ့အတိုင်း ခေတ်ကိုကျော်လွန်တဲ့ ပါဖောင်းမန့် (performance) တွေနဲ့ ပါဝင်ခဲ့ကြပါတယ်။ လူငယ်တွေရဲ့ သဘာဝအတိုင်း လွတ်လပ်မှုအတွက် ပိတ်မိနေတဲ့ ထောင်ချောက်ထဲက ရုန်းထွက်ချင်နေတဲ့အချိန်မှာ ဒီမိုကရေစီမျက်လှည့်ပွဲနဲ့တိုးတော့ ချက်ချင်းဝိုင်းအုံ အားပေးလာကြပါတယ်။ တကယ်တော့ မျိုးဆက်သစ်လူငယ်တွေဟာ လက်မည်းကြီးနဲ့လည်း မဆိုင်ပါဘူး၊ ပုဆိန်ရိုးတွေနဲ့လည်း မပတ်သက်ပါဘူး။ ထွက်ပေါက် ရှာချင်နေတဲ့အချိန်မှာ ဒီမိုကရေစီပွဲခင်းထဲကို သူတို့ဘာသာသူတို့ အလိုလိုရောက်သွားကြတာ ဖြစ်ပါတယ်။

### အမျိုးမျိုးမြှောက်ပင့်

ယနေ့ ဒီမိုကရေစီအခင်းအကျင်းတိုက်ပွဲ သူတို့အဆိုအရ နွေဦးတော်လှန်ရေးမှာ အစုအဖွဲ့ လေးမျိုးဟာ ပါဝင်ကစားနေကြပါတယ်။ အဓိကစပွန်ဆာ(sponsor) က နောက်ကွယ်က လက်မည်းကြီးနဲ့ ဇာတ်ညွှန်းရေးသူ NLD ရယ်၊ အရောင်အသွေးမပါဘဲ ဆန်းသစ်တီထွင်တက်ကြွလှုပ်ရှားလိုကြတဲ့ မျိုးဆက်သစ်လူငယ်တွေနဲ့ ရှေ့တန်းမထွက်ဘဲ နောက်ကွယ်က သံပုံးတီး၊ လက်ခုပ်တီး၊ အမျိုးမျိုးအဖုံဖုံ မြှောက်ပင့်ပေးနေကြတဲ့သူတွေအပြင် ပြည်တွင်းက ပုဆိန်ရိုးတွေနဲ့ ပြည်ပကအဖျက်သမားတွေ၊ နောက်ပြီးတော့ မီးလောင်ချိန်မှာ တောကြောင်လက်ခမောင်းခတ်သူတွေ ပါဝင်ကြပါတယ်။

ယနေ့အချိန်မှာ NLD ဟာ အာဏာလက်လွှတ်လိုက်ရပေမယ့် NLD မိခင်ကြီး ပြောနေကျ ပြည်တွင်းအား၊ ပြည်သူလူထုအားကို အဓိကအသုံးချလိုက်နိုင်ခဲ့ပါတယ်။ တကယ်တော့ ပြည်သူ့သာလျှင် အဓိကလို့ ကြွေးကြော်ပြီး အလုံးစုံပျက်သုဉ်းရေးလမ်းကို တွန်းပို့နေတာ အထင်အရှားတွေ့ရပါတယ်။ ၂၀၂၀ ရွေးကောက်ပွဲအပြီးမှာ ဖြစ်ပေါ်လာတဲ့ အခြေအနေအရပ်ရပ်ပေါ်မူတည်လို့ တွေ့ဆုံဆွေးနွေး ဖြေရှင်းရေး အကြိမ်ကြိမ်ပြုလုပ်ခဲ့တာကို လက်မခံတာဟာ ပြည်သူနဲ့ တပ်မတော်ကို ထိပ်တိုက်တွေ့စေရမယ်ဆိုတဲ့ မကောင်းတဲ့အကြံအစည် နဂိုကတည်းက ရှိနေပြီးသားဖြစ်တယ်လို့ ပြောနိုင်ပါတယ်။ တပ်မတော်ကို နိုင်ငံရေးက ဖယ်ရှားရေးအတွက် NLD က လုပ်စရာမလိုဘဲ လူထုဘက်ကို လှည့်ထုတ်လိုက်တာပဲ ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အမှန်တရားကို မျက်လှည့်ဆရာရဲ့ ဖုံးကွယ်လှည့်စားထားမှုဟာ ကြာကြာတော့မခံပါဘူး။ ပွဲပြီးသွားတော့ ဘာမှအရည်မရ၊ အဖတ်မရနဲ့ ရောင်းတဲ့ဆေးကို ဝယ်ချင်တဲ့သူက ဝယ်ပြီး ပရိသတ်တွေ ကိုယ့်အိမ်ကိုယ်ပြန်၊ ကိုယ့်လမ်းကိုယ်လျှောက်၊ ကိုယ့်အလုပ်ကိုပဲ ကိုယ်လုပ်ကြသလိုပါပဲ။ ဒီမိုကရေစီမျက်လှည့်ပွဲဟာ ပြီးတော့ဘာမှ ဟုတ်တိပတ်တိ မကြည့်လိုက်ရဘဲ နောက်ဆုံးမှာ ဆေးရောင်းမှန်းသိလိုက်ရလို့ ပရိသတ်တွေ မျက်လှည့်ပွဲကနေ လှည့်ပြန်သွားကြသလို သုံးသပ်မိပါတယ်။ ။

# ကမ္ဘာ့ရှားပါးတိရစ္ဆာန်တို့ ကျက်စားနေထိုင်ရာ ချင်းပြည်နယ်မှ ခေါ်နူးဆုမ်အမျိုးသားဥယျာဉ်


## အောင်သပြေ

•••••••••••••••••••••••

အရှေ့တောင်အာရှတွင် အမြင့်ဆုံးမြေသားတောင်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတွင် ဒုတိယအမြင့်ဆုံးတောင်ဖြစ်သော ခေါ်နူးဆုမ်ဟု ခေါ်သည့် နတ်မတောင်(ဝိတိုရိယတောင်)သည် ပြည်တွင်း၊ ပြည်ပခရီးသွားတို့ကို ဆွဲဆောင်လျက်ရှိပြီး ကမ္ဘာတွင်မရှိသော တွားသွားသတ္တဝါ၊ ငှက်မျိုးစိတ်နှင့် အပင်မျိုးစိတ်တို့ ရှင်သန်ပေါက်ပွားရာနေရာတစ်ခုလည်းဖြစ်သည်။ ဇီဝနှင့်ရုက္ခပညာရှင်တို့ စိတ်ဝင်စားရာနေရာတစ်ခုဖြစ်၍ အာဆီယံအမွေအနှစ်ဖြစ်သော ခေါ်နူးဆုမ်(နတ်မတောင်) အမျိုးသားဥယျာဉ်သည် ချင်းပြည်နယ်၏ဂုဏ်ယူဖွယ်နေရာတစ်ခုအဖြစ် သဘာဝအခြေခံခရီးသွားလုပ်ငန်းတို့က ဆွဲဆောင်လျက်ရှိသည်။ အဆိုပါဥယျာဉ်ကြီး ဧရိယာအတွင်းနေထိုင်ကျက်စားသည့် ရှားပါးတိရစ္ဆာန်များနှင့် တွားသွားသတ္တဝါတို့မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရန် ကင်မရာထောင်ချောက်ဖြင့် ယခုနှစ်ဆန်းပိုင်းမှစ၍ စောင့်ကြည့်မှတ်တမ်းတင်ခဲ့ကြသည်။ ကမ္ဘာ့ရှားပါးတိရစ္ဆာန်များ ရှင်သန်ပေါက်ပွားရာနေရာဖြစ်သောကြောင့် နိုင်ငံအတွက်တန်ဖိုးဖြတ်၍မရသော အမျိုးသာအမွေအနှစ်တို့စုဝေးရာနေရာတစ်ခုအဖြစ် ဂုဏ်တင့်လျက်ရှိသည်။

### ထူးခြားသောမျိုးစိတ်များအသက်ရှင်နေထိုင်မှု

အမျိုးသားဥယျာဉ်အတွင်း ကျက်စားနေထိုင်သော တွားသွားသတ္တဝါနှင့် ငှက်မျိုးစိတ်တို့ ဆက်လက်ရှင်သန်နေထိုင်မှုနှင့် ရှားပါးသတ္တဝါ ကောင်ရေမည်မျှကျက်စားကြောင်းကိုသိရှိနိုင်ရန် ကင်မရာထောင်ချောက်ဖြင့် ဖေဖော်ဝါရီလနှင့် မတ်လနောက်ဆုံးပတ်က စောင့်ကြည့်ကင်မရာတို့တပ်ဆင်ခဲ့ပြီး ဧပြီလဆန်းပိုင်းတွင် ထိုကင်မရာတို့ကိုဖွင့်လှစ်ကြည့်ရှုခဲ့ရာ တောရိုင်းတိရစ္ဆာန်တို့ လှည့်လည်ကျက်စားနေသော ရလဒ်ကောင်းများ တွေ့ရှိခဲ့သည်။ နတ်မတောင်အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းက "မတ်လ ၃၀ ရက်နေ့က ဒုတိယအကြိမ်မြောက် စောင့်ကြည့်ခဲ့တဲ့ ကင်မရာထောင်ချောက်ကို ဖွင့်ကြည့်တဲ့အခါမှာ တောရိုင်း တိရစ္ဆာန်နဲ့ ငှက်မျိုးစိတ်တွေရှိနေတဲ့ ရလဒ်ကောင်းကို တွေ့ခဲ့ရပါတယ်။ အခုလိုလုပ်ဆောင်မှုဟာ အာဆီယံအမျိုးသားဥယျာဉ်ရဲ့ အနာဂတ်နဲ့လည်း သက်ဆိုင်တယ်။ ကန်ပက်လက်ဧရိယာအတွင်းက နေရာခုနစ်နေရာမှာ ကင်မရာတွေနဲ့ စောင့်ကြည့်ခဲ့တာပါ။ မျိုးပွားလာမှု၊ တိုးပွားမှုနဲ့ ထူးခြားတဲ့တိရစ္ဆာန် အပြောင်းအလဲရှိတာကအစ သိရပါတယ်။ အဓိကလုပ်ဆောင်ရတဲ့ ရည်ရွယ်ချက်က တောရိုင်းတိရစ္ဆာန်တွေရဲ့ နေထိုင်ကျက်စားမှု အမှန်တကယ်ရှိတဲ့စာရင်းနဲ့ သိရှိထားတဲ့စာရင်း အထောက်အထားရရှိအောင် ဆောင်ရွက်တာပါ။ သူတို့တွေ ဘယ်ဧရိယာအထိ ပျံ့နှံ့နေထိုင်တယ်ဆိုတာ သိရပြီးတော့ ထူးခြားတဲ့မျိုးစိတ်တွေ အသက်ရှင် နေထိုင်မှု ရှိ၊ မရှိကို လျှို့ဝှက်ထောင်ထားတဲ့ ကင်မရာတွေကနေ သိနိုင်ပါတယ်"ဟု ပြောကြားသည်။



တောင်စလပ်ပန်းတို့ပွင့်ရာမြေ ချင်းပြည်နယ်အလှကို တွေ့ရစဉ်။

### ကင်မရာထောင်ချောက်ဖြင့် စောင့်ကြည့်

ချင်းပြည်နယ်၏ မြို့သုံးမြို့ဧရိယာအတွင်း ကျက်စားနေသော ရှားပါးသတ္တဝါများနှင့် တောရိုင်းတိရစ္ဆာန်တို့မှာ တောရိပ်ကောင်းပြီး ကျက်စားမှု မရှိခြင်းအကြောင်းရင်းနှင့် တောရိပ်မကောင်းသော်လည်း နေထိုင်ရခြင်းအကြောင်းရင်းကို သိရှိနိုင်ရန်၊ အမျိုးသားဥယျာဉ်၏ စီမံအုပ်ချုပ်မှုကို အထောက်အကူပြုနိုင်ရန်နှင့် ဥယျာဉ်ကြီး၏ လိုအပ်ချက်ကို ပြင်ဆင်၊ ပြောင်းလဲ၊ ဖြည့်စွက်နိုင်ရန်အတွက် တောရိုင်းတိရစ္ဆာန် တို့၏ လက်ရှိမြေပြင်နေထိုင်ကျက်စားမှုကို ယခုနှစ်ဆန်းပိုင်းတွင် Camera trace ဖြင့် စောင့်ကြည့်ခဲ့ခြင်းဖြစ်သည်။

### နိုင်ငံအတွက်ဂုဏ်ယူဖွယ်

အာဆီယံအမွေအနှစ်ဥယျာဉ်ဖြစ်သော ဝိတိုရိယတောင်တွင် ကမ္ဘာပေါ်၌မရှိသော အပင်နှင့်တွားသွားသတ္တဝါ ၁၃ မျိုးရှိပြီး ငှက်မျိုးစိတ် ၂၄၈ မျိုးနေထိုင်ကျက်စားကာ ကမ္ဘာတွင်မရှိသော ငှက်သုံးမျိုးဖြစ်သော မျက်ခုံးမွေးဖြူငှက်ပြာခြောက်၊ ဖစ်တိုးရီးယားဗေးဘက်စ်နှင့် ဘားမိစ်တိငှက်တို့မှာ နတ်မတောင် အမျိုးသားဥယျာဉ်တွင် ကမ္ဘာ့ရှားပါးငှက်များအဖြစ် နေထိုင်ကျက်စားလျက်ရှိသည်။ ကမ္ဘာတွင်မရှိသော အပင်မျိုးစိတ်ခုနစ်မျိုး ရှင်သန်လျက်ရှိပြီး ကုန်းနေ၊ ရေနေသတ္တဝါဖြစ်သော ချင်းတောင်ပုတ်သင်သည်

စာမျက်နှာ ၂၃ သို့

"ပြည်တွင်း၊ ပြည်ပခရီးသွားတို့ကို ဆွဲဆောင်လျက်ရှိပြီး ကမ္ဘာတွင်မရှိသော တွားသွားသတ္တဝါ၊ ငှက်မျိုးစိတ်နှင့် အပင်မျိုးစိတ်တို့ ရှင်သန်ပေါက်ပွားရာနေရာတစ်ခုလည်းဖြစ်သည်။ ဇီဝနှင့်ရုက္ခပညာရှင်တို့ စိတ်ဝင်စားရာ နေရာတစ်ခုဖြစ်၍ အာဆီယံအမွေအနှစ်ဖြစ်သော ခေါ်နူးဆုမ် (နတ်မတောင်) အမျိုးသားဥယျာဉ်သည် ချင်းပြည်နယ်၏ ဂုဏ်ယူဖွယ်နေရာတစ်ခုအဖြစ် သဘာဝအခြေခံခရီးသွားလုပ်ငန်းတို့က ဆွဲဆောင်လျက်ရှိ"



အာဆီယံအမွေအနှစ် ခေါ်နူးဆုမ်အမျိုးသားဥယျာဉ်အတွင်း တိရစ္ဆာန်များ ကြိုးကွင်းစွပ်ဖမ်းဆီးမှုကို တားဆီးကာကွယ်ရေးပြုလုပ်စဉ်။

# ဘားအံ၌ ဒုတိယအကြိမ် ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေး

ဘားအံ မေ ၆

ကရင်ပြည်နယ်အတွင်း ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ကာကွယ်ဆေးရရှိမှုအပေါ်မူတည်ပြီး ဦးစားပေးအစီအစဉ်များ ရေးဆွဲ၍ ကာကွယ်ဆေးထိုးနှံပေးမည့် လူအုပ်စုများသတ်မှတ်ကာ ထိုးနှံခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဘားအံမြို့တွင် မေ ၅ ရက်မှစ၍ စုရပ်အသီးသီးတွင် ဒုတိယအကြိမ် ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည်။

ဘားအံမြို့နယ်တွင် ဒုတိယအကြိမ် ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးစုရပ်များအဖြစ် အမှတ်(၂)၊(၃)၊(၄) အခြေခံပညာအထက်တန်းကျောင်းများနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့တွင် လေးနေရာခွဲ၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများဦးဆောင်ပြီး ပညာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ ပူးပေါင်း၍ နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ မေ ၅ ရက်မှ ၇ ရက်အထိ ထိုးနှံပေးမည်ဖြစ်သည်။



ဘားအံမြို့နယ်တွင် ကိုဗစ် -၁၉ ရောဂါကာကွယ်ဆေးကို မတ် ၆ ရက်မှစတင်၍ ဆရာတော်၊ သံဃာတော်၊ ရဟန်း၊ သာမဏေ၊ သီလရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများအား ထိုးနှံပေးခဲ့ရာ ပထမအကြိမ်အနေဖြင့် စုစုပေါင်း လူဦးရေ ၈၁၀၉ ဦးကို ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရှိသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

## လှိုင်းဘွဲ့မြို့နယ်တွင် သံဃာတော်များ၊ အသက်(၆၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့်ဝန်ထမ်းများအား ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံ

လှိုင်းဘွဲ့ မေ ၆

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် သံဃာတော်များ၊ အသက်(၆၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ဝန်ထမ်းများအား ပထမအကြိမ် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေးခြင်းကို မေ ၄ ရက်က လှိုင်းဘွဲ့မြို့ အောင်ဆန်းခန်းမ၌ ပြုလုပ်သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို လှိုင်းဘွဲ့မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသန်းနှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး မောင်မောင်လေးတို့က လာရောက်ကြည့်ရှုပြီး ပထမ အကြိမ် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို လှိုင်းဘွဲ့မြို့နယ်တွင် ဆေးအလုံးရေ ၂၀၀ ဖြင့် လူဦးရေ ၂၀၀၀ ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

စာမျက်နှာ ၂၂ မှ

ကမ္ဘာတွင်မရှိသော တွားသွားသတ္တဝါအဖြစ် ကျက်စားလျက်ရှိသည်။ ခေါ်နွေးဆုမ်အမျိုးသားဥယျာဉ်ကြီးသည် ကမ္ဘာတွင်မရှိသော အပင်၊ ငှက်နှင့် တွားသွားသတ္တဝါတို့နေထိုင် ပေါက်ပွားရာ သဘာဝအခြေခံကောင်းများ စုဝေးရာနေရာတစ်ခုအဖြစ် နိုင်ငံအတွက် ဂုဏ်ယူဖွယ်ပင်ဖြစ်သည်။

### သဘာဝအလှတို့ကဆွဲဆောင်လျက်ရှိ

သဘာဝအခြေခံခရီးသွားများ စိတ်ဝင်စားရာ နေရာတစ်ခုဖြစ်သော နတ်မတောင်ကို ခေါ်နွေးဆုမ်ဟုခေါ်ဆိုပြီး မြန်မာဘာသာဖြင့် တောင်တန်းတို့၏ နတ်သမီးလေးဟု အဓိပ္ပာယ်ဖွင့်ဆိုလျက် အရှေ့တောင်အာရှတွင် အလှပဆုံးတောင်တန်းတစ်ခုအဖြစ် အသိအမှတ်ပြုထား၍ အာဆီယံအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ထားသည်။ ကန်ပက်လက်၊ မင်းတပ်နှင့် မတူပီမြို့သုံးမြို့ဧရိယာတွင် ပါဝင်ပြီး စုစုပေါင်းအကျယ်အဝန်းမှာ ၁၇၆၂၀၂ ဧက ရှိရာ မြန်မာပြည်တွင် တတိယအကြီးဆုံးတောင်ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၀၂၀၀ တွင် တည်ရှိပြီး ထင်းရှူးတော၊ တောင်ဇလပ်ပန်း၊ သစ်ခွ၊ ခေါင်ရည်ချိုမြမြနွားနောက်၊ ဘုံတလာရေတံခွန်၊ အသည်းနှလုံးပုံရှိဒ်ရေကန်နှင့် ကနေဒီတောင်တန်းတို့သည် သဘာဝအလှတို့ဖြင့် ချင်းပြည်နယ်၏ ခရီးသွားလုပ်ငန်းကို ဆွဲဆောင်လျက်ရှိသည်။ နတ်မတောင် အမျိုးသားဥယျာဉ်ဖြစ်သော ခေါ်နွေးဆုမ်တောင်သည် ယခင်က ပြည်ပခရီးသွားများ အများဆုံးလည်ပတ်ခဲ့ရာမှ ယခုအခါ ပြည်တွင်းခရီးသွားများ စိတ်ဝင်စားရာနေရာ တစ်ခုအဖြစ် ချင်းပြည်နယ်၏ သဘာဝအလှတို့က ဆွဲဆောင်လျက်ရှိသည်။

### အာဆီယံနိုင်ငံတို့အမွေအနှစ်တစ်ခုအဖြစ်

ထိုသို့တွားသွားသတ္တဝါများနှင့် ရှားပါးငှက်တို့ကိုကင်မရာထောင်ချောက်ဖြင့် စောင့်ကြည့်မှုသည် လွန်ခဲ့သော ငါးနှစ်က နိုင်ငံတကာအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ဝန်ကြီးဌာနအစီအစဉ်ဖြင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်း ကာကွယ်စောင့်ကြည့်ရေးအစီအစဉ်ကို ဖေဖော်ဝါရီလနှင့် မတ်လတို့တွင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ရှားပါးတိရစ္ဆာန်များ မှီခို နေထိုင်မှုကိုသိရှိ၍ ထိန်းသိမ်းခြင်းဖြင့် စီမံအုပ်ချုပ်ရေးလုပ်ငန်းများ လည်ပတ်နိုင်ကာ နတ်မတောင် အမျိုးသားဥယျာဉ်ကြီး ရေရှည်တည်တံ့နိုင်မြဲမှုကို အထောက်အပံ့ဖြစ်စေလျက် နိုင်ငံအတွက် သာမက အာဆီယံနိုင်ငံတို့၏ အမွေအနှစ်တစ်ခုအဖြစ် တွေ့မြင်ရမည်ဖြစ်သည်။

### ရတနာသိုက်ကြီးတစ်ခုဆိုလျှင်

"မတ်လ ၄ ရက်နေ့က ဝိတိုရိယတောင်ထိပ်နဲ့ ကန်ပက်လက်မြို့ ဧရိယာထဲကနေရာတွေမှာ လျှို့ဝှက်ထောင်ထားတဲ့ကင်မရာတွေကို ပြန်စစ်ဆေးတဲ့ အခါ နို့တိုက်သတ္တဝါတွေ၊ ရှားပါးတဲ့ ကြောင်မျိုးစိတ်တွေ၊ ရစ်မျိုးအုပ်စုဖြစ်တဲ့ ဇာမဏီ ငှက်၊ ခေါင်းမျိုးစိတ်တွေ၊ မြင်နေကျမျောက်တွေ မဟုတ်တဲ့ မျောက်ကြီးတွေနဲ့ ထူးခြားတဲ့ငှက်မျိုးစိတ်တစ်ကောင်လည်းတွေ့ရတယ်။ ကြီးလည်းကြီးတယ်။ ကမ္ဘာ့ရှားပါးငှက်ဖြစ်တဲ့ မျက်ခုံးမွေး ဖြူငှက်ပြာခြောက်ကို တော့ လစဉ်စာရင်းပြုစုပြီး တင်ပြရတာရှိတယ်။ သီးသန့် လုပ်ဆောင်ရတာပါ။

အမျိုးသားဥယျာဉ်မှာရှိတဲ့ ရှားပါးမျိုးစိတ်တွေဟာ မှီခိုတောတွေကို အမှီပြုရတာကြောင့် ရေရှည်တည်တံ့နိုင်မြဲဖို့ ကျွန်တော်တို့ဌာနတစ်ခုတည်း လုပ်ဆောင်လို့ မရပါဘူး။ ဒေသခံတွေအပြင် အသင်းအဖွဲ့တွေ ပူးပေါင်းဆောင်ရွက်ဖို့လည်း လိုပါတယ်။ တရားမဝင်လက်နက်ကိုင်ဆောင်ပြီး တောပစ်တာ၊ တောင်ယာချဲ့ထွင် မီးရှို့တာ၊ ရှားပါး အပင်မျိုးစိတ်ယူတာတွေ မလုပ်အောင် ဝိုင်းဝန်း လက်တွဲဖို့လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီပေါ်မှာမှီခိုပြီး ခရီးသွားလုပ်ငန်းကို ကန်ပက်လက်၊ မတူပီ၊ မင်းတပ်မြို့သာမက ချင်းပြည်နယ်တစ်ခုလုံးအတွက် ဖြစ်နေလို့ပါ။ ဒီအမျိုးသားဥယျာဉ်ကြီးဟာ ကျွန်တော်တို့နိုင်ငံအတွက် တန်ဖိုးဖြတ်လို့မရတဲ့ ရတနာသိုက်တစ်ခုဆိုရင်လည်း မမှားပါဘူး"ဟု ဆရာဦးစိန်ထွန်းက ဖြည့်စွက်ပြောကြားသည်။

### အမျိုးသားရေးတာဝန်တစ်ရပ်

မြန်မာနိုင်ငံသည် သဘာဝတောတောင်များ၊ ပင်လယ်ကမ်းရိုးတန်းနှင့် ကမ်းခြေများ၊ ကျွန်းများနှင့် တောင်ပေါ်ဒေသတို့ဖြင့် ဖွဲ့စည်းထားသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် အလှတရားတို့ စုစည်းနေသောနိုင်ငံဖြစ်သောကြောင့် ပြည်ပခရီးသွားများအထူးစိတ်ဝင်စားရာနိုင်ငံအဖြစ် ဂုဏ်တင့်စေလျက်ရှိသည်။ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုသည် နိုင်ငံခြားခရီးသွားများကို ဆွဲဆောင်လျက်ရှိသည်။ ရေမြေတောတောင်လှပ၍ သဘာဝကပေးထားသော သဘာဝအလှတရားတို့ကို အစဉ်ထိန်းသိမ်းကာကွယ်ရမည်မှာ နိုင်ငံသားတိုင်း၏ အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်သည်။

### ချင်းပြည်နယ်၏ရတနာသိုက်

ခေါ်နွေးဆုမ်အမျိုးသားဥယျာဉ်သည် မြန်မာပြည်အနောက်ပိုင်း တောင်မြောက်သွယ်တန်းနေသော ချင်းတောင်တန်းပေါ်တွင် တည်ရှိပြီး မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် အိန္ဒိယနိုင်ငံတို့ဖြင့် ထိစပ်လျက်ရှိ၍ ရခိုင်ရိုးမနှင့် တစ်ဆက်တည်းတည်ရှိသည်။ ခေါ်နွေးဆုမ်ဟု ခေါ်သော နတ်မတောင်ကို ကန်ပက်လက်မြို့နှင့် မင်းတပ်မြို့မှ သွားရောက်နိုင်ပြီး ခရီးသွားရန် အကောင်းဆုံးကာလမှာ ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့ဖြစ်သည်။ ထိုအချိန်သည် နိုင်ငံခြားခရီးသွားအများဆုံးလာရောက်လည်ပတ်သော ရာသီဖြစ်သည်။ ဇီဝနှင့် ရုက္ခဗေဒမျိုးစိတ်တို့ ရှင်သန်ပေါက်ပွားရာနေရာဖြစ်သည့်အပြင် ကမ္ဘာတွင်မရှိသော အပင်နှင့် သတ္တဝါမျိုးစိတ်တို့ နေထိုင်ကျက်စားလျက်ရှိရာ နတ်မတောင်အမျိုးသားဥယျာဉ်ကြီးသည် ချင်းပြည်နယ်၏ ရတနာသိုက်ကြီးတစ်ခုပင် ဖြစ်သည်။

### ခရီးသွားများအတွက် အသင့်ပြင်ဆင်ထား

နတ်မတောင် အမျိုးသားဥယျာဉ်ကြီးတွင် တောရိုင်းတိရစ္ဆာန်မှီခိုသော တောများရှင်သန်နိုင်ရန် အမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ယူဆောင်ရွက်သည့်နည်းတူ နတ်မတောင် (ဝိတိုရိယတောင်)ထိပ်၊ တောင်တက်လမ်းတစ်လျှောက်၊ ကန်ပက်လက်မြို့နှင့် မင်းတပ်မြို့တို့တွင် အုပ်ချုပ်ရေးပိုင်းနှင့် လူမှုအထောက်အကူပြုအဖွဲ့၊ ခရီးသွားလုပ်ငန်းအဖွဲ့တို့ ပူးပေါင်း၍ လာရောက်လည်ပတ်သူတို့ စွန့်ပစ်လေ့ရှိသည့် ပလတ်စတစ်ဘူးခွံနှင့် အခြားသောစွန့်ပစ်ပစ္စည်းတို့ကို လိုက်လံသိမ်းဆည်းသောလုပ်ငန်းကို လုပ်ဆောင်လျက်ရှိသည်။ တောရိုင်းတိရစ္ဆာန်များ အန္တရာယ်မရှိစေရန် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းဖြစ်ပြီး ထိုစွန့်ပစ်အမှိုက်တို့ကို မြို့ပြင်သို့ သယ်ဆောင်မီးရှို့ဖျက်ဆီးမှုကို ဆောင်ရွက်လျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါကျော်လွန်သွားပါက ခရီးသွားကာလတွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားများဝင်ရောက်လာလျှင် အဆင်သင့် ဖြစ်နိုင်ရန် ခေါ်နွေးဆုမ်အမျိုးသားဥယျာဉ်ကြီးကို အသင့်ပြင်ဆင်ထားလျက်ရှိသည်။ အထူးသဖြင့် ခရီးသွားလုပ်ငန်း၏ အဓိကနေရာများဖြစ်သော ကန်ပက်လက်မြို့အဝင် အမျိုးသားဥယျာဉ်ပညာပေးပြခန်း၊ ကန်ပက်လက်မြို့ ၁၀ မိုင် တောင်တက်စခန်း၊ တောတွင်းငှက်ကြည့်စခန်း၊ ကျင်ခွေးရေရှောင်လမ်းဖြစ်သော လှိုင်ဒုတ်ထိန်းသိမ်းရေးစခန်းတို့သည် တောရိုင်းတိရစ္ဆာန်များကြည့်ရှုလေ့လာရန် နေရာများဖြစ်ရာ လာရောက်လည်ပတ်သူတို့ နှစ်မြို့က်ရာနေရာများလည်းဖြစ်သည်။ မင်းတပ်မြို့နှင့် ၁၆ မိုင်အကွာ စခန်း(မင်းတပ်–မတူပီလမ်း)တွင် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့တို့က အဖွဲ့လိုက် နေ့စဉ်လှည့်လည်လျက်ရှိသည်။ ပစ်ခတ် အမဲလိုက်ခြင်းနှင့် ကြိုးကိုင်းထောင်အမဲလိုက်ခြင်းတို့ လုပ်ဆောင်မှုကြောင့် အမျိုးသားဥယျာဉ်ဧရိယာအတွင်း တောရိုင်းတိရစ္ဆာန်များသေဆုံးမှုကို နှစ်စဉ်လျော့ချနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

### ဝိုင်းဝန်းကာကွယ်စောင့်ရှောက်

မြန်မာနိုင်ငံအတွက်သာမက အာဆီယံနိုင်ငံများအတွက် ဂုဏ်ယူဖွယ်ဖြစ်သော ခေါ်နွေးဆုမ်(နတ်မတောင်)တောင်ကို အာဆီယံ၏အမွေအနှစ် အမျိုးသားဥယျာဉ်ကြီးအဖြစ် သတ်မှတ်ထားသောကြောင့် နိုင်ငံအတွက် ဂုဏ်ယူဖွယ် အမျိုးသားဥယျာဉ်ကြီး ထာဝရရှင်သန်တည်တံ့ရန် လိုအပ်ပြီး သစ်တောဦးစီးဌာနအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေး၊ သဘာဝနယ်မြေထိန်းသိမ်းကာကွယ်ရေး ဥပဒေတို့ဖြင့် ထိန်းသိမ်းကာကွယ်လျက်ရှိသည်။ အားလုံးဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ခြင်းဖြင့် ခေါ်နွေးဆုမ်(နတ်မ တောင်)အမျိုးသားဥယျာဉ်ကြီး ရေရှည်တည်တံ့၍ သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများ အောင်မြင်လျက် နှစ်စဉ် ခရီးသွားလုပ်ငန်းမှ နိုင်ငံခြားဝင်ငွေတိုးမြင့်ရရှိမည်ဖြစ်သည်။ ကမ္ဘာ့ရှားပါးတိရစ္ဆာန်တို့ နေထိုင်ကျက်စားရာ ချင်းပြည်နယ်မှ ခေါ်နွေးဆုမ်အမျိုးသားဥယျာဉ်ကြီးကို နိုင်ငံအတွက် လက်ဆင့်ကမ်းအမွေအဖြစ် ရေရှည်တည်တံ့လုပ်ရန် ဝိုင်းဝန်းလက်တွဲ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်ဖြစ်ပါသည်။ ။

# စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်လေ့ကျင့်ခန်းများ ဆောင်ရွက်ရန်အတွက် သတိပေးချက်ထုတ်ပြန်ကြေညာခြင်း

၁။ တပ်မတော်(ရေ)စစ်ရေယာဉ်များသည် ၂၀၂၁ ခုနှစ်၊ ဧပြီလ (၄) ရက်မှ (၁၁) ရက်ထိ ကာလအတွင်း စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်မှုလေ့ကျင့်ခန်းများအား ဘင်္ဂလားပင်လယ်အော်အတွင်း လေ့ကျင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် အောက်ပါအတိုင်း Coordinates အမှတ်များအား ဆက်ဆွဲထားသည့်ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည် -

(က) လေ့ကျင့်ခန်းဧရိယာ(၁)

(၁) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၂ မိနစ်

(၂) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်

(၃) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်

(၄) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၂ မိနစ်

(ခ) လေ့ကျင့်ခန်းဧရိယာ(၂)

(၁) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ဝ၆ မိနစ်

(၂) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်

(၃) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၀ မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်

(၄) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ဝ၆ မိနစ်

(ဂ) လေ့ကျင့်ခန်းဧရိယာ(၃)


(၁) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၉.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၇.၅ မိနစ်

(၂) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၉.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၅ မိနစ်

(၃) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅.၅ မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၅ မိနစ်

(၄) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၇.၅ မိနစ်

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာများမှ ၁၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀ (တစ်သောင်းငါးထောင်) အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။




## သကြၤန်အကြို စားသောက်ကုန်ဈေးနှုန်းများ မြင့်တက် ကုန်အဝင်ရှိသော်လည်း အရောင်းအဝယ်အေး

မန္တလေး ဧပြီ ၆

မန္တလေးမြို့တွင် သကြၤန်အကြို ဆန်လက်လီလက်ကားဈေးကွက်တွင် ဆန်ကြမ်း ဇီယာဆန်အမျိုးအစားများနှင့် အရည်အသွေးမြင့် ရွှေဘိုမနော်၊ မဂျမ်းတော၊ ပေါ်ဆန်းမွှေး အမျိုးအစားများမှာ အိတ်အလိုက် ဈေးနှုန်းများ မြင့်တက်လာသော်လည်း ပုံမှန်ရောင်းအားတွင်ရှိကြောင်း ဆန်စပါးကုန်စည်ဒိုင်မှ သိရသည်။

ပုသိမ်ကြီးမြို့နယ်နှင့် အမရပူရမြို့နယ်တို့တွင် စိုက်ပျိုးသော မနောသုခက တစ်အိတ်ကို ငွေကျပ် ၃၈၀၀၀ ခန့်ရှိသည်။ ပြည်ပသို့ထွက်သော Export လမ်းကြောင်းများလည်း ပိတ်လျက်ရှိသဖြင့် နွေစပါးများလည်း ထွက်လျက်ရှိရာ မနောသုခ တစ်အိတ်လျှင်ငွေကျပ် ၄၆၀၀၀ အထိ ဈေးတက်လျက်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ဝင်ရောက်သော ပေါ်ဆန်းမွှေး တစ်အိတ်လျှင် ငွေကျပ် ၄၈၀၀၀၊ ဆင်းသွယ်မွှေး တစ်အိတ် ငွေကျပ် ၄၈၅၀၀၊ ရွှေဘို မနောသုခ တစ်အိတ်လျှင် ငွေကျပ် ၄၇၀၀၀၊ လုံးသွယ်မွှေးတစ်အိတ်လျှင် ငွေကျပ် ၅၂၀၀၀ ဈေးရှိပြီး ပဲဆီသန့် တစ်ပိဿာ ငွေကျပ် ၆၈၀၀ ရှိသည်။ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ဝင်ရောက်သော စားသုံးဆီ တစ်ပိဿာ ငွေကျပ် ၃၁၀၀ ခန့် ဈေးရှိသည်။ စားသောက်ကုန်ဈေးကွက်တွင် ဗမာကြက် တစ်ပိဿာ ငွေကျပ် ၉၀၀၀၊ စီပီမွေးမြူရေးကြက် တစ်ပိဿာ ငွေကျပ် ၆၀၀၀၊ ဆိတ်သား တစ်ပိဿာ ငွေကျပ် ၂၄၀၀၀၊ အမဲသား တစ်ပိဿာ ငွေကျပ် ၁၆၀၀၀၊ ဝက်သား တစ်ပိဿာငွေကျပ် ၁၃၀၀၀ ဝန်းကျင်ရှိပြီး မန္တလေးသီရိမန္တလာဈေးငါးဒိုင်များသို့ ရန်ကုန်မှ ရေခဲရိုက် မွေးမြူရေးငါးများနှင့် ပင်လယ်ငါးများ၊ ပုစွန်များအဝင်နည်းလာသည်။ ငါးမြစ်ချင်း တစ်ပိဿာ ငွေကျပ် ၁၆၀၀၀ နှင့် ငါးမြင်း တစ်ပိဿာ ငွေကျပ်၂၄၀၀၀ နှင့် မွေးမြူရေးငါးများ တစ်ပိဿာ ငွေကျပ် ၈၀၀၀ ဝန်းကျင် ဈေးရှိသည်။

ကိုကိုကြီး(မန္တလေး)

## ကျောက်ဆည်မြို့နယ်အတွင်းရှိ တောင်ပလ္လူကျေးရွာအား (၇)ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများ ထုတ်ချေး

ကျောက်ဆည် ဧပြီ ၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာများကို မြစိမ်းရောင် ကျေးရွာစီမံကိန်းအဖြစ် အရင်းမပျောက် မတည်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခြင်း၊ ကျေးလက်ကုန်ထုတ်လမ်းများဖောက်လုပ်ပေးခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်သည့် ကျေးရွာတွင်းလမ်းများကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးခြင်း၊ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းငွေများကို ထုတ်ချေးပေးခြင်း စသည့်ကျေးရွာဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရပြီး ယနေ့ နံနက်ပိုင်းက တောင်ပလ္လူကျေးရွာတွင် (၇)ကြိမ် မြောက်အဖြစ် မြစိမ်းရောင်စီမံကိန်းချေးငွေများ ထုတ်ချေးပေးကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ထိုက်ထိုက်စိုးနှင့် ဝန်ထမ်းများက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး နည်းလမ်းများအတိုင်း ဆောင်ရွက်ပြီး စိုက်ပျိုးရေးလုပ်ကိုင်သူ ၈၉ ဦးအတွက် ငွေကျပ် ၂၄၅၅၀၀၀၀၊ မွေးမြူရေးလုပ်ကိုင်သူ ၁၃၆ ဦးအတွက် ငွေကျပ် ၁၇၉၆၀၀၀၀ ၊ အရောင်းအဝယ်လုပ်ကိုင်သူ နှစ်ဦးအတွက် ငွေကျပ် ၅ သိန်း၊ စုစုပေါင်း အိမ်ထောင်စု ၂၂၇ စုအတွက် ငွေကျပ် စုစုပေါင်း ၄၃၀၁၀၀၀၀ ထုတ်ချေးပေးကြောင်း သိရသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများကို ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်မှ စတင်ကာ ရွေးချယ်ကျေးရွာကို စတင်ထုတ်ချေးပေးပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၃ ရွာ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာ ရှစ်ရွာ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျေးရွာခြောက်ရွာ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျေးရွာ ငါးရွာ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးရွာ သုံးရွာ၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးရွာ နှစ်ရွာတို့ကို ထုတ်ချေးပေးထားကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သက်မောင် (ကျောက်ဆည်)

## ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာလာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ၊ ဘဏ်များ၊ ဈေးများ၊ ဆေးရုံများနှင့် ယာဉ်လိုင်းများ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ပြေးဆွဲ

နေပြည်တော် ဧပြီ ၆

ဗုဒ္ဓဘာသာဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များကို ဖေဖော်ဝါရီ ၈ ရက်မှ စတင်၍ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးထားရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့ဗ္ဗယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများက ဖူးမြော်ကြည်ညိုကာသိုလ်ယူလျက်ရှိကြသည်။

**စိတ်အေးချမ်းသာစွာလာရောက်**

အလားတူ သက်ဆိုင်ရာဘာသာရေးကျောင်းများတွင်လည်း ဘာသာဝင်များက စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြကြောင်း သိရှိရသည်။

**ဈေးဝယ်များစည်ကား**

ထို့ပြင် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများအပါအဝင် အခြားမြို့ကြီးများတွင်လည်း တည်ငြိမ်အေးချမ်းစွာဖြင့် ဈေးများ၌ ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားလျက်ရှိပြီး ဘဏ်များ၊ ဆေးရုံများ၊ လေကြောင်းခရီးစဉ်များ၊ မီးရထားခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များ၊ မော်တော်ယာဉ်လိုင်းများကို တည်ငြိမ်အေးချမ်းစွာဖြင့် ပုံမှန်အတိုင်း ဖွင့်လှစ်ပြေးဆွဲလျက်ရှိကြောင်း သိရှိရသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌လည်း ခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် ယာဉ်လိုင်းများ နေ့စဉ်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ပဲ အမယ် ၄ မျိုး၊ လှူဖွယ်ပစ္စည်းများ၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများဆောင်ရွက်

နေပြည်တော် ဧပြီ ၆

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့ဗ္ဗယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်(၄)မျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့ မြို့ဦးဘုန်းတော်ကြီးကျောင်း၊ မြို့မဘုန်းတော်ကြီးကျောင်း၊ ဓါတ်စွမ်းဟုန် ဘုန်းတော်ကြီးကျောင်း၊ မိုင်းဖြတ်မြို့ တောင်တန်းသာသနာပြု ဘုန်းတော်ကြီးကျောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ သုမေဓါရာမကျောင်းတိုက် (ယာပုံ)၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဇရပ်ကွင်းကျေးရွာ ကျိုက်ဒေးဝိကျောင်းတိုက်တို့ရှိ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် (၄) မျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ သုမေဓါရာမကျောင်းတိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဓမ္မသုခကျောင်းတိုက်တို့ရှိ သံဃာတော်များနှင့် သာသနာ့ဗ္ဗယ်ဝင် သီလရှင်များအား နေ့ဆွမ်းများကိုလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့်တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့အပြင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ မဟာသုမေဓါရာမတောရကျောင်းတိုက်၌ ဟိတာရေဖောင်ဒေးရှင်းမှ ကြီးမှူးဖွင့်လှစ်လျက်ရှိသော ယဉ်ကျေးလိမ္မာဆရာဖြစ်/ အမြင့်ဖွင့်သင်တန်းတွင် လိုအပ်သည်များ အသုံးပြုနိုင်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် လှိုင်းဘွဲ့တပ်နယ်မှ တာဝန်ရှိသူများက အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို ကျောင်းတိုက်ဆရာတော်ထံသို့ သွားရောက်ဆက်ကပ်လှူဒါန်းကြသည်။

၎င်းအပြင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့ မြို့ဦးဘုန်းတော်ကြီးကျောင်း၊ မြို့မဘုန်းတော်ကြီးကျောင်း၊ ဓါတ်စွမ်းဟုန် ဘုန်းတော်ကြီးကျောင်းနှင့် မွန်ပြည်နယ် မော်လမြိုင်မြို့ သုမေဓါရာမကျောင်းတိုက်များရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့ဗ္ဗယ်ဝင်သီလရှင်များအား တပ်မတော်မှ ဆေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ

နေပြည်တော် ဧပြီ ၆

တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၂၁၂၄ ဦး၊ အတွင်းလူနာ ၄၄၁၆ ဦးကို ကုသပေးနိုင်ခဲ့ပြီး ၎င်းလူနာများအနက် အကြီးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၅၆၄၉ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၂၉၅၃ ဦး စုစုပေါင်း ၈၆၀၂ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားလူနာ ၃၀၀၂ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၄၆၁၂ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၇၆၁၄ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။


တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများကို ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေးအဆင်ပြေစေရန် အတွက်ကိုပါ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံတွင် တက်ရောက်ကုသနေသော ဒေသခံပြည်သူများ သွေးလိုအပ်မှုမရှိစေရေးအတွက် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ ရွှေမန်းတံခွန်ပရဟိတ လူမှုကူညီရေးအသင်းမှ စေတနာရှင်သွေးလှူရှင် စုစုပေါင်း ၅၄ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြသည်။ အဆိုပါ သွေးလှူဒါန်းနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကာ သွေးလှူရှင်များကို စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်


**အမုန်းစကားမပြောရ။**

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။

# တန်ခူးလတွင် နှစ်စဉ်ကျင်းပသော ဆံတော်ရှင် ကျိုက်ခနေတ်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်

နိုင်လင်းကျော်(မြန်/ဆက်)



မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဗုဒ္ဓမြတ်ဘုရား၏ ကိုယ်စားအဖြစ် ဗုဒ္ဓဘာသာဝင်များ ကြည်ညို ကိုးကွယ်နိုင်စေရန် စေတီလေးမျိုးခွဲခြားကာ စေတီ ပုထိုးများ တည်ထားခဲ့ကြသည်။ ဓာတုစေတီ၊ ဓမ္မ စေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ ဟူ၍ ဖြစ်ပေသည်။ ဘုရားရှင်၏ ခန္ဓာကိုယ်မှဖြစ်သော (အသွေး၊ အသား၊ ဆံတော်၊ အံတော်၊ သွားတော်၊ အရိုး) ဓာတ်တော်များကို ဌာပနာပြုကိုးကွယ်ခြင်းမှာ ဓာတုစေတီ၊ ဘုရားရှင် ဟောကြားခဲ့သော တရား တော်များကို ရွှေ၊ ငွေ၊ ကြေးတို့ဖြင့် ကမ္ပည်းထိုး ရေးသားဌာပနာပြု ကိုးကွယ်ခြင်းမှာ ဓမ္မစေတီ၊ ဘုရားရှင်သုံးဆောင်ခဲ့သော ရေစစ်၊ ရေသနုတ်၊ တောင်ဝှေး၊ သပိတ်၊ လွန်၊ သင်္ကန်း စသည့် အသုံး အဆောင်များကို ဌာပနာပြုတည်ထားကိုးကွယ်ခြင်း မှာ ပရိဘောဂစေတီ၊ ဘုရားရှင်ကိုယ်စား ရုပ်ပွား၊ ဆင်းတု၊ ပုံတော်၊ စေတီပုထိုး အမျိုးမျိုး ထုဆစ် တည်ထားကိုးကွယ်ခြင်းမှာ ဥဒ္ဒိဿစေတီတို့ပင် ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း တိုင်းရင်းသား လူမျိုး ပေါင်းစုံ မှီတင်းနေထိုင်လျက်ရှိပြီး လူမျိုးနွယ်စုပေါင်း ၁၀၀ ကျော် ရှိသလို လူမျိုးအလိုက်၊ ဒေသအလိုက် ခေါ်ဝေါ်ကြသော တိုင်းရင်းသား ဘာသာစကားများ သည်လည်း မတူညီ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ ယုံကြည်သက်ဝင်ရာ ဘာသာတရားများ၊ တော တောင် ရေမြေ သဘာဝအလှတရားများသည်လည်း ထူးခြားဆန်းကြယ်ကြသည်။

မွန်တိုင်းသုံးရပ်သတ်မှတ်

ရှေးယခင်က မွန်တိုင်းသုံးရပ်ဟု သတ်မှတ် ခဲ့သော မုတ္တမ မဏ္ဍလ၊ ဟံသာဝတီမဏ္ဍလ၊ ကုသိန မဏ္ဍလ အမည်ဖြင့် ရှေးမြန်မာမင်းများခေတ်က (မွန်၊ ကရင်၊ တနင်္သာရီ၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီဒေသ) တို့၌ စေတီဘုရား၊ ပုထိုးများ တည်ထားကိုးကွယ် ရာတွင် မွန်လူမျိုးတို့သည် ကျိုက်ကို ရှေ့ကထား၍ ခေါ်ဆို သုံးနှုန်းခဲ့ကြသည်ဟု သမိုင်းအထောက် အထားများမှ သိရသည်။ ဥပမာအားဖြင့် ကျိုက် ထီးရိုးစေတီ၊ ကျိုက်ခေါက်စေတီ၊ ကျိုက္ကစံစေတီ၊ ကျိုက်ပေါလောစေတီတို့ ဖြစ်သည်။

မွန်လူမျိုးတို့ တည်ထားကိုးကွယ်ခဲ့သော ရှေး ဟောင်းသမိုင်းဝင် စေတီပုထိုးများစွာရှိသည့်အနက် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ခနော် စံပြ ကျေးရွာရှိ ကျိုက်ခနေတ်စေတီတော်မြတ်ကြီးသည် လည်း ဘုရားရှင်၏ဆံတော်ကို တည်ထား ကိုးကွယ် တော်မူသော ရှေးဟောင်းသမိုင်းဝင် ဓာတုစေတီ တစ်ဆူ ဖြစ်ပေသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၃၀၀ ကျော် (သာသနာ သက္ကရာဇ် ၂၄၀ ပြည့်နှစ်)မှစ၍ ဟံသာဝတီမင်း အဆက်ဆက် တည်ထားပြုပြင် ကိုးကွယ်ခဲ့သော ရှေးဟောင်းသမိုင်းဝင် စေတီတော်ကြီးတစ်ဆူဖြစ်ပြီး ဉာဏ်တော်အမြင့် ၁၆ တောင် တည်ထားခဲ့ခြင်း ဖြစ်သည်။

ဓာတ်တော်များတောင်းခံရန်

သီဟိုဠ်ကျွန်းသို့ စေလွှတ်

သာသနာသက္ကရာဇ် ၂၃၆ ခုနှစ်တွင် သီရိဓမ္မာ သောက(အသောက)မင်းကြီး၏ အထောက်အပံ့ဖြင့် အရှင်မဟာမောဂ္ဂလိပုတ္တတိဿသည် တတိယသင်္ဂါ ယနာတင်ခဲ့ပြီး ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု စေလွှတ်ရာ အရှင်သောဏမထေရ်၊ အရှင်ဥတ္တရ၊ အရှင်အနုရုဒ္ဓါ၊ အရှင်တိဿဂုတ္တ၊ အရှင်သောဏေယျ ငါးပါးတို့သည် သုဝဏ္ဏဘူမိ သထုံပြည်သို့ ရောက် လာကြသည်။ မင်းကြီးက အကြီးအမှူး မထေရ် နှစ်ပါးထံ ဓာတ်တော်များ ထပ်မံတောင်းခံပေးပါရန် လျှောက်ထားရာ အရှင်တိဿဂုတ္တကို အမှူးအကြီး ပြုလျက် တွံတေး(ကွမ်းဒေး)သား ရှင်တိက္ခပညာနှင့် အရှင်သာဂရပညာ၊ ကျိုက်ထိုသား အရှင်ဗုဒ္ဓဉာဏ၊ ဇင်းကျိုက်သား အရှင်တိဿ၊ ဒိန်မယ်သား အရှင် အတိရ၊ မော်လမြိုင်သား အရှင်သုဒ္ဓတို့ကို သီဟိုဠ် ကျွန်းသို့ စေလွှတ်တော်မူခဲ့ကြသည်။

အသောကမင်းကြီးက ဘုရားရှင်၏ ဆံတော် နှစ်ဆူနှင့် ဓာတ်တော် တစ်စလယ်ပေးခဲ့ပြီး အရှင် သောဏနှင့် အရှင်ဥတ္တရတို့က ဒဂုံ၊ ဒလ ဒေသတို့ တွင်စေတီများ တည်ထားစေရန် ဒလတောကြီးတန်း နယ်သား အရှင်တိက္ခပညာနှင့် အရှင်သာဂရတို့အား လွှဲအပ်တော်မူလေသည်။ ထိုစဉ်က ဒလနယ်တွင် လေးသည်ရွာဟူသော ရွာတစ်ရွာရှိပြီး ထိုရွာတွင် ရဟန်းများ၊ ဘိက္ခုနီများ ဖြစ်ကြသူ များပြားခဲ့ရာ ထိုရွာမှ ဆံတော်နှစ်ဆူနှင့် ဓာတ်တော် ၂၄ ဆူ ရရှိခဲ့ ကြသည်။

လေးသည်ရွာမှ သံဃာတော်အကြီးအကဲ အရှင် သုဇာတသည် သထုံမင်း စူဠသီရိမာသောက၏ အထောက်အပံ့ဖြင့် တိုက်တန်ဆောင်းတစ်ခုကို တည်တော်မူပြီး ထိုတန်ဆောင်း၏ အလယ်တွင် ကျောက်ပလ္လင်တစ်ခုပြုလုပ်၍ လေဖန်ဘူးနှင့် ထည့် ထားသည့် ဆံတော် နှစ်ဆူနှင့် ဓာတ်တော် ၂၄ ဆူကို ကလပ်တွင်ထည့်လျက် ပလ္လင်ပေါ်တွင် တိုက်စေတီ ကို တည်ထားခဲ့သည်။ သာသနာနှစ် ၂၄၀ တွင် ပြီးစီးခဲ့ရာ ဉာဏ်တော် ၁၆ တောင်၊ တိုက်တစ်မျက်နှာ လျှင် ရှစ်တောင်ခန့်စီရှိကြောင်း သိရသည်။ ရှေးက ထိုစေတီကို ဒုနုဂ္ဂဟစေတီဟု ဘွဲ့အမည်ပေးခဲ့ရာ နောက်ပိုင်းတွင် ခနေတ်စေတီတော်အဖြစ် ထင်ရှား လာခဲ့ပေသည်။

**"လေးသည်ရွာမှ သံဃာတော်အကြီးအကဲ အရှင်သုဇာတသည် သထုံမင်း စူဠသီရိမာသောက၏ အထောက်အပံ့ဖြင့် တိုက်တန်ဆောင်းတစ်ခုကို တည်တော်မူပြီး ထိုတန်ဆောင်း၏အလယ်တွင် ကျောက်ပလ္လင်တစ်ခုပြုလုပ်၍ လေဖန်ဘူးနှင့်ထည့် ထားသည့် ဆံတော်နှစ်ဆူနှင့် ဓာတ်တော် ၂၄ ဆူကို ကလပ်တွင်ထည့်လျက် ပလ္လင်ပေါ်တွင် တိုက်စေတီကို တည်ထားခဲ့သည်။ ရှေးက ထိုစေတီကို ဒုနုဂ္ဂဟ စေတီဟု ဘွဲ့အမည်ပေးခဲ့ရာ နောက်ပိုင်းတွင် ခနေတ်စေတီတော်အဖြစ် ထင်ရှား လာခဲ့ပေသည်"**

ဒလတောကြီးတန်း၏ တောင်ဘက်ခြမ်းရှိ ဒေးတနော်၊ အင်္ဂလုံး၊ လက်ခုပ်၊ ကော့မှူး၊ ဖလကြီး၊ ထိန်ကုန်း၊ ကျောက်တစ်လုံး၊ လေးသည်ရွာတို့သည် သာသနာနှစ် ၂၄၀ ခန့်က ပင်လယ်ကမ်းရိုးတန်း ဖြစ်ကြောင်း သိရသည်။

ရှေးယခင်က ခနော်စံပြကျေးရွာသည် ပင်လယ် ပြင်သို့ထွက်သော ပင်လယ်ဝ၏ အနောက်ဘက် ကမ်းခြေတွင် တည်ရှိပြီး သီလဝါဆိပ်ကမ်းနှင့် မနီး မဝေး ပင်လယ်ဝကမ်းနှင့် တစ်မိုင်ခန့်တွင် ခနေတ် စေတီ တည်ရှိပေသည်။ ရှေးအခါက ရန်ကုန်မြစ်သို့ ဝင်လာသော နိုင်ငံခြား ပင်လယ်ကူး ရွက်သင်္ဘော များသည် ခနေတ်ကင်းဆိပ်၌ အခွန်ပေးပြီး ဝင်ခွင့် ရရှိကြောင်း၊ ခနေတ်ကင်းဆိပ်မှ ရေလမ်းပြရရှိမှ သံလျင်၊ ဒဂုန်၊ ပဲခူးတို့သို့ ကုန်သင်္ဘောများ သောင် မတင်၊ ကျောက်ဆောင်မတိုက်ဘဲ စုန်ဆန်သွားလာ နိုင်ကြောင်း၊ ထိုအချိန်က ခနေတ်စေတီတော် ခြေတော် ရင်း၌ ခနေတ်ရွာကြီးသည် စည်ပင်သာယာ ကြီးမားခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက် ထိန်း သိမ်းပြုပြင် မွမ်းမံဆောင်ရွက်ခဲ့သည့် စေတီတစ်ဆူ ဖြစ်ရာ ယခုအချိန်တွင် ဉာဏ်တော်အမြင့် ၁၈၉ ပေ၊ လုံးပတ်တော် ၂၄၄ ပေကျော်၊ ဖိနပ်တော် ပေ ၄၉၀ ကျော် ရှိသည်။ စေတီတော်မြတ်ကြီး၏ ရှေးဟောင်း လက်ရာ အမွေအနှစ်များ မပျောက်ပျက်စေရေးနှင့် ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် စေတီတော်ကြီး ဘက်စုံ ပြင်ဆင်မွမ်းမံရေးအဖွဲ့နှင့် ဂေါပကအဖွဲ့တို့ ပူးပေါင်း၍ ယနေ့အချိန်ထိ ထိန်းသိမ်းစောင့်ရှောက် လျက်ရှိသည်။

ပျော်ပွဲရွှင်ပွဲ စည်ကားသိုက်မြိုက်ကျင်းပ

နှစ်စဉ်နှစ်တိုင်း တန်ခူးလဆန်း ၉ ရက်နေ့မှ ၁၅ ရက်နေ့အထိ အစဉ်အလာမပျက် ကျင်းပမြဲ ဖြစ်သော ဗုဒ္ဓပူဇနီယ ဆွမ်းတော်ကြီးတင်ပွဲ၊ အသံ မစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ၊ ဆွမ်းဆန်စိမ်း လောင်းလှူပွဲနှင့် ဈေးရောင်းပွဲတော်၊ ဓာတ်သဘင်ပွဲ နှင့် ပျော်ပွဲရွှင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး လာကြသည့် ပြည်သူများစွာဖြင့် အထူးစည်ကား လေ့ရှိသည်။

ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် တန်ခူးလတွင်မူ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပွားခဲ့မှုကြောင့် ဘုရားပွဲတော်ကို မကျင်းပနိုင်ခဲ့ပေ။ ယခု ၂၀၂၁ ခုနှစ် တွင်မူ ဧပြီလ ၂၂ ရက် နံနက် ၈ နာရီတွင် စတင်ပြီး မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ငါးရက်တိုင်တိုင် ပြုလုပ်မည်ဖြစ်ကြောင်း၊ တန်ခူးလပြည့်နေ့ နံနက် ၉ နာရီတွင် ဘုရားအနေကဇာတင်ခြင်းနှင့် သံဃာ တော်၃၅ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေမှုကြောင့် ပျော်ပွဲရွှင်ပွဲများ အစီအစဉ်များ မှာမူ မပါဝင်တော့ကြောင်း သိရသည်။

ဗုဒ္ဓပူဇနီယပွဲတော် ကာလအတွင်း အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာသော ပြည်သူများ၊ ဒေသခံ ပြည်သူများအနေဖြင့် လာရောက်ဖူးမြော်နိုင်ရန် စေတီတော်ကြီးကို ဖွင့်လှစ်ထားရှိကြောင်း ဆံတော် ရှင် ကျိုက်ခနေတ် စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမြသွေးထံမှ သိရသည်။

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ဒလမြို့နယ်မှ ဆံတော်ရှင် ဆုတောင်းပြည့် ကျိုက်ခနေတ်စေတီတော် ကြီးသို့ လာရောက်ဖူးမြော်လိုပါက ရန်ကုန်(ပန်းဆိုး တန်း)ဆိပ်ကမ်းမှတစ်ဆင့် ချယ်ရီသင်္ဘောများ စီးနင်းလိုက်ပါပြီး ဒလသို့ လာရောက်နိုင်ပေသည်။ ထိုမှတစ်ဆင့် ဒလမြို့ နာရီစင်အဝိုင်းမှ ခနေတ်စေတီ သွား ကားလမ်းအတိုင်း လာပါက ၁၃ မိုင်ခရီးခန့် ကွာဝေးမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး ပြည်သူများအနေဖြင့် လာရောက်လည်ပတ် ဖူးမြော် နိုင်ပါကြောင်း ဖိတ်ခေါ်လိုက်ရပေသည်။ ∎

ကိုးကား-

ဆုတောင်းပြည့် ကျိုက်ခနေတ်ဆံတော်ရှင်စေတီ သမိုင်းသစ်၊ သမိုင်းဟောင်း(ရွှေပြည်ဟိန်း)



ဆံတော်ရှင် ကျိုက်ခနေတ်စေတီတော်ကြီးနှင့် ပတ်ဝန်းကျင်ရှုခင်းများ။

# ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များတွင် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

ရန်ကုန် မေ ၆

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေစီးရေလာစီမံခန့်ခွဲမှုဌာနမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများက ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များတွင် ယမန်နေ့ နံနက်ပိုင်းက မိုးမကျမီ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဗဟန်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် မြောက်မြင်းပြိုင်ကွင်းလမ်းထောင့်ရှိ ရေမြောင်းကိုလည်းကောင်း၊ ကြားတောရလမ်း၊ ဦးအရိယကျောင်းဝင်း ရေမြောင်းကိုလည်းကောင်း မိုးမကျမီ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်ရေစီးရေလာ တာဝန်ခံများနှင့် လုပ်သားများက အမှိုက်များဆယ်ယူခြင်း၊ မြေသယ်ယာဉ်များဖြင့် သယ်ယူစွန့်ပစ်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ယာပုံ)

သတင်းစဉ်





ရန်ကုန်မြို့တွင် ပြန်လည်တည်ငြိမ်အေးချမ်းလာပြီဖြစ်၍ စည်ပင်သာယာဈေးများ၊ ကိုယ်ပိုင်ဈေးများ၊ Shopping Mall များ၊ ပလာဇာများ၊ အိမ်ဆိုင်များတွင် ဈေးရောင်းသူ၊ ဈေးဝယ်သူများဖြင့် ပြန်လည်စည်ကားလျက်ရှိရာ မေ ၆ ရက်က ဆိပ်ကြီးခနောင်တိုမြို့နယ် မြို့မဈေး၊ အင်းစိန်လဟာပြင်ဈေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်မင်္ဂလာဈေးသစ်၊မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂)ဈေး၊ လှိုင်မြို့နယ် သီရိမင်္ဂလာဈေး၊ လှိုင်သာယာမြို့နယ် ရွှေရင်အေးဈေး(ဝဲပုံ)တို့မှာ စားသောက်ကုန်များ၊ ကုန်စိမ်းများ၊ သားငါးများ၊ ဟင်းသီးဟင်းရွက်များကို ပြည်သူများ စိတ်အေးချမ်းသာစွာ ဈေးရောင်း၊ ဈေးဝယ်လျက်ရှိသည်ကို တွေ့ရစဉ်။

သတင်းစဉ်

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် မေ ၆

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## စဉ့်ကိုင်မြို့နယ်၌ ဗုံးသီးဟောင်းတစ်လုံးနှင့် ကျည်ဆန်တစ်တောင့် တွေ့ရှိ

နေပြည်တော် မေ ၆

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ မေ ၅ ရက်က ဗုံးသီးဟောင်းတစ်လုံးနှင့် ကျည်ဆန်တစ်တောင့် တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၅ ရက် နံနက် ၈ နာရီ မိနစ် ၅၀ က အောင်မြေသာစံမြို့နယ် အောင်သပြေရပ်ကွက်နေ ထက်နိုင်အောင်(၂၅ နှစ်)ပါ နှစ်ဦးတို့သည် စဉ့်ကိုင်မြို့နယ် မီးသွေးဘုတ်ကျေးရွာအနီး ဒုဋ္ဌဝတီမြစ်ရေချိုးဆိပ်၌ ရေဆင်းချိုးရာမှ ဗုံးသီးဟောင်းတစ်လုံးနှင့် ကျည်ဆန်တစ်တောင့် တွေ့ရှိကြောင်း သတင်းအရ စဉ့်ကိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း အဖွဲ့က သွားရောက်စစ်ဆေးရာ အလျား ၁၅ လက်မ၊ လုံးပတ် ၁၀ လက်မခွဲခန့် ဒလက်ခြောက်ခုပါ စစ်ကျန်ဗုံးသီးဟောင်းတစ်လုံးနှင့် ၇ ဒသမ ၆၂ ကျည်တစ်တောင့်တို့ကိုတွေ့ရှိရ၍ အဆိုပါဗုံးသီးဟောင်းနှင့် ကျည်ဆန်ကို နယ်မြေခံတပ်သို့ လွှဲပြောင်းအပ်နှံရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။ ရဲပြန်ကြား



## အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများပေးပို့နိုင်

မြန်မာ့အလင်းသတင်းစာဖတ်ရှုသူ ပြည်သူများအနေဖြင့် မိမိတို့ ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ် ပြည်သူများ၊သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ သိရှိစေလိုသော အပြုသဘောဖြင့်ရေးသားသော ပေးစာများကို မြန်မာ့အလင်းသတင်းစာ အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ်ပြည်သူများအား အသိပေးဖိတ်ခေါ်အပ်ပါသည်။

စာတည်းအဖွဲ့

မြန်မာ့အလင်း အယ်ဒီတာ့ထံ ပေးစာ

## လှိုင်ကော်မြို့ပေါ်ရှိ လမ်းများ တားဆီးပိတ်ထားမှုကို ရှင်းပေးစေလို

အယ်ဒီတာခင်ဗျာ...

ကျွန်တော်တို့ ကယားပြည်နယ် လွိုင်ကော်မြို့၏ မြို့ပေါ်ရပ်ကွက်အချို့အတွင်းရှိ အချို့သောလမ်းများကို ရပ်ကွက်နေလူအချို့က သံဒိတ်များ၊ ကျောက်တုံးကျောက်ခဲများ၊ ဝါးလုံးများ၊ သစ်ကိုင်းများဖြင့် မတရား တားဆီးကန့်ကွက်ပိတ်ဆို့ထားကြပါသည်။ အထူးသဖြင့် မြို့စွန်နေရာများတွင် အများဆုံးပြုလုပ်နေကြပါသည်။ ဤသို့ မတရားတားဆီးကန့်ကွက်ပိတ်ဆို့မှုများ ပြုလုပ်ထားကြသောကြောင့် စက်ဘီးများ၊ မော်တော်ဆိုင်ကယ်များ၊ ကားများ၊ ခြေကျင်လျှောက်သူများမှာ သွားလာရေးခက်ခဲလျက်ရှိကြပါသည်။ အချို့လမ်းများတွင် ညအချိန်တွင်သာ တားဆီးပိတ်ဆို့ထားကြသော်လည်း အချို့လမ်းများကို အမြဲပိတ်ဆို့ထားကြပါသည်။ အချို့သောလမ်းများအတွင်း စည်ပင်သာယာအမှိုက်သိမ်းကား ဝင်ရောက်မှုမပြုနိုင်သည်မှာ ကြာပြီဖြစ်ပါသည်။ နွေရာသီကာလ မီးဘေးအန္တရာယ်ကြုံတွေ့ရပါက မီးသတ်ကား အချိန်မီသွားရောက်မီးငြိမ်းသတ်ရန် အခက်အခဲကြုံတွေ့ရမည်ကို စိုးရိမ်ရပါသည်။ အရေးပေါ်လူနာတင်ယာဉ်များ သွားလာရန်ခက်ခဲနေကြကြောင်းလည်း ကြားသိရပါသည်။

ဤသို့ လမ်းများပိတ်ဆို့သည်မှာ မည်သည့်ရည်ရွယ်ချက်ရှိကြောင်း လမ်းပိတ်ဆို့မှုပြုလုပ်နေသူများကိုယ်တိုင် မသိရှိကြဘဲ အများယောင်၍ လိုက်ယောင်နေကြခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ အချို့ကလည်း ဆူပူအော်ဟစ်သောင်းကျန်းသူများ လမ်းအတွင်းမဝင်လာနိုင်စေရန် ပိတ်ဆို့သည်ဟု ပြောကြပါသည်။

မည်သို့ဆိုစေကာမူ ဤသို့ လမ်းများကို တားဆီးပိတ်ဆို့ထားခြင်းသည် လမ်းပိတ်ဆို့မှုပြုလုပ်သူများအပါအဝင် အများလူထုအတွက် သွားလာရေးခက်ခဲစေလျက်ရှိပါသည်။

ဤသို့ လမ်းများပိတ်ဆို့ထားသည်ကို လမ်းသွားလမ်းလာ အများစုတို့က ကြိုက်နှစ်သက်ခြင်းမရှိကြသော်လည်း မလိုလားအပ်သောပြဿနာများဖြစ်ပွားမည်ကို စိုးရိမ်၍ လမ်းပိတ်ဆို့မှုပြုလုပ်နေသည်ကို တားဆီးကန့်ကွက် ပြောဆိုမှု မပြုလုပ်ဝံ့ကြပါ။ နောက်နောင်ကာလကြာရှည်လာပါက လမ်းသွားလမ်းလာအများစုနှင့် လမ်းပိတ်ဆို့သူလူတစ်စုတို့ မလိုလားအပ်သောပြဿနာများ ဖြစ်ပွားကြမည်ကိုလည်း စိုးရိမ်မကင်း ဖြစ်နေကြရပါသည်။

သို့ဖြစ်ပါ၍ အများပြည်သူသွားလမ်းများကို မလိုအပ်ဘဲ အကြောင်းမဲ့ နှောင့်ယှက်ပိတ်ဆို့မှုပြုလုပ်သူများအား တရားဥပဒေအရ ထိရောက်စွာ အရေးယူပေးနိုင်ပါရန် အယ်ဒီတာမှတစ်ဆင့် တင်ပြအပ်ပါသည်။

လွိုင်ကော်မြို့နေ အေးချမ်းစွာနေထိုင်လိုသူပြည်သူတစ်ဦး။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံမတရား အသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာ နေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံ စိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေ ခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာ ဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ အရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

---

**မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အင်ဒိုနီးရှားနိုင်ငံနှင့် အရှေ့တီမောတို့တွင် သေဆုံးသူ ၁၀၀ ကျော် ရှိလာ**

စာ ၁၂

**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ စက်မှုဇုန်(၁) ဦးထွန်းညိုလမ်းရှိ Winco BAG (အိတ်ချုပ်စက်ရုံ) အား မီးရှို့ခဲ့သည့်ဖြစ်စဉ်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့သူများကို ပြစ်ဒဏ်အသီးသီး ချမှတ်**

စာ ၁၆

---

## ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ ဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲ ၃၂၆ တွဲကို မြန်မာငွေကျပ် ၃၉၂၂ သန်းကျော်ဖြင့် ရောင်းချနိုင်ခဲ့

နေပြည်တော် မေ ၄

ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ ဆဋ္ဌမနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကိုဗစ် - ၁၉ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ဆက်လက်ကျင်းပသည်။

ယနေ့နံနက် ၈ နာရီတွင် ရောင်းချပွဲ ပဉ္စမနေ့က အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့သည့် ကျောက်စိမ်းအတွဲအမှတ်(၁) မှ အတွဲအမှတ် (၄၅၀) အထိ အတွဲပေါင်း (၄၅၀) တွင် ကျောက်စိမ်းအတွဲ ၃၂၆တွဲ ကို မြန်မာငွေကျပ် ၃၉၂၂၆၉၇၃၁၁ ဖြင့် ရောင်းချနိုင်ခဲ့ကြောင်း ကြေညာခဲ့သည်။

ယခုရောင်းချပွဲ ဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲအမှတ်( ၄၅၁) မှ အတွဲအမှတ် (၉၀၀) အထိကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ရတနာကုန်သည်များက မဏိရတနာကျောက်စိမ်းခန်းမအတွင်း သတ်မှတ်နယ်မြေအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်း အတွဲများကို

စာမျက်နှာ ၉ ကော်လံ ၅ ❄



ခင်းကျင်းပြသထားသည့် ကျောက်စိမ်းများကို ရတနာကုန်သည်တစ်ဦး ကြည့်ရှုစစ်ဆေးနေစဉ်။

---



ဘိုင်ယန်မြူးနစ်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ယမန်နှစ် ချန်ပီယံလိဂ်ဖိုင်လုပွဲ ရှုံးကြွေးပြန်ဆပ်နိုင်ရန် ပထမအကျော့မှာ ပီအက်စ်ဂျီတို့ ဘိုင်ယန်ကို အသာရယူထားနိုင်မလား

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့အဖြစ် ပေါ်တူဂီကလပ် ပေါ်တိုအသင်းနှင့် ပရီမီယာလိဂ်ကလပ် ချယ်ဆီး၊ ဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းနှင့် ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ပွဲစဉ်ကို မေ ၈ ရက် နံနက် ၁ နာရီခွဲတွင် ဘိုင်ယန်မြူးနစ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အဆိုပါနှစ်သင်း နောက်ဆုံးထိပ်တိုက်တွေ့ဆုံခဲ့သည်မှာ ၂၀၂၀ ပြည့်နှစ်က ချန်ပီယံလိဂ်ပြိုင်ပွဲဖိုင်လုပွဲတွင်ဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းက ကိုးမန်း၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် ပီအက်စ်ဂျီအသင်းကို အနိုင်ရရှိခဲ့ကာ ချန်ပီယံလိဂ်ဖလားဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် ဘိုင်ယန်မြူးနစ်နှင့် ပီအက်စ်ဂျီအသင်းတို့ တွေ့ဆုံခဲ့သည့် နောက်ဆုံးသုံးကြိမ်တွင် သုံးကြိမ်စလုံး ဘိုင်ယန်မြူးနစ်အသင်းကသာ ပီအက်စ်ဂျီအသင်းကို အနိုင်ရရှိခဲ့သည်။

ထို့ကြောင့် ပီအက်စ်ဂျီအနေဖြင့် ဘိုင်ယန်မြူးနစ်နှင့်တွေ့ဆုံတိုင်း ရလဒ်မကောင်းတတ်သည့် အစဉ်အလာကို ယနေ့ပွဲစဉ်တွင် ချေဖျက်သွားနိုင်မလား ကြည့်ရှုရမည်ဖြစ်သည်။ လက်ရှိ အဆိုပါနှစ်သင်း၏ ခြေစွမ်းကို နှိုင်းယှဉ်ကြည့်လျှင် ဘိုင်ယန်မြူးနစ်အသင်းက ဘွန်ဒက်စ်လီဂါတွင် ၂၇ ပွဲကစားပြီး

စာမျက်နှာ ၉ ကော်လံ ၁ ●